www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| ထုတ်ဝေသည့်ကာလ | ထုတ်ဝေသူ |
|---|---|
| ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ | စိတ်ကူးသစ်စာပေ<br>ဦးတင်ထွန်း(၀၀၃၃၄) |
| မျက်နှာဖုံး<br>မြတ်မင်းသက် | မှူး ။ အမှတ်-၁၅၅၊ ပထမထပ်(ယာ)<br>ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| စာစီစာရိုက် / အပြင်အဆင်<br>ပေါ်ပေါ်(New Idea) | |
| ဖလင်<br>*Eagle* | အမှတ်-၂၉၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊<br>[illegible]မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၃၉၁၃၂၂၊ ၀၉၅၁၀၃၉၂၈၆ |
| ပုံနှိပ်တိုက်<br>***New Day Printing*** | အုပ်ရေ - ၅၀၀ အုပ် |
| ဦးသန့်ဇော်(၀၁၀၃၀) | တန်ဖိုး - ၂၀၀၀ ကျပ် |





www.burmeseclassic.com

www.burmeseclassic.com

# အာဖွင့်

အကယ်၍သာ...

သင်ချစ်မြတ်နိုးရသော ချစ်သူသည်...

မဆိုစကောင်း...ဆိုစကောင်း...

စုန်း၊ ကဝေ ပညာသည်...မိန်းမသား ဖြစ်နေပါက...

သင်...သူမကို ဇနီးမယားအဖြစ် လက်ထပ်ယူဝံ့ပါမည်လား...

စုန်းမချောလေးတစ်ဦးကို မခွဲနိုင်မခွာရက်

ချစ်ဇောတွေတက်ပြီး ချစ်မြတ်နိုးစွာ

လက်ထပ်ပေါင်းသင်းခဲ့သောသူတစ်ဦးရှိခဲ့ပါသည်၊

ထိုသူသည်...

ပင်ရက်စရာမရှိအောင် ချောမောလှပသည့်

စုန်းမလေးကို လက်ထပ်ရန်အစပြုတဲ့ အချိန်မှစ၍...

ဆိုးဝါးသော ကံကြမ္မာရိုက်ချက်များနှင့် လုံးထွေးရင်ဆိုင်

မှုဝေခံစားရသောအခါ...

သူသည်အချစ်ဆိုသောအရာကို)....

"စာပတ်ပရိသတ်ကြီးက နှစ်ခြိုက်စွာအားပေးဖတ်ရှုနေလျှင် ...
ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုစာပေ အစွန့်ရှည်နေမည်မှာ မုချ"

ယခုတစ်လော ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာပေဝတ္ထုများကို အသားလွတ် ရှုံ့ချအပြစ်ဆိုသူ အချို့ ခပ်တည်တည်ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် ချီးကျူး ရပါသည်။

ရှုံ့ချဝေဖန်သူအချို့သည် (ဂမ္ဘီရ) ဆိုသော စာသုံးလုံး၏ အဓိပ္ပာယ်ကိုမျှ ပြတ်သားရှင်းလင်းစွာ မပြောနိုင်သည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့ရပါသည်။

ဂမ္ဘီရ ... ဟူသော ပါဠိစကား အနက်အဓိပ္ပာယ်ကို သေချာစွာသိလိုပါ မူ ဆရာကြီးဦးဟုတ်စိန် (ဘီ၊အေ) ဂုဏ်ထူးစီစဉ်သော 'ပါဠိ၊ မြန်မာ အဘိဓာန်' စာမျက်နှာ(၃၅၉) ကိုပြန်လှန်ဖတ်ကြည့်ကြပါဟု မေတ္တာရပ်ခံ လမ်းညွှန်ရပါသည်။

အချို့ကတော့ သူကိုယ်တိုင် နားမလည်လို့ပဲလားမသိ။ 'တစ္ဆေ၊ သရဲ ဝတ္ထု' ဟု ပျစ်ပျစ်နှစ်နှစ် ပြောလေရဲ့။

မှန်တော့လည်း မှန်ပေသည်။ တစ္ဆေ၊ သရဲအကြောင်းရေးလျှင် တစ္ဆေ၊ သရဲ ဝတ္ထုဟု အလွယ်ပြောကြသည်ကိုး။ ဆိုက္ကားသမားအကြောင်းကိုရေးလျှင် ဆိုက္ကားသမား ဝတ္ထု၊ ပြည့်တန်ဆာအကြောင်းရေးလျှင် ပြည့်တန်ဆာ ဝတ္ထုဟု အလွယ်လေး ခပ်ပေါ့ပေါ့ ပြောကြတာပေါ့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အမှန်က ဘဝသရုပ်ဖော်ဝတ္ထုဟု ဆိုချင်တာ။

တစ္ဆေ၊ သရဲ ရှိ၊ မရှိ ကျွန်တော်အငြင်းအခုံ မလုပ်လိုပါ။

ဘာသာရေးစာပေနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ၊ ကိုယ်တွေ့ကြုံဖူးသူများကို မေးမြန်းလေ့လာကြည့်ပါ . . .။

မိမိမကြုံဖူးတာနဲ့ မရှိဘူးဟု အလွယ်မပြောလိုက်ပါနှင့်။ ယနေ့ အသုဘကိစ္စမှာ ဘာကြောင့် သက်ပျောက်ဆွမ်းပြုရပါသည်လဲ။ ဘာကြောင့် ရက်လည်ဆွမ်းကျွေး အမျှဝေရတာပါလဲ။

ကိုယ့်မိသားစု နာရေးကိစ္စမှာရော မလုပ်ခဲ့ကြဘူးလား။ ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့ဖူးပါသလား။ ဘာကြောင့်လုပ်ရသည်ကို တိတိပပသိလိုပါမူ သံဃာတော်အရှင်သူမြတ်ကြီးတို့ထံ လျှောက်ထားမေးမြန်းပါလေ။

ခက်သည်ကား၊ စာပေလောကမှာ သူတို့ကိုယ်သူတို့ ဆရာကြီး၊ ဆရာမကြီးဟု ထင်နေကြသည်လားမသိ။ ထဲထဲဝင်ဝင် မဖတ်ဖူး၊ မသိဖူးပါပဲ . . . ဝေဖန်ရေးမဆန်တဲ့ ပြစ်တင်အပုတ်ချတာမျိုး ပြောဆိုဆွေးနွေးကြသတဲ့။

ပြီးတော့လည်း သူတို့အချင်းချင်း၊ ဘုတ်ကို ကျီးကမြှောက်၊ ကျီးကို ဘုတ်ကမြှောက်နဲ့ ပင့်တင်နေကြသည်မှာ၊ ကြားရသူ၊ ဖတ်ရသူ ရှက်လိုက်ပါဘိ။ စာပေလောကကို ကြီးပွားတိုးတက် သန့်ရှင်းစေချင်သူကြီးက သူရေးတဲ့ ဘဝသရုပ်ဖော် ဝတ္ထုမှာ မဟုတ်မဟတ် အလွဲတွေ ခပ်တည်တည်ရေးခဲ့ပြီး၊ ခုမှ အရုက်ပြေ . . . သူမှားရေးမိတယ်လို့ ရှက်ကိုးရှက်ကန်း ဝန်ခံပြတော့ . . . ရယ်ချင်လိုက်တာနယ်၊ ပါးစပ်ဘရိတ်အုပ်ရလေရဲ့။

ဂမ္ဘီရနဲ့ စပ်လျဉ်းရင် . . . ပိဋကတ်တော်လာ နက်နဲသိမ်မွေ့သော တရားကြီးလေးပါးကို 'သုတေသနသရုပ်ပြအဘိဓာန်' မှာ ဖော်ပြထားပါတယ်။ အလွန်တန်ဖိုးကြီးပါတယ်။

လောကီ၊ လူ့နယ်မှာလဲ နက်နဲလှတဲ့ 'လောကီဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်' တွေရှိကြပါတယ်။ ဒီအကြောင်းတွေကို အသေးစိပ် ရေးမပြချင်တော့ပါဘူး။ ရေးတဲ့



စာပေသမားတွေ၊ ပညာရှင်တွေရှိပါတယ်။ လေ့လာချင်ရင် ရှာဖွေဖတ်ကြည့် သုံးသပ်ဝေဖန်ပါလို့ ပြောချင်ပါတယ်။

နောက်တစ်ချက်က . . .။

ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာပေနဲ့၊ ပရလောက ဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာဝတ္ထုစာပေက၊ တူမယောင်နဲ့ နည်းနည်းကွဲပြားမှုရှိနေတာကို ဂရုပြုလေ့လာရင် သိရပါတယ်။

စာပေဝေဖန်ရေးကို ကျွန်တော်ကြိုက်နှစ်သက်ပါတယ်။

ကြိုဆိုပါတယ်။ သို့သော် . . . စနစ်ကျတဲ့ ဝေဖန်ရေးကိုပဲ တန်ဖိုးထားပါတယ်။ သူတစ်ပါး ဝါသနာပါလို့ စိတ်ဝင်စားလို့ ရေးထားတဲ့စာပေကို မသိနားမလည်ဘဲနှင့် အသားလွတ် အပုတ်ချတာမျိုးတော့၊ အထင်မကြီးပါဘူး။ ကျွန်တော်တို့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထု၊ စာပေရေးသူများမှာလည်း အားနည်းလိုအပ်ချက်တွေ ရှိနေတာပါပဲ။

ဒီစာပေကိုဝေဖန်ချင်တယ်။ ထောက်ပြချင်တယ်ဆိုရင် . . . အဲဒီ စာပေ၊ ဝတ္ထု၊ ဆောင်းပါးတွေကို စေ့စေ့စပ်စပ်ဖတ်လိုက်ပါဦး။ ဖတ်ပြီးရင် အကျိုး၊ အပြစ်ကို ထောက်ပြဝေဖန်ကြပါ။ စနစ်တကျ ဝေဖန်ခွဲခြား စိတ်ဖြာပေးလိုက်ရင် . . . စာရေးသူရော စာဖတ်သူပါ များစွာအကျိုးကျေးဇူးရှိမှာလို့ ယုံကြည်မိပါတယ်။

ဂမ္ဘီရစာပေအမျိုးအစား၊ ပရလောက ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာပေများသည် ကျွန်တော်တို့ လူငယ်အရွယ်ကလည်း ဖတ်စရာ စာပေအဖြစ်၊ စာအုပ်အဖြစ် ရှိခဲ့ဖူးပါတယ်။ ယနေ့ထိလဲ ရေးနေကြဆဲပါ။ နောင်ကိုလည်း ရှိနေဦးမည်သာ ဖြစ်၏။

ယနေ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်နှင့် ပရလောကဖြစ်ရပ် ဝတ္ထုတို့သည် အပျင်းပြေ၊ အပျော်ဖတ်အနေနှင့်လည်း ရပ်တည်နေသည် ရှိသလို၊ တလေးတစား ဖတ်ရသည့် ဝတ္ထုစာပေအဖြစ်လည်း ဖြစ်တည်နေပါတယ်။

၎င်းစာပေ ခန့်ခန့်သန့်သန့် ရပ်တည်စေချင်ပါက စေတနာပါသော၊ စနစ်ကျသော ဝေဖန်ရေးနှင့် ဝေဖန်ပေးကြလျှင် ပိုမိုအကျိုးသက်ရောက်မှု ရှိမည်



www.burmeseclassic.com

www.burmeseclassic.com

ဟု မျှော်လင့်မိပါသည်။ သို့မဟုတ်ပါပဲ . . . ကိုယ်ရေးနေတဲ့ စာပေလိုင်းတစ်ခုကို တစ်နည်း ဝတ္ထုစာပေကို၊ အားပေးဖတ်ရှုသူ နည်းပါး၊ ဈေးကွက်မှာလည်း အရှုံးပေါ်၊ မျက်နှာပန်းမလှဖြစ်နေတာကို ကြေကွဲခံစားရပြီး စာဖတ်ပရိသတ် အနိုင်အမာရှိနေသေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာပေလောကကြောင့်လို့ မျက်စိမှိတ်၊ လက်ညှိုးထိုးကြရင်ဖြင့် . . . တစ်ဖက်သတ် မလွန်ပေဘူးလားလေ။ လူမှု မီဒီယာခေတ်ရဲ့ လွှမ်းမိုးမှုကြောင့် စာပေဖတ်သူ နည်းလာတာရော၊ မရှိပေဘူးလား။

လောကီမှာ မြဲမြံတယ်ဆိုတာ မရှိပါဘူး။

အားလုံးသင်္ခါရပါ။ ရွေ့နေကြတာပါ။

စာပေလောကမှာလည်း သူတက်၊ ငါဆင်း။ ငါဆင်း၊ သူတက်။ ရွေ့နေကြတာပါ။ စာပေလိုင်းလည်း အပေါ်ရောက်လိုက်၊ အောက်ဆင်းလိုက်ပါ။

မည်သည့်စာပေအကြောင်းအရာပဲရေးရေး ကိုယ်အားသန်ရာ၊ ဝါသနာပါရာကိုရေးပါ။ စေတနာလေးထားရေးကြပါ။ ပရိသတ်နှစ်သက် လက်ခံအောင် ရေးပါ။ အပြစ်နည်းအောင် ရေးကြပါ။

ပရိသတ် ဝေဖန်တာကို နားထောင်ချင်ပါတယ်။

စဉ်းစားကြရမှာက . . .။

ယနေ့စာပေလောကမှာ 'ငါ့ခေတ်' ရှိသေးရဲ့လားလို့ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်ပါ။ ဝေဖန်ကြည့်ပါ။ မနာလိုဝန်တို မစ္ဆရိယ စိတ်ကို ခဝါချလိုက်ပါ။ ကံကောင်းပါလိမ့်မည်။

အောင်မြင်ကျော်ကြားမှုဆိုတာလဲ တခဏတာပါဗျာ။

ဘယ်အရာမှ မမြဲပါဘူး . . .။

ကျွန်တော်တို့ကတော့ . . မည်သူ ဘာစာပေလိုင်းရေးရေး၊ မေတ္တာစိတ်နဲ့ ဖတ်ပါတယ်။ ဝန်တိုမနာလို မစ္ဆရိယစိတ်နဲ့ မဖတ်ပါဘူး။ သူ့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရေးနေတာပဲ။ အားပေးရမှာပါပဲ။ မကြိုက်ရင်တော့ မဝယ်တော့ပါဘူး။

ယနေ့အထိ စာစုံဖတ်ပါတယ်။

တွေ့သမျှ လက်လှမ်းမှီသမျှ ဖတ်ပါတယ်။

ဘာသာရပ် သီးသန့်မရွေးပါဘူး။



ဘဝသရုပ်ဖော်ဝတ္ထုနဲ့ ကဗျာတွေကို ကျွန်တော်လည်း ရေးဖူးခဲ့ပါတယ်။ ယနေ့ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတွေကို၊ စိတ်ဝင်စားလို့ ဖတ်ချင်စဖွယ်ဖြစ်အောင်၊ ရသခံစားလို့ရအောင် ကြိုးစားအားထုတ်နေဆဲပါ။

စာဖတ်သူကို ပျက်စီးစေသော လမ်းကြောင်းပေါ်သို့ . . . ကျွန်တော့်စာပေဝတ္ထုကြောင့် . . . ရောက်မသွားအောင်၊ မေတ္တာစိတ်၊ စေတနာစိတ်နဲ့ ရေးနေဦးမှာပါ . . .။

ကမ္ဘာမှာရော၊ မြန်မာမှာပါ လျှို့ဝှက်နက်နဲဆန်းကြယ်ဖြစ်ရပ်တွေ အများကြီးရှိနေပါတယ်။ ဒီအကြောင်းတွေကို လေ့လာရေးသားဦးမှာပါ။ စိတ်ဝင်စားစရာကောင်းတယ်။

ကျွန်တော်ရေးနေတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာအုပ်များ ဂန္ထဝင်တင်ကျန်ဖို့မလိုပါ။ အရေးကြီးသည်မှာ ကျွန်တော့်စာဖတ်ပရိသတ်အနေဖြင့် ရသတစ်ခုခု ခံစားကျေနပ်မှုရှိလျှင် ဝမ်းသာရမည်သာ။

ကျေးဇူးရှင်စာဖတ်ပရိသတ်က အားပေးဖတ်ရှုနေသမျှ ကျွန်တော်စာဆက်ရေးဦးမည် ဖြစ်ပါသည်။

အားပေးသူ စာဖတ်ပရိသတ်လည်းမရှိ၊ ထုတ်ဝေပေးမည့်သူလည်း မရှိပါလျှင် စာဖတ်သမားအဖြစ် ကျွန်တော် ရှင်သန်နေဦးမည်ဖြစ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# ၁

ဇူလိုင်လထုတ် ဂမ္ဘီရလောကမဂ္ဂဇင်းမှာ 'မျက်ရည်ပြိုင်'ဆိုတဲ့ ဝတ္ထုတို တစ်ပုဒ် ရေးခဲ့ပါတယ်။

စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာ၊ ပြဇာတ်မင်းသား နောက်ဆုံး ... တိုင်းရင်းဆေးဆရာ၊ ရှင်ဥပဂုတ္တ ကုသိုလ်ရှင် ဆရာလေးမင်းကြည်လှိုင်ရဲ့ ကိုယ်တွေ့ ဆေးဆရာဘဝအကြောင်းကိုပေါ့။

ဒီတုန်းက ဆရာတွေစကားဝိုင်းဖွဲ့ရင်း ပြောပြလို့ သိရတဲ့ဇာတ်လမ်း ပေါ့။

ဆရာခါး။

ဆရာရိုက်ကြီး။

ဆရာမင်းကြည်လှိုင်။

ဆရာဦးဝင်းမော်(သန့်လျင်)

ဆရာဦးစောစံထွန်းတို့ ... ငါးဦး။

ဆရာခါးက ... သူနဲ့ စုန်းမလေး မြတ်နိုးရှင်တို့ ချစ်သူဖြစ်ခဲ့ရပုံကို အစ သာပျိုးပြီး၊ အဆုံးမသတ်ခဲ့ဘူးကို။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေ အရမ်းစိတ်ဝင်စားသွားကြတဲ့ဇာတ်လမ်း။

စာရေးဆရာ ကျွန်တော်လည်း ကြားချင်တဲ့ဇာတ်။

ပြီးခဲ့တဲ့ စကားဝိုင်းမှာ ဆရာလေးမင်းကြည်လှိုင်က သူ့ရဲ့ မျက်ရည်ပြိုင် ဇာတ်လမ်းကို ပြောပြခဲ့တာ။

ဆရာခါးက... သူနဲ့စုန်းမလေးမရှင်အကြောင်း နောင်မှပြောပြမယ်လို့ ဆိုခဲ့သကိုး။

အခု... ဆရာလေးမင်းကြည်လှိုင်အကြောင်းရေးတဲ့ ဝတ္ထုကို ဆရာခါး ထံ ပေးဖတ်လိုက်တော့ ...။

ဆရာခါး အတော်သဘောကျသွားတယ်ဗျ။

‘‘သူ ... စိတ်ထိန်းနိုင်သားပဲကိုး’’

‘‘ဆရာစိတ်ပေါ့နော် ... ဆရာခါး’’

‘‘ဟုတ်တာပေါ့။ စည်းစောင့်တဲ့ဆေးဆရာ စိတ်ဓာတ်ခေါ်တာပေါ့။ သီလကောင်းရင် ဆေးစွမ်းတာပဲကွ ...’’

‘‘ဆရာခါး’’

‘‘ဘာလဲ မောင်မိုင်း’’

‘‘ပြီးခဲ့တဲ့ စကားဝိုင်းတုန်းက ဆရာခါးပြောခဲ့တာ ရှိတယ်လေ’’

‘‘ငါ ... ဘာပြောလို့တုံး။ မောင်မိုင်းရ’’

‘‘စုန်းမလေး မြတ်နိုးရှင်နဲ့ ဆရာခါးတို့ ချစ်သူဖြစ်ခဲ့တဲ့ အကြောင်းလေ’’

‘‘ဩော် ... ဒီကိစ္စလား’’

‘‘ဟုတ်တာပေါ့ဗျာ။ ကျွန်တော် ဝတ္ထုရေးချင်လို့ပါ။ ဆရာခါးရာ ပြောပြပါလား ဟင် ...’’

ဆရာခါး ... မျက်နှာမှိုင်းသွားတယ်ဗျာ။

ကျွန်တော်မေးတာ မှားများသွားလို့လား။

ဆရာခါး မျက်နှာမှာ တိမ်ရိပ်တွေဆင်လို့။

ရွာတော့မယ့် မိုးများလား။

ဆရာခါး ... လွမ်းဝေသီတဲ့ မျက်လုံးတွေနဲ့အဝေးကို ငေးကြည့်နေတယ်ဗျာ။ အတန်ကြာ သူ ... စကားမပြောဘူး။





ခဏနေတော့ ... တံတွေးမြိုချသံ ကြားရတယ်။

ပြီး ... ထိုင်ရာကနေ၊ လေးလေးတွဲ့တွဲ့ထ,ပြီး သံသေတ္တာတစ်လုံးကို ဖွင့်လိုက်တယ်။

ဓာတ်ပုံတစ်ပုံကို သေတ္တာအဖုံး အတွင်းအံ့ထဲက ထုတ်ယူပြီး ... ကျွန်တော့်ကိုပြလိုက်တယ်။

ပို့စကဒ်ဆိုက် ဓာတ်ပုံတစ်ခု။

ဆံထုံးကို ပိုက်အနက်ကလေးအုပ်ပြီး ပြုံးနေတဲ့ အမျိုးသမီးတစ်ဦး။ အလို ... လှလိုက်တာနှယ်။

နေပါဦး။ ဘယ်သူနဲ့တူပါလိမ့်။

ဟင့်အင်း ...။

ဓာတ်ပုံထဲက အမျိုးသမီးက ရုပ်ရှင်မင်းသမီးချောတာထက်၊ သူမက ပိုချောတယ်ဗျ။

ပြုံးနေပုံလေးက စိတ်ချမ်းသာလိုက်တာ။

မြင်ရသူ ရင်ထဲမှာ သောကမဲ့ပန်းတွေ ... အနိုင်လိုက်ပွင့်ပုံမျိုးခင်ဗျ။ ပမာပြုရရင် ...။

ရုပ်ရှင်မင်းသမီး ချစ်သုဝေပြုံးတဲ့ အပြုံးမျိုးဗျာ။ အသက်ခန့်မှန်းရတာ တော့ (၁၇–၁၈) နှစ်ခန့်တော့ ရှိမဲ့ပုံဗျ။ ကိုယ်လုံးကိုယ်ပေါက်လည်း ခါးသေးရင်ချီ လေး။

‘‘ဆရာခါး သူကဘယ်သူလဲဟင်’’

‘‘မရှင်လေ’’

‘‘မရှင် ဟုတ်လား။ ဘယ်က မရှင်တုံး ဆရာခါးရဲ့’’

‘‘ငါ့ရဲ့ မြတ်နိုးရှင်ပေါ့ကွာ’’

‘‘ဟင် ... ဆရာပြောတဲ့ ဟို ... ဟို ... ဒင်း’’

‘‘စုန်းမလေး မမြတ်နိုးရှင်ပေါ့။ မောင်မှိုင်းရာ’’

www.burmeseclassic.com

www.burmeseclassic.com



# ၂

''မြတ်နိုးရှင်ဆိုတဲ့အမည်က သူ့မနာမည်အရင်းမဟုတ်ဘူးကွ။ သူ့ကို ချစ်မြတ်နိုးလွန်းလို့ သီးသန့်ငါမှည့်ထားတဲ့ ... နာမည်ကွ''

''ဩော် ...''

''သူမရဲ့နာမည်အရင်း၊ အစစ်အမှန်က အေးမြရှင်တဲ့''

''အေးမြရှင် နာမည်က လှ လှချည်လား''

''လူကရော မလှ၊ မချောလို့လား။ ငါ့ညီရာ''

''အရမ်းမိုက်ပါပေတယ်။ ဆရာခါး ... ဒါနဲ့ ...''

''ဆရာ့ရဲ့မြတ်နိုးရှင်(ခေါ်)မအေးမြရှင်ရော ရှိသေးလား ဆရာခါး''

''ပြောပြမယ်။ စာရေးဆရာ မင်းစာရေးချင်ရေးပါ။ ဒါနဲ့ မောင်ရင်'စုန်း' ကို မြင်ဖူးလား''

''မြင်ဖူးတယ် ဆရာခါး''

''ဘယ်လိုပုံသဏ္ဍာန်လဲ ... ပြော''

''ဆံပင်ဖားလျားနဲ့ဗျ။ ခါးကုံးကုံးအဖွားကြီး လမ်းသွားရင် တောင်ဝှေး ရှည်ကြီး ထောက်ကိုင်ပြီး သွားတာဗျ။ ကျွန်တော်တို့အမေများကတော့ အမေကြီး လို့လည်းခေါ်တယ်။ မယ်တော်ကြီးလို့လည်း ခေါ်တယ်ဗျ''





''အခု ... မယ်တော်ကြီး ရှိသေးလား''

''သေသွားတယ်ဆိုလား ပြောတာပဲဗျ''

''စုန်းရှိတဲ့ရွာရော၊ ရောက်ဖူးလား''

''ရွာတော့သိတယ်။ မရောက်ဖူးဘူး''

''မင်းတို့စုန်းရွာက ဝေးလား၊ နီးလား''

''သိပ်မဝေးဘူးဗျ။ မော်တော်နဲ့သွားလည်း ရောက်တယ်။ ကုန်းလမ်းက သွားလည်း ရောက်တယ်''

''စုန်းမနဲ့ရော ကြုံဖူးလား''

''ကျွန်တော့်အသိ အသံတုဝိဇ္ဇာ ကိုရဲမြင့်လေးတော့၊ စုန်းမမြွေနဲ့တိုက်လို့၊ သေမလို ဖြစ်ခဲ့ဖူးတယ်။ နန်းဦးဆရာတော်ဘုရားကြီးကယ်လို့ သေမလို အဖြစ်ကနေ ပြန်အသက်ရှင်လာတာတဲ့။ ကိုရဲကိုယ်တိုင် ပြောပြတာခင်ဗျ''

(မှတ်ချက် ။ ။ ထိုအကြောင်းကိုကျွန်တော်ဂမ္ဘီရလောကမဂ္ဂဇင်းမှာရေးသား ခဲ့ပြီးဖြစ်ပါသည်။)

''ပညာသည်စုန်းမရော မြင်ရသတဲ့လား''

''မြင်ရတယ်။ လူအများ (မျက်လှည့်ဝိုင်း) ရှေ့မှာ စုန်းမက မြွေဆိပ်ကို ပါးစပ်နဲ့စုပ်ပြီး၊ ထွေးပြီး ကုပေးတာတဲ့။ ကိုရဲ အသက်မသေခဲ့ဘူး။ ခုထိရှိသေး တယ်''

''စုန်းမက မင်းဆရာကိုရဲကို ဘာလို့ပြုစားတာလဲ''

''မျက်လှည့်ဆရာကိုရဲက ကြွားလို့တဲ့။ သူတို့နယ်မှာ ဆရာဂုဏ်ပြလွန်း လို့တဲ့။ ကျောင်းမှန်း၊ ကန်မှန်း သိရအောင် လုပ်လိုက်တာတဲ့ဗျာ''

''အေး... ဒါလည်း ဟုတ်နိုင်တာပဲကွ။ အချို့သော စုန်း၊ ကဝေ၊ ပညာ သည်တွေက ... သူတစ်ပါးကို ကြည့်မရလို့ ပြုစားတယ်။ အချို့ကတော့ ... ပညာလာပြိုင်လို့ အသေလုပ်လိုက်တာ။ အချို့သော စုန်းမတွေကျတော့ နောက် ပြောင်ချင်လို့ လုပ်တာ၊ ပြုစားတာ။ အချို့ကျတော့ လူစိမ်း ယောက်ျားလေးကို ချစ်လို့၊ လိုချင်လို့ ပြုစားတာ ဆေးခပ်တာ မကောင်းမှုနဲ့စီရင်လိုက်တာ။ အချို့ က ... တစ်မျိုးလုံး စုန်းချည်းပဲကွ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား''

''အချို့က တစ်ရွာလုံးစုန်းကွ''

''စာရေးဆရာ ကိုတာတေရေးတာ ဖတ်ဖူးတယ်ဗျ''

''ထူးဆန်းတာ ရှိသေးသကွ ...''

''ဘယ်လိုဆန်းတာတုံး ဆရာခါးရဲ့''

''အချို့အရပ်က တစ်ရွာလုံး စုန်းတတ်တယ်။ ရွာထဲ လူစိမ်းအဝင်မခံဘူး။ လူစိမ်းတို့၊ ဆရာတို့၊ ပညာတူတို့၊ သူတို့ရွာထဲဝင်လာရင် ... ပညာနဲ့စီရင်ပြီး အဆုံးစီရင်တာကွ ...''

''ဟုတ်လား''

''ငါတွေ့ဖူးတာရှိသကွ။ တစ်ရွာလုံးစုန်းချည်းပဲပေါ့။ ဒါပေမယ့်ဘယ်သူမှ မပြုစားဘူး။ သူတို့ချင်းပဲ၊ ပညာကိုသုံးတာ။ သူတို့ချင်းပဲ တိုက်ကြ၊ ခိုက်ကြတာကွ ...။ အချို့ကျတော့ တစ်ရွာလုံးမှာ ... မျိုးနွယ်တစ်စုပဲ တတ်ကြတယ်။ သူတို့ရဲ့ စုန်း၊ ကဝေ ပညာကို ဆွေစဉ်မျိုးဆက်ပဲ လက်ဆင့်ကမ်း သင်ပေးတယ်။ သူတို့နဲ့ ဆွေမျိုးတော်စပ်တဲ့၊ လင်ယူ၊ မယားယူ ဘဝတွေကိုပဲ ပညာတက်ပေးတယ်။ သူတို့ပညာ မျိုးတူချင်းပဲ ပေးစားထိမ်းမြားကြတယ်။ ပညာမျိုးတူမဟုတ်ရင် မပေးစားကြဘူး။ သူစိမ်းကိုပြုစားတာမျိုးမရှိဘူး။ ပြုစားစီရင်,ရင်လည်း မျက်ရည်ပေါက်ကြီးငယ် သုံးကြိမ်ကျမှ၊ ဒါမှမဟုတ် ဆွေမျိုး၊ မိတ်သင်္ဂဟ အများကြားမှာ အရှက်ကွဲခံရ၊ အလိမ်အညာခံရမှ၊ သူတို့ပညာတွေ မျိုးရိုးဂုဏ်တွေကို ထိပါး၊ စော်ကား တိုက်ခိုက်မှသာ၊ ရက်ရက်စက်စက် ပညာအသုံးပြု တုန့်ပြန်ကြတာ မောင်မှိုင်းရ ... ငါကိုယ်တွေ့ကြုံခဲ့ရတာက မိသားစု စုန်း၊ ကဝေမျိုးထဲက မိန်းမပျိုတစ်ယောက်နဲ့ ချစ်သူ၊ ရည်းစား ဖြစ်ခဲ့မိတာပဲကွ။ အဲဒီမှာ ပြဿနာ တက်တော့တာပဲ''




ငါကာလသားကြီးဖြစ်တော့၊ စပါးအဝယ်တော် ဖြစ်နေပြီကွ။ ငါ့လူသိထားဖို့က ... ခုမှ ငါ့နာမည် 'ဆရာခါး' ဖြစ်သွားတယ်။

အရွယ်ကောင်း လူပျိုတုန်းက ငါ့နာမည်က ...။

အောင်ပါစေ ... တဲ့။

ကိုအောင်ပါစေ ပေါ့ကွာ ...။

တို့များမြို့ဘုရားပွဲကို အလက်ာကျော်စွာ ရွှေမန်းတင်မောင် ဇာတ်လာကတော့၊ ငါ့အမေက ငါကိုယ်ဝန် နေ့စေ့၊ လစေ့ကြီးလွယ်ပြီး ရွှေမန်းတင်မောင်ရဲ့ပွဲကြည့်တာတဲ့ကွ။ အမေက ပွဲကြိုက်တာကိုး။

ရွှေမန်းတင်မောင်ဇာတ်မှာ မင်းသားရွှေမန်းတင်မောင်ဆိုတဲ့ သီချင်းက (အောင်ပါစေ) တဲ့။

မင်းတို့လည်း ကြားဖူးမှာပေါ့။

''... အောင်ပါစေ ... သပြေနှခက်ဝေ ... ဖေယျတု အတွက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေချမ်းလောင်းလို့၊ တောင်းဆုပန္နာချွေ၊ မြန်မာမြေ အမိုပြုတဲ့
လူထုအားလုံး ကျန်းမာ၊ ချမ်းသာစေ''

အဲဒီသီချင်းကွာ။ ရွှေမန်းဦးတင်မောင်ရဲ့ နာမည်ကြီးသီချင်းပဲ။ မင်းသားကြီးက အောင်ပါစေသီချင်းဆိုပြီး မေတ္တာပို့၊ နှစ်ပါးအက, ကနေတုန်းမှာပဲ၊ ငါ့အမေ ကိုယ်ဝန်ဗိုက်နာပြီး၊ ပွဲခင်းထဲတွင် အရေးပေါ် မီးဖွားပါရော။ ရွှေမန်းဦးတင်မောင် တောင် ခေတ္တ အက, ရပ်ပေးရတယ်ဆိုပဲ။ လက်သည်က ပွဲခင်းထဲရှိနေတော့၊ စောင်တွေကာပြီး မီးဖွားလိုက်တာ။ မွေးတော့ ယောကျ်ားလေးဖြစ်လို့ ပရိသတ်တွေရော ရွှေမန်းဦးတင်မောင် ဇာတ်အဖွဲ့ကော ဝမ်းသာလွန်းလို့ မီးနေစရိတ် အသုံးငွေ လာကူညီကြ။ ပရိသတ်တွေရော ဆိုင်းဆရာတွေက ဝမ်းသာအားရ ငွေစက္ကူတွေ လာချီးမြှင့် ကူညီကြတာတဲ့ဟေ့ ...။

ဒီမှာ လူရွှင်တော်ကြီး တစ်ဦးက ...။

''မင်္ဂလာရှိတဲ့ သန်းခေါင်ကျော် အချိန်ပါပဲခင်ဗျ''

''ဟုတ်ပဗျာ ...''

''မင်းသားချော အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၊ အောင်ပါစေ သီချင်းနဲ့၊ မေတ္တာပို့ သီဆိုက, နေတုန်း၊ ပွဲကြည့်ပရိသတ် နှမလေး သား တစ်ယောက် မီးဖွားသကိုးဗျာ နော် ...''

''ကျက်သရေ ရှိလိုက်ပါဘိ ကိုအောင်ငွေရေ''

''ဒါကြောင့် ... ကောင်းတဲ့အတိတ်ကောက်ရင် အရိပ်နောက်မှာ၊ အရောင်လာတာမို့၊ ကျွန်တော်တို့ ရွှေမန်းဇာတ်အဖွဲ့ လူရွှင်တော်ကြီးများက၊ မီးဖွားပြီးစ သားငယ်၊ မြေးငယ်လေးကို 'မောင်အောင်ပါစေ' လို့ အမည်ပေးလိုက်ပါရဲ့ ခင်ဗျား ...''

ငါ့လူ စာရေးဆရာရေ။

ပွဲခင်းတစ်ခုလုံး လက်ခုပ်သံကို ညံလျှံသွားသတဲ့ဟေ့။

အဲဒီက စပြီး ... ငါ့နာမည် 'မောင်အောင်ပါစေ' လို့ အမည်တွင်သွားတာပဲ။ ငါ့မိဘများလည်း စီးပွားရေးလုပ်ငန်းများ၊ အောင်မြင်ခဲ့လိုက်တာ လူ့နိုင်၊ တန်းနိုင်တဲ့ အခြေအနေ ရောက်လာခဲ့တယ်ကွာ။





ဒီလိုနဲ့ ငါလည်းအရွယ်ရောက်။

တက္ကသိုလ်ဝင်တန်းအောင်တော့၊ တက္ကသိုလ်သွားရမှာ ငါစိတ်မပါဘူးကွာ။ ငါအလုပ်လုပ်ချင်တယ်။ ဒါနဲ့ ဖက်စပ်ဆန်စပါး ရောင်း၊ ဝယ် ကုမ္ပဏီမှာ ငါအဝယ်တော် အလုပ်ရခဲ့ပါရော။

အဝယ်တော်ဖြစ်လာတော့၊ ကိုယ့်ရှေ့က စီနီယာအဝယ်တော်ကြီးတွေ နောက်ကလိုက်ပြီး၊ တပည့်ခံ ပညာယူပြီး ... ရွာတွေ၊ နယ်တွေ စုံအောင်ဆင်းရတယ်။

အဝယ်တော်ဆိုတာ၊ ဆန်စပါးအကြောင်းစုံ နားလည်ရတယ်။ ကမ္ဘာ့ပေါက်စျေး၊ မြန်မာ့ပေါက်စျေး သိရတယ်။

အဝယ်ပြိုင်တွေရဲ့ အထာကို ကြည့်တတ်ရတယ်။

စပါးရောင်းချင်တဲ့ လယ်သမား ကိုယ့်ဘက်ပါလာအောင် ပုံတို၊ ပတ်စတွေ၊ ရယ်စရာတွေ၊ အားကျချင်စရာတွေကို ပြောတတ်အောင် သင်ယူရတယ်။ လေ့လာရတယ်။ သူတို့ကြိုက်တဲ့ လက်ဆောင်ကို ပေးတတ်ရတယ်။

ဒီလိုနဲ့ ... အဝယ်တော်ဆရာကြီးတွေနဲ့ တစ်နှစ်ကျော်ကျော် လိုက်ပါ၊ လုပ်ဆောင် သင်ယူလိုက်တာ၊ ငါ့ကို မျက်နှာလွှဲလို့ရတဲ့ အဆင့်အထိ ယုံကြည်မှု ရခဲ့တယ်ကွ။

www.burmeseclassic.com

www.burmeseclassic.com




မောင်မှိုင်းရ ...

မင်းသိအောင်ပြောရရင်၊ ငါလူပျိုတုန်းက လူချော၊ လူဖြောင့်လို့ အသိအမှတ်ပြုခံရတာကွ။

ဆယ်တန်းလည်း အောင်ပြီးပြီကွာ။

အင်္ဂလိပ်လိုလည်း ပြောတတ်ပြီကွာ။

အတွက်အချက်လဲ ငါက နားလည်သကွာ။

ဆရာတွေရဲ့ သင်ပြမှုကြောင့် ပွဲကျအောင်လည်း ပြောတတ်ပြီ။ စိတ်ဝင်စားအောင်လည်း ပြောတတ်ပြီ။ သတင်းစာနေ့တိုင်းဖတ်တော့၊ တိုင်းရေး၊ ပြည်ရေး၊ ကမ္ဘာ့အရေးလဲ ... သူများထက် ပြောတတ်ပြီကွာ ...။

လယ်သမားတွေ၊ ယာသမားတွေ၊ လယ်ပိုင်ရှင်တွေ၊ ပွဲစားတွေနဲ့လည်း ခင်မင်အောင် ပေါင်းတတ်တော့ ငါ့မှာ အသိမိတ်ဆွေ များမှ၊ များပဲ။

ဘယ်ရွာရောက်ရောက် စားအိမ်ချည်းပဲ။

မိန်းကလေးပိုင်းက ငါ့ကိုပိုခင်တွယ်ကြတယ်။





ငါများ ... ရွာထဲ၊ လယ်တလင်းထဲ ဝင်လာတာမြင်ရင် အော်ကြပါပြီဗျာ။

''အစ်ကိုကြီး အောင်ပါစေ လာသတဲ့ဟေ့ ...''

''ကိုကြီးအောင် ညီမလေးမှာလိုက်တဲ့ ပေါင်ဒါဗူးပါလားဟင် ... ဟင်လို့''

''ပါ ... ပါတယ်သတဲ့ဗျာ ... ဟောဒီမှာ ...''

''ဝေး ... ဒါမှ ... တို့ကိုကြီးအောင်ဟေ့''

''တော့် ... ကိုရင်အောင်ပါစေ''

''ဗျာ ... ဗျာ''

''ကျုပ်မှာလိုက်တဲ့ လက်သည်းညှပ် ကပ်ကြေးလေး ... သတိတော့ ရမှာပေါ့နော် ...''

''အစ်မကြီးမြ ...။ ဟောဒီမှာ ... လက်သည်းညှပ်တဲ့ ကပ်ကြေး။ ဟောဒါက ... အစ်မကြီးမြအတွက် ကလစ်ပါဗျာ''

''အေး ... ငါ့မောင်လေးက တော်သဟေ့။ ငါ့အတွက် ကလစ်ပါဝယ်လာတယ်တော့ ...။ ဒီကုသိုလ်၊ စေတနာတို့ကြောင့် ... ငါ့မောင်လူချော၊ လူသန့်၊ လူတော်ကလေး လင်ကောင်း၊ သားကောင်း ရပြီး၊ သား၊ မြေး၊ မြစ်များနဲ့ ...''

ဒီမှာ မိန်းမတစ်ဦးက အော်ပါရော။

''အပျိုကြီး''

''ဟဲ့ ... ဘာတုန်း။ လန့်လိုက်တာအေ ... ဆုပေးတာ ...''

''အပျိုကြီး ရှင်ပေးတဲ့ဆုက ပြောင်းပြန်ကြီးဖြစ်နေတယ်။ အပျိုကြီးရဲ့''

''ဟေ ... ဘယ် ဘယ်လို ပြောင်းပြန်ဖြစ် ဖြစ်''

''တော် ... ဆုပေးရမှာက ... ငါ့မောင်လူချောလေး မယားကောင်း၊ မယားသန့်၊ မယားချောလေးနဲ့ ညားပြီး... သားသမီး အယောက်နှစ်ဆယ်ကျော် မွေးပါစေလို့ ဆုပေးရမှာရှင့် ...''

''အေးလေ။ ခု ... ငါက ဘာမှားပေးလို့တုန်း ...''



www.burmeseclassic.com

www.burmeseclassic.com



''တော် ... ကိုအောင်ပါစေကို ဆုပေးနေပုံက ငါ့မောင်လေး၊ လူချော၊ လူသန့်လေး လင်ကောင်း၊ သားကောင်း ရပါစေ ... လို့ ပေးနေတာတော်ရေ''

''ဟေ ...''

အပျိုကြီး ကျုပ်ရဲ့မျက်နှာကို အလွန်အားနာတဲ့ မျက်လုံးနဲ့ကြည့်ပြီး၊ ဘာပြောရမှန်းမသိ ဖြစ်နေတုန်းမှာပဲ ...။

''အပျိုကြီးရဲ့ ရှင်နဲ့တွေ့မှပဲ ကျုပ်တို့မောင်ကြီး ဂန်ဒူးနဲ့ညားရမယ်ပေါ့တော် ... အပျိုကြီးတို့လုပ်လိုက်ရင် အမြဲတန်း သောက်တလွဲပဲ။ ဒါကြောင့် တော်လင်မရတာ ရှင်ရေအဟိ။

''ဝါး ဟား ဟား ဟား ...''

''အဟီး ... အဟတ်''

''ဒါတောင် အပျိုကြီးက သားရှင်ပြုချင်သတဲ့အေ့''

''ဘယ်လင်က ယူမှာမို့ သားရှင်ပြုမှာလဲ။ လုပ်ချင်းလုပ်။ ကိုယ့်ဖာသာ သီလရှင်ဝတ်လိုက်တာကမှ သေရင် ကုသိုလ်ရဦးမယ်။ ဒီလို သောက်တလွဲတွေချည်း ပြောနေရင်တော့ ဘုန်းကြီးလူထွက် ကိုဘယာကြော်နဲ့ပဲ ညားမှာဟေ့။ အဟတ် အဟတ်။

အပျိုကြီး ဘာမှပြန်မပြောနိုင်ဘူး။

ငါ့ကို အားနာတဲ့မျက်လုံးနဲ့ တစ်ချက်ကြည့်ပြီး အပျိုအုပ်၊ ရွာသူအုပ်၊ အပါးကနေ ... လစ်သွားပါရောဟေ့။

ဒီမှာ ကာလသားခေါင်း ကိုငတင်ကြီးက ...။

''ကိုအောင်ပါစေ ...''

''ဘာတုန်း ... ကိုငတင်ကြီး''

''ဘုန်းကြီးလူထွက် ကိုဘယာကြော်ကိုသိလား''

''မသိဘူးဗျ။ ဘာဖြစ်လို့လဲ ကိုငတင်ကြီး''

''ကိုဘယာကြော် ရွာဦးကျောင်းမှာ တစ်နှစ်ရဟန်းဝတ်တယ်ဗျ။ တနေ့ ဥပုဒ်မှာကျောင်းထိုင်ဆရာတော်က... သူ့တပည့်ဦးဇင်းဘယာကြော်ကိုပွဲထုတ်တယ်။ ငါမအားလို့ ငါးပါးသီလ ပေးလိုက်စမ်း ဘယာကြော်တဲ့ ...။

''ပေးတော့ ...''





''ငါးပါးသီလပေးတာရယ်။ ပါတာတိပါတာ ပြီးတော့၊ အဒိန္နဒါနာ လာရမှာကို သူရာမေရယ ဝင်လိုဝင်၊ ကာမေသု မိစ္ဆာစာရာ ဝေယမဏီ သိက္ခာပဒံပြီးရင် မုသာဝါဒါ ဝင်ရမှာကို မေ့နေတော့ ... အစပါဏာတိပါတာ ပြန်ကြော့ဝင်ပြန်ပါရောဗျာ။ နောက်ဆုံး... သီလယူတဲ့ ပရိသတ်က ငါးပါးသီလကို တစ်ကြောင်းတိုင်ပေး ဦးဇင်းဘယာကြော်က လိုက်ဆိုနဲ့ ... ကျောင်းထိုင်ဆရာတော်လည်း သိရော။ ဥပုဒ်နေ့ မွန်းလွဲပိုင်းမှာ ဦးဇင်းဘယာကြော်ကို၊ လူဝတ်လဲပေးပြီး၊ ငါးပါးသီလမှ အလွတ်မရရင်၊ ငါ့ကျောင်းဝန်းထဲ၊ လုံးဝခြေမချနဲ့လို့ တစ်ချက်လွှတ်ပြော ... မောင်းထုတ်ခဲ့ရတယ်။

''တကယ့်လူပဲနော် ...''

''ဘုန်းကြီးလူထွက် ကဘောက်တိ ကဘောက်ချာနဲ့ အပျိုဟိုင်း အမွေးထူ မယ်မြ သောက်တလွဲနဲ့ ... ပေးစားရင် ... ဘယ်လိုကလေးတွေ မွေးလာမလဲဟင် ကိုအောင်ပါစေ''

''ဟား ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား ဟား ... ကဘောက်တိ ကဘောက်ချာနဲ့ သောက်တလွဲနဲ့ညားမွေးရင် အူတူတူနဲ့၊ တောက်တီး၊ တောက်တက်တို့ မွေးမှာသေချာတာပေါ့... ကာလသားခေါင်းရာ။ ဟား ဟား ဟား ဟား ဟား''

''အဟတ် အဟတ် အဟတ် အဟတ်''

''ရွာပျက်မဲ့ကိန်းပဲဟေ့ နော်''

''ဝါး ဟား ဟား ဟား အပျိုကြီးမယ်မြသာ ပြန်ကြားရင်၊ ငါတို့အားလုံး အတုတ်ခံရပြီသာ မှတ်တော့ဟေ့ ... အဟတ် အဟတ် အေ့ ... အဟွတ် ... အဟွတ် အူး''

ငါရောက်လေရာရွာက လူငယ်၊ လူရွယ်တွေ အစ်မ၊ နှစ်မအရွယ်တွေဟာ ငါ့ကို တယ်ခင်ကြတာပဲကွ။ ပြောရရင်တော့ကွာ စပါးအဝယ်တော် ကိုအောင်ပါစေဆိုရင် သိကြ၊ ခင်ကြ၊ ကျွေးကြ၊ မွေးကြပဲ စာရေးဆရာရေ။

www.burmeseclassic.com

www.burmeseclassic.com



## ၅

ဟော ... နဖူးစာ ရွာလည်းချင်တော့ ... ။ ကြည့်ဟော့ ... ငါ ထူးခြားတဲ့ ရွာကြီးတစ်ရွာကို ရောက်ခဲ့တယ်။

ရွာနာမည်က ခပ်ဆန်းဆန်းပဲ စာရေးဆရာရေ။ 'စွဲမိရွှေဘဝင်' ကျေးရွာတဲ့ဗျာ။

''ရွာနာမည်က မိုက်လှချည်လား ဆရာခါး''

''ရွာထဲက အပျိုတွေက ပိုအမိုက်စား ငါ့လူရေ''

''တစ်ရွာလုံး ချောလို့လားဗျ''

''သွားခေါ်၊ မျက်စိစွေ၊ ဖင်ပိန်၊ နှာပြား လုံးဝမရှိတဲ့ရွာ ... ငါ့လူရေ။ ငါ့လူစာရေးဆရာ ယုံရဲ့လား''

''မယုံဘူးဗျာ ...''

''အေး ... မယုံတဲ့လူကို အဲဒီ 'စွဲမိရွှေဘဝင်ရွာ' လိုက်ပို့ချင်ပါရဲ့ကွာ။ အဲဒီရွာက ရွာသူတစ်ဦးကို ချစ်မိ၊ ကြိုက်မိရင်၊ ငါ့လူအဲဒီရွာက လုံးဝပြန်ချင်တော့မှာ မဟုတ်ဘူး။ မပြန်ချင်တဲ့ အတွက်လည်း၊ ငါ့လူသေရင် လုံးဝ ဘဝကူး မကောင်းတော့ဘူးသာမှတ်တော့ စာရေးဆရာ''

''စာဆိုလှချည်လား ဆရာခါးရ ဘာဖြစ်လို့ပါလိမ့်ဗျာ''





''ရွာသူတွေတိုင်း ချောလို့ ...''

''ချောတာကို ယူမိလို့ ဘဝကူးမကောင်းတာလား။ အဓိပ္ပာယ်မရှိလိုက်တာ''

''အဓိပ္ပာယ်ရှိတယ် စာရေးဆရာ''

ဆရာခါး (ခေါ်) ဦးအောင်ပါစေက ကျွန်တော့်ရဲ့မျက်နှာကို ခပ်တည်တည် စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောလိုက်တာ။

''အဲဒီ စွဲမိရွှေဘဝင်ရွာကြီးနားမှာ၊ ရွာတွေရှိတယ်ကွ။ 'တုံးလုံးရွာ' တဲ့ 'ဆင်လန့်ပြေးရွာ' တဲ့၊ 'ခေါ်မထူးရွာ' ဆိုတဲ့ ရွာတွေရှိတယ် ...''

''ဆရာခါး ...''

''ဘာတုန်း''

''ရွာနာမည်တွေက အဆန်းတွေချည်းပါပဲလား''

''ငါရောက်တဲ့နေရာမှန်ရင် အဆန်းချည်းပဲဟေ့။ 'တုံးလုံးရွာ' ဆိုတဲ့ ရွာက ... ယောက်ျားမှန်သမျှ ခွေး၊ မိုး၊ ဆောင်း အင်္ကျီမဝတ်သလောက်ပဲကွ။ ပုဆိုးတိုတို အင်္ကျီကျောပြောင်ချည်းပဲ။ မိန်းမတွေဆို အိမ်ထောင်သည်က ထမီရင်လျားနဲ့။ အချို့ နို့ပျဉ်းတွဲနဲ့ ကလေးငယ်တွေကတော့ ရွှေပန်းတန်းလန်းပဲ အရပ်ကလည်း အီကွေတာမျဉ်းအောက် ရောက်နေသလားမသိ၊ ပူသလား၊ မမေးနဲ့ ညဘက်အိပ်ရင် စဉ်းစားသာကြည့် ...''

အဲဒါ တုံးလုံးရွာရဲ့ ပညတ်သွားရာ ဓာတ်သက်ပါပုံပဲ။

နောက်တစ်ရွာက 'ဆင်လန့်ပြေးရွာ' တဲ့။

တောဆင်တောင် အဲဒီရွာက လူတွေနဲ့တွေ့ရင် ပြန်ပြေး၊ လန့်ပြေးရသို၊ စဉ်းစားသာကြည့် ကိုယ့်လူ။

ဆင်လန့်ပြေးရွာကို ဓားပြမတိုက်ရဲဘူး။

တစ်ကြိမ်မှာ အကဲမသိလို့ ဓားပြလာတိုက်သတဲ့။

ဓားပြငါးဦးလာတာ သုံးဦးပွဲချင်းပြီးသေတယ်။ နှစ်ယောက်ကတော့၊ လက်တစ်ချောင်းစီ အဖြတ်ခံလိုက်ရတယ်။ ဓားပြတွေနေတဲ့ရွာကို လူကြုံလွှတ်ပြီး ရွာပြင်မှာပစ်ထားတဲ့ သူတို့ရွာသား ဓားပြအလောင်းတွေကို ခေါ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတခြား၊ ခြေတခြားဖြစ်နေတဲ့ ဓားပြတွေကိုကြည့်ပြီး ... ဓားပြအမျိုးတွေ၊ မယားတွေ သတိလစ်သွားခဲ့တယ်။

အဲဒီအချိန်ကစပြီး၊ ဒီရွာကို ဓားပြလည်း မဝင်ရဲဘူး။ သူခိုးလည်း မကပ်ရဲဘူး။

လူမပြောနဲ့ ဆင်တောင် လန့်ပြေးရဆိုသကိုး။

နောက်တစ်ရွာက။

'ခေါ်မထူးရွာ'တဲ့။

လက်ခုပ်တီးခေါ်လည်း လှည့်မကြည့်ဘူး။

ကိုအဝှာရေခေါ်လည်း လှည့်မထူးဘူး။

ဦးလေး၊ ဘကြီးခေါ်လည်း ပြန်မထူးဘူး။

နာမည်ထည့်ခေါ်မှ အသံပြုတာတဲ့ကွ။ ဥပမာ ... ကိုတောင်လုံးကြိုင် ဘယ်သွားမလို့တုန်းလို့ မေးမှ ...။

''ဟိုဘက်ရွာ ... ချီးသွားယိုမလို့ဟေ့''

အဲလို ပြန်ဖြေတဲ့ ... လူ့ကန့်လန့်၊ လူထူးရွာ။

ဒီထက်ထူးတဲ့ နာမည်နဲ့ အရပ်တွေရှိသေးကွ။

သန်လျင် ..... ကျေးရွာအဝင်မှာဟိုတုန်းက ရွာတစ်ရွာ၊ ရပ်တစ်ရပ်ရှိခဲ့တယ်။ နာမည်က အတော်ဆန်းတယ်။

''ဖင်ဆွဲကုန်း''

ခုတော့ ဖင်ဆွဲကုန်း မဟုတ်တော့ဘူး။ ရွာဝတဲ့ဗျား။



# ၆

အခု ... 'စွဲမိရွှေဘဝင်'ရွာအကြောင်း ပြောပြမယ်။

တစ်ရွာလုံး ... အချောအလှချည်းပဲ။

ကလေးကြည့်ကြည့်၊ လူကြီးကြည့်ကြည့်၊ အဘိုးအို၊ အဘွားအိုကြည့်ကြည့် ... အကုန်ချောချော လှလှ၊ ခန့်ခန့်တွေဟေ့။

ကွာတာကတော့ ... အသားမည်းသူနဲ့၊ အသားဖြူသူပဲကွာတယ်။

လိမ်မာယဉ်ကျေးတဲ့သူနဲ့၊ မိုက်မဲရိုင်းပျသူပဲကွာတယ်။ ဘယ်မိန်းမပျိုကိုကြည့်ကြည့်၊ လှလိုက်တာလို့ ပြောရတာပဲ။ ကလေးနှစ်ယောက်၊ သုံးယောက်မွေးတဲ့ ကလေးအမေလည်း လှနေတုန်းပဲ။

ပိုပြီးတောင် စွဲမက်စရာကောင်းတယ်။

ကြားဖြတ်ပြီး ပြောရဦးမယ်ဟေ့။

ငါတို့အဘိုးက ဆေးဆရာကွ။ ဗိန္ဓောလည်းကိုင်တယ်။

ဗေဒင်လည်းဟောတယ်။ အင်္ဂရုတ်လည်းရတယ်။

အဘိုးရဲ့နာမည်က ဦးရွှေဘုံသာတဲ့ ...။ အဘိုးက ခရီးသွားများတဲ့ ငါ့ကို ပညာသည်များ ပြုစားလို့မရအောင် ... ညာလက်မှာ 'စားခွက်နှိုက်'ဆေးထိုးပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကျွေးတဲ့ အစားအစာကို ဖြစ်ပစေ၊ ငါ့ညာလက်နဲ့နှိုက်မယ် လုပ်ရင်၊ 'မူလပြန်'တယ်။

မူလပြန်တယ်ဆိုတာ၊ ဆေးခပ်ရင် ခပ်ဆေးကိုမြင်တယ်။

မသန့်တဲ့ပစ္စည်းကျွေးရင် မူလစီရင်ထားတဲ့ပစ္စည်းချက်ချင်းမြင်ရတယ်။ သိတယ်။ အဖြေပေါ်တယ်။

အများအားဖြင့် ပညာသည်တွေ၊ စုန်းတွေ၊ ကဝေတွေပြုစားစီရင်တာကို မြင်သိရတာပေါ့။

ထားတော့။

ငါ ... စွဲမိရွှေဘဝင်ရွာကို ရောက်သွားခဲ့တယ်။

ဒီရွာက စပါးအထွက်ကောင်းတဲ့ ရွာကွ။

ငကြွဲနဲ့ ကမာကြည်၊ မီးဒုံး ... အထွက်ကောင်းပဲ။ စပါးရာသီပေါ်တော့ အဝယ်ဆင်းရတာပေါ့။

အဲဒီမှာ ငါ ... အေးမြရှင်နဲ့ ဆုံခဲ့တာပဲ။

ငါ့လူစာရေးဆရာရေ။ တစ်ရွာလုံး အချောထဲမှာ အေးမြရှင်က အချော တကာ့အချောဆုံး မောင်ရေ။

ဘီးကြော့ပတ်ကြီးနဲ့ကွ။

ခါးသေးရင်ချီ ဗဒုမ္မနီပဲဟေ့။

မျက်တောင်ကော့ပုံနှယ်။

သူ့မျက်တောင်ပေါ် သစ်သားမီးခြစ်ဆံတစ်ချောင်း တင်လို့ရအောင် ကော့နေတာဟေ့။

မျက်ခုံးရင်းထူပြီး နားထင်ရှိရာ သွယ်ဆင်းသွားပုံများ။ မျက်လုံးရွှေသမင် ကို ကတ္တီပါစ နန်းဆွဲအပြားခတ် ကွပ်ထားသလိုပဲ။

ပြုံးလိုက်တာမြင်ရော။

ငါ့အသည်းနှလုံးတွေ စပါးတလင်းထဲ ပြုတ်ကျခဲ့ပါရော။ စာရေးဆရာ။ ပြုံးလိုက်မှ ပုလဲလုံးတွေ တန်းစီထားသလို ဖွေးဥလှပတဲ့ သွားတန်းလေးများ မြင်လိုက်ရရော။

ရွာကြီးသူမှ ဟုတ်ရဲ့လား။





ရုပ်ရှင်မင်းသမီးလား။ ပြဇာတ်မင်းသမီးလား။

တက္ကသိုလ် အလှမယ်များလား။

မဟုတ်ဘူး။ ကျေးလက်က မိန်းမချော။ သူအချောဆုံးပဲ။ ငါငေးကြည့် အံ့ဩနေတာကို သူမသိနေတယ်။ သူမတင်မဟုတ်ဘူး။ တလင်းထဲ၊ ကွင်းထဲက ရွာသူ အချောတွေလည်း သိမြင်ပြီး ... ပြုံးနေကြတယ်။

''အစ်ကို ...''

''ဗျာ ... ဗျာ''

''မျက်လုံးကျသွားပြီ။ ပြန်ကောက်တပ်လိုက်ဦး''

''ဗျာ ... အဲ ... အဲ ... အဟဲ''

''ခစ် ခစ် ခစ် ခစ် ...''

''ဟာဗျာ ...''

''အစ်ကိုက အဝယ်တော်ဆို ...''

''ဟုတ် ဟုတ်ကဲ့ပါခင်ဗျ''

''တခြား အဝယ်တော်တွေနဲ့ မတူဘူးလို့ ...''

''ဗျာ ... ဘာဖြစ်လို့လဲဟင်''

မိန်းမချော မခင်ပုလဲလုံးလေးက ပြုံးစစ နွဲ့နွဲ့လေးနဲ့ ငါ့ကိုပြောနေတာ။ ငါဘာအမှားများ လုပ်မိလို့ပါလိမ့် ...။

''ဟိုလေ ... ဘယ်လို မတူတာလဲ ဟင် ဟင်''

''အခြားအဝယ်တော်တွေက အသက်ကြီးကြီး၊ ဗိုက်ရွှဲရွှဲတွေ။ ကွမ်း တပျစ်ပျစ် ဝါးထွေးနေတဲ့လူကြီးတွေလေ။ အစ်ကိုက အဝယ်တော်သာဆိုတယ်''

''ဘာဖြစ်လို့တုံး''

''ငယ်ငယ်လေး''

''ဗျာ ...''

''ချောတော့ ချောပါတယ် ...''

''ဟာဗျာ အိုဗျာ ...''

''နာမည် ဘယ်လိုခေါ်လဲ ဟင်''

''ဗျာ ...''



www.burmeseclassic.com

www.burmeseclassic.com



''နာမည်က 'ဗျာ' တဲ့လား။ ကိုဗျာပေါ့ ဟတ်လား။ ဟင်း ဟင်း ဟင်း''

''ခစ် ... ခစ် ... ခစ် ကောင်လေး ရှက်နေတယ် ဟဲ့''

''ညည်းတို့က ကဲလွန်းတာကိုး အေ့''

ငါ့ကိုမေးခွန်းတွေ မေးနေတဲ့ မိန်းမချောလေးကို ရွာသူ၊ သူငယ်ချင်း မိန်းမတွေက ဝိုင်းပြောကြရော။

''မနာလို ဖြစ်မနေကြနဲ့ ... ဟွန်း''

သူမကလည်း နှုတ်ခမ်းလေးစူပြီး ပြန်ပြောသပေါ့။

နှုတ်ခမ်းလေး စူပြတာလည်း ငါ့ရင်ဘတ်ထဲဝင်သွားတာပဲပေါ့။ ငါက တော့ ဘာလုပ်ရမှန်းမသိဖြစ် ...။

''ကို ကံမောင်''

''ဟုတ်ကဲ့ ... ဆရာလေး''

''ဘယ်နှတင်းရပြီတုန်းဗျ''

''တင်းတစ်ရာ့နှစ်ဆယ် ရပြီဆရာလေး''

''ဘယ်ဘက်တလင်းရော''

''ကိုခင်ရွှေတို့ သွားကြည့်တယ်ဗျ''

''ကျွန်တော်လိုက်သွားဦးမယ် ကိုကံမောင်''

''သွား သွား ဆရာလေး။ မြန်မြန်သွား ဆရာလေး။ တော်ကြာ မောင်ကြီး မပြန်နိုင် ဖြစ်နေဦးမယ် ... သွား ... သွား''

စပါးခြင်နေတဲ့ ကိုကံမောင် အပြောကြောင့် ရွာသူတွေက အချင်းချင်း မေးထိုးပြီး ပြုံးကြရဲ့ကွ။

ငါလည်း နောက်ပြောင်ပြောနေတဲ့ မိန်းမသားတွေ ရှိရာက ပြေးချင်လို့ ကိုကံမောင်ကို ယမယ်ရှာပြောပြီး ... ဟိုဘက်တလင်းရှိရာ သွားမလို့လုပ်ရော။

''ဒီမှာရှင့်''

''ဗျာ ...''

ဟိုမိန်းမချောလေးရယ်ကွာ။

''အစ်ကို့နာမည်ပြောရမှာ ဈေးကြီးလို့လား။ ဟတ်လား''

''အဲ ... အဲ ကျွန်တော့်နာမည်က ... ကိုအောင်ပါစေတဲ့''





''အောင်ပါစေ''

''ဟုတ်''

''ထီဆိုင် နာမည်ကြီးနော်''

''ခင် ... ခင်ဗျာ ... လူကိုများ ...''

''မှတ်ထား။ ကျွန်မနာမည်က ... မအေးမြရှင်တဲ့ ...''

သို့ကလို သူ့နာမည် ငါမမေးပဲပြောပြီး... လုစ်ကနဲ ရွာရှိရာကို ရယ်ကာ မောကာ လှည့်ကြည့်လက်ပြလုပ်ရင်း ပြေးသွားပါရောကွာ။

မှန်ရာ ပြောရရင်၊ ငါ့မျက်လုံးထဲမှာ အေးမြရှင်ဆိုတဲ့ ... ရက်ရက်စက် စက် ချောတဲ့ တောသူမလေးကို မဖျောက်နိုင်ဘူး ဖြစ်နေရဲ့ကွာ။

စားလည်း သူ့မျက်နှာ။

အိပ်လည်း သူ့မျက်နှာ။

သတိရတိုင်း သူ့မျက်နှာပဲ မြင်ယောင်နေတယ်။

သူမကိုတွေ့ချင်လို့ ... ဟိုနေ့က တလင်းထဲသွားကြည့်တော့လည်း သူမကို မတွေ့ရဘူးကွ။ ငါ ... အေးမြရှင်ကို လိုက်ရှာနေမှန်း ရွာသူမိန်းမတွေ သဘောပေါက်ကြတယ်။

ငါ့ကို စပါးလှေနေရာကနေ ရီကြရောပေါ့။

''ရှူးပြီနဲ့တူတယ်ပေါ့ ...''

''အမဲသားမှ သွားကျွေးလိုက်တာကိုး''

''ဒီမှာပဲ ခေါင်းချမလား။ ရွာပြင်မှာပဲ ခေါင်းချမလားပဲ အေ့''

''လှ့တာမက်ရင်၊ ညစာခက်တာပဲ ယောက်ျားရေ''

''ဟား ဟား ဟား ဟား ဟား''

''ခစ် ခစ် ခစ် ခစ် အဟီး အဟွတ်''

ငါ့ကိုရီကြ၊ ထေ့ကြ၊ လှောင်ကြပေါ့။ နှစ်ရက်သုံးရက်တိတိ ငါ စပါးဝယ် ချိန်၊ လှေ့တဲ့တလင်းတွေအနှံ့လိုက်ကြည့်ပေမယ့် အေးမြရှင်ကို မတွေ့ရတော့ဘူး။

အေးမြရှင် အကြောင်းသိချင်လိုက်တာနှယ်။

သို့သော် ... ရွာသူတွေ နောက်ပြောင်မှာလဲ စိုးရဲ့ကွ။

မတွေ့မှ ... မြင်ချင်လိုက်တာနှယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့လူရေ . . . ကံများကောင်းချင်တော့ . . . ငါတို့တည်းနေတဲ့ အိမ်ကို မိန်းမချောလေး အေးမြရှင်ရောက်ချလာပါရော။

''အဘရေ . . . အဝယ်တော်ကြီးတို့ ရှိသေးလားရှင်''

''ဟဲ့ ဘယ်သူတုန်း''

''မရှင်ပါ အဘရဲ့''

''လာ လာ မရှင်။ ဘာကိစ္စများတုန်း တူမကြီး''

''ဟို ဟို အစ် . . . အစ်ကိုလေ''

''ဘယ်သူလဲ . . . မှတ်ကြီးလား။ မှတ်ကြီးက . . .''

''အို ဟုတ်ပါဘူး အဘရဲ့ ဟိုလေ . . . စပါး အဝယ်တော် အစ်ကိုကြီး''

''မောင်အောင်ပါစေကို ပြောတာလား မရှင်''

''ဟုတ် ဟုတ်ကဲ့ရှင့် . . . ဟုတ်''

''ဘာကိစ္စရှိလို့တုန်း လုံမလေးရဲ့''

''ရွှေညို့သည်ကို ထမင်းစားလာဖိတ်တာ အဘရေ''

''ဒီလိုလား . . . ကဲ . . . အိမ်ပေါ်တက်ကွယ့်''

ငါ . . . သူတို့ပြောတဲ့စကားတွေ အကုန်ကြားနေရသကွ။ ကြားဆို . . . ငါက အငြိမ်းစားကျောင်းဆရာကြီး အဘစုန်ရဲ့ အိမ်မှာ တည်းနေ၊ ရှိနေတာကိုး။ အခန်းထဲက ဖျာပေါ်မှာလှဲရင်း . . . ဝတ္ထုစာအုပ် ဖတ်နေတာကွ။

''မောင်အောင်ပါစေရေ . . . လူလေး''

''ခင်ဗျာ . . . အဘစုန်''

''ထွက်ခဲ့ဦး လူလေးရေ . . . ညို့သည်ရောက်နေတယ်ဟေ့''

''ဘယ်သူလဲအဘစုန် တာလီစာရေး ကိုကံလား''

ငါက မသိချင်ယောင်ဆောင်ပြီး မေးတာပေါ့။

''ထွက်သာ ထွက်ခဲ့စမ်းပါ။ မောင်အောင်ပါစေရာ''

ငါကဖိုးထွက်ချင်ရယ်။ ကဗျာကယာ ထွက်လာခဲ့လိုက်ရော . . .။

''ဟင် . . .''

''အစ်ကို . . . ညို့သည်။ ကျွန်မ အေးမြရှင်ပါရှင်''

''ဟုတ်ကဲ့ . . . ဟိုလေ . . . ဘာကိစ္စများ . . . ရှိလို့ . . .''





''အစ်ကို ရွှေညို့သည်ကို ထမင်းစားလာဖိတ်တာ''

''ဗျာ . . . ကျွန်တော့်ကို . . .''

''ဟုတ် . . . ကျွန်မတို့ရွာရောက်လာတဲ့ . . . ညို့သည်ကိုလူချောကို ရွာထုံးစံအတိုင်း ညို့ဝတ်ပြုချင်လို့ . . . လာဖိတ်တာပါရှင် . . .''

''အိုဗျာ အားနာစရာကောင်းလိုက်တာ။ မအေးမြရှင်ရာ။ ကျွန်တော် အဘတို့အိမ်မှာ စားနေကျမို့ပါဗျာ . . .''

ဒီမှာ အဘစုန်က . . .။

''မောင်အောင်ပါစေ''

''ခင်ဗျာ . . . အဘစုန်''

''လိုက်သွားလိုက်''

''ဗျာ . . .''

''တို့နေတဲ့ စွဲမိရွှေဘဝင်ကျေးရွာ၊ ဆင်လန့်ပြေးကျေးရွာ၊ တုံးလုံးရွာ၊ စတဲ့ ရွာတွေရဲ့ ဓလေ့က တနယ်တကျေးက လူစိမ်းညို့သည်များရောက်လာရင်၊ မိတ်ဖွဲ့ပြီးအိမ်ခေါ် ထမင်းတစ်နပ်ကျွေးတဲ့ဓလေ့ရှိတယ် လူလေးရဲ့။ ညို့သည်ကို ရွာက အသိအမှတ်ပြုတဲ့သဘော။ မိတ်ဆွေဖွဲ့တဲ့ သဘောပဲ။ အဲ့လို ဖိတ်ခေါ်ကျွေးမွေးရင်၊ စားမှကြိုက်တယ်။ စေတနာနဲ့ဖိတ်ခေါ်ညို့ဝတ်ပြုတာကို၊ ငြင်းဆန်ရင်၊ အသိအမှတ်မပြုရင် အဲဒီညို့စိမ်း၊ လူစိမ်း၊ တစ်ရွာသူ၊ တစ်ရွာသားကို သူတို့က မိတ်ကောင်းဆွေကောင်းအဖြစ်၊ စီးပွားဘက်အဖြစ်၊ လေးစားရသူအဖြစ် အသိအမှတ် မပြုတော့ဘူး။ ဒီရွာတွေမှာ အရောင်းအဝယ်လာလုပ်ရင်လည်း ဟက်ဟက်ပက်ပက် မရောင်းကြတော့ဘူး။ အကူအညီမပေးကြတော့ဘူး။ ဒီနဲ့ ဆန့်ကျင်ဘက်က သူတို့ဖိတ်ခေါ်ညို့ဝတ်ပြုတာကို အသိအမှတ်ပြု လိုက်လျှောခဲ့ရင် အဲဒီညို့သည်ရဲ့ လိုအပ်တဲ့ အကူအညီတွေကိုဝိုင်းဝန်းကူညီ စောင့်ရှောက်ကြတာပဲ။ ဒါ . . . ဒီအရပ်ဒေသရဲ့ ရိုးရာဓလေ့လည်း ဖြစ်တာပေါ့။ မိမိက စာရိတ္တကောင်းနေသမျှ . . . သူတို့ကလည်း ကိုယ့်အပေါ် ကောင်းနေတာပဲ။ ခင်မင်စရာကောင်းပါတယ်။ လိုက်သွားလိုက်ပါ . . .''

ဒါနဲ့ ငါလည်း အေးမြရှင်တို့အိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ရွာဓလေ့၊ ရပ်ဓလေ့ဆိုသကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ငါက အရောင်းအဝယ်သမား။

အဝယ်တော်လေကွာ။

အဝယ်တော်ဆိုတာ။ အပြောချိုရတယ်။ ရပ်ခလေ့၊ ရွာခလေ့နဲ့အညီ လိုက်လျောညီထွေ နေတတ်ရတယ်။ စီးပွားရေးလုပ်ရင်၊ မိတ်ဆွေ သင်္ဂဟများဖို့လည်း လိုသကိုး။

တစ်ရွာတစ်ကျီဆောက်ရတာ တို့အလုပ်ပဲ။

ပြီး ငါအေးမြရှင်ကို မြင်မြင်ချင်းသဘောကျတယ်ကွာ။ အချောအလှပေါများတဲ့ရွာမှာ အချောဆုံးလို ဖြစ်နေတဲ့ မအေးမြရှင်ကို ငါစိတ်ဝင်စားနေတာကိုး။

''မအေးမြရှင် ...''

''ရှင် ... အစ်ကို''

''ကျွန်တော်လိုက်ခဲ့ပါ့မယ်။ အဝတ်အစားခဏလေး လဲပါရစေနော်''

''ဟုတ်ကဲ့ပါရှင်။ ကျေးဇူးတင်ပါတယ်''

ဒါနဲ့ အခန်းထဲပြန်ဝင်၊ အင်္ကျီ၊ ပုဆိုးအသစ်လဲလိုက်တယ်။ ငါအခန်းထဲက ထွက်တော့ အဘစုန်နဲ့ မအေးမြရှင်တို့ နှစ်ကိုယ်ကြား တိုးတိုးစကားပြောကြလို့ကွ။

အေးမြရှင်က ခေါင်းညိတ်နေရင်းက 'ဟုတ်ကဲ့၊ ဟုတ်ကဲ့' လို့ ထပ်ကာတလဲလဲ ပြောနေတာ တွေ့ရတယ်။

ငါ့ကိုမြင်တော့ ...။

''သွားတော့မလား အစ်ကို''

''ဟုတ်ကဲ့ ... သွားလို့ရပါပြီ၊ မအေးမြရှင်''

တို့နှစ်ယောက် ယှဉ်ရပ်နေတာကိုကြည့်ပြီး အဘစုန် ပြုံးပြုံးကြီးဖြစ်လို့ စာရေးဆရာရေ။ ဒါနဲ့အတူ အဘစုန်ရဲ့မျက်နှာပေါ်မှာတစ်စုံတစ်ရာကိုတွေးကြည့်နေသလိုမျိုးလည်း မြင်လိုက်ရလေရဲ့ကွာ။



# ၇

ငါ့ကို မအေးမြရှင်က ... အေးမြရှင်လို့မခေါ်နဲ့တဲ့။

မရှင် ... လို့ခေါ်ပါတဲ့။

တစ်ရွာလုံး တစ်ရပ်လုံးခေါ်တဲ့ နာမည်ပါတဲ့။

မရှင်တို့အိမ်ကို ရောက်သွားခဲ့တယ်။ မရှင်တို့အိမ်က အုတ်ခံနှစ်ထပ်အိမ်ကြီးပဲကွ။ ခြံကျယ်ကျယ်ထဲမှာဆောက်ထားတာ။ အိမ်ရှေ့မှာ အုတ်စီရေတွင်းရှိရဲ့။ အိမ်ရှေ့နဲ့ အိမ်ခေါင်းရင်းမှာ ရာဝင်စဥ့်အိုးကြီးတွေ တန်းစီလို့ပေါ့ ...။

အချို့စဥ့်အိုးက ရေချိုရေသန့်လှောင်တာ။

အချို့ ရာဝင်စဥ့်အိုးတွေက ငပိလှောင်တာ။

သူတို့မိဘများက ... နှစ်ပေါက်ငပိလှောင်ပြီး နယ်စုံပို့တာတဲ့။ အိမ်နောက်ဖေးဘက်မှာ နွားအကောင်နှစ်ဆယ်ကျော်နေတဲ့ နွားတင်းကုပ်၊ စပါးကျီ။

ချက်ပြုတ်တဲ့ မီးဖိုဆောင်။

အိမ်နံဘေးမှာ ဒန့်ဒလွန်ပင်တွေ တန်းစီပြီး သီးနေလိုက်တာကွာ၊ ဒန့်ဒလွန်ပွင့်ဖြူဖြူတွေက မြေပြင်မှာ ပြန့်လို့ကွ။ ပိန္နဲပင်၊ မရမ်းပင်၊ အုန်းပင်၊ သရက်ပင်တွေနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခေါင်းရင်းထောင့်မှာတော့ ...

ညောင်အိုပင်ကြီး တစ်ပင်ရှိတယ်။ ညောင်အိုပင် အရိပ်ပြန့်ကြီးရဲ့ အောက်မှာ နတ်စင်တွေ လေးငါးဆယ်စင်ကွ။

သူတို့က နတ်တွေဘာလုပ်တာလဲ ငါမသိ။

အိမ်အောက်ထပ်မှာ ကျွန်းစားပွဲဝိုင်းကြီးခင်းပြီး ... ထမင်းဟင်းတွေ ပြင်ထားလိုက်တာနယ် စုံနေတာပဲ။

အိမ်မှာ ... မရှင်ရဲ့အမေ ဒေါ်စံထားဆင့်ရယ်၊ မရှင်ရယ်၊ မရှင်ရဲ့ ညီမလေး မရွှန်းရွှန်းစိုရယ် အိမ်ဖော်မိန်းမကြီး ... ဒေါ်ဆောင်းရယ်ပဲ ရှိတယ်။

မရှင်ရဲ့ ညီမလေးကလည်း အသက်(၁၄)နှစ်ခန့် အပျိုဖော်ဝင်အရွယ်ပဲ။ မရှင်ချောသလို သူလည်း ချောတာပဲ။ အရွယ်ရောက်ရင် သူ့အစ်မ မရှင်ထက်တောင် ချောမယ့်အသွင်အပြင်ကွ။

မရှင်တို့အမေ ဒေါ်စံထားဆင့်ကတော့ ခပ်ဝဝ ခန့်ခန့်ကြီးကွ။ ရွာက လူတွေလို့သာပြောတာ နာမည်ပေးထားပုံက မြို့ကြီးသူဆန်ဆန်ပဲ။

''အစ်ကို ထမင်းစားနော်''

''ဟုတ်ကဲ့ပါ''

ငါ့ကိုမရှင်က လက်ဆေးရေခွက်ပေးတယ်။ ငါလက်ဆေးနေတာကို မရှင်တို့အမေက ကြည့်နေတယ် ...။

''မောင်အောင်ပါစေ''

''ခင်ဗျာ ... ဒေါ်ဒေါ်''

''ငါ့တူက စားခွက်နှိုက် ဆေးထိုးထားတယ်လားကွယ့်''

''အဲ အဲ ... ဟုတ်ကဲ့ခင်ဗျ''

''ဘယ်သူထိုးပေးတာတုန်း''

''ငယ်ငယ်တုန်းက အဘိုးဘုန်းကြီး ထိုးပေးတာပါ ဒေါ်ဒေါ်''

''အဘိုးဘုန်းကြီးက ဆရာလား''

''အဲ အဲ ... ဘုန်းကြီးမဝတ်ခင်က ဆေး ဆေး ဆရာပါခင်ဗျ''

''ပယောဂ ကုသလား''





''ဒါတော့ သိပ်မသိဘူး ခင်ဗျ''

''ဘာလို့ မင်းကို စားခွက်နှိုက် ဆေးထိုးပေးတာတဲ့လဲ''

''ဟိုလေ ... ဘာတဲ့။ အဲ အဲ ...''

''ပွင့်ပွင့်လင်းလင်ပြောပါ ငါ့တူရဲ့။ ရပါတယ်''

ဒါနဲ့ ငါလည်း နားထောင်ကောင်းအောင် ပြောရတာပေါ့။

''စားတဲ့သောက်တဲ့နေရာမှာ ... အနှောင့်အယှက်မရှိအောင် ကာကွယ်တဲ့အနေနဲ့ ထိုးပေးတာလို့ ပြောတာပဲ ခင်ဗျ''

''တို့အိမ်က အစားအစာကိုရော စမ်းကြည့်ပြီးပလား''

''ဗျာ ...''

''အို ... အမေကလဲ ... ညှဲ့သည်ကို ...''

''ဗဟုသုတအနေနဲ့ မေးရတာပေါ့ သမီးရယ်။ ပြောပါဦး''

''ဒေါ်ဒေါ်''

''ပြောပါ ငါ့တူ''

''ကျွန်တော်ရွာအတော်များများကို အဝယ်တော်အဖြစ်နဲ့ ရောက်ခဲ့ဖူးပါတယ် ခင်ဗျ''

''ဟုတ်လား''

''ရွာတွေအိမ်တွေက ကျွေးသမျှစားခဲ့တာ ထမင်းအနပ်ပေါင်း မနည်းခဲ့ပါဘူး ဒေါ်ဒေါ်။ သူတို့က ငါစားတဲ့ထမင်းဟင်းမှာ မတော်တရော်တွေများ၊ လုပ်ထားရော့လားလို့၊ တစ်ကြိမ်မှမတွေးပဲ၊ မြိန်မြိန်ယှက်ယှက် စားခဲ့တာပါပဲ ခင်ဗျာ။ ယနေ့အထိ ဘာမှ မဖြစ်ခဲ့ပါဘူး ခင်ဗျာ ...''

''အေး အေး ငါတူရဲ့မေတ္တာ စေတနာမှန်ခဲ့လို့ပေါ့။ ပြီး ... အဲဒီရွာတွေမှာ ...''

''အမေ တော်တော့။ အစ်ကို ထမင်းစားပြီးမှပြော။ ကဲ အစ်ကို အားရပါးရသာစား။ ဒါညီမနဲ့ ဒေါ်ဆောင်နဲ့ ချက်ထားတာစား။ ရဲရဲသာစား ရော့ ...။

မရှင်က ကြက်သားတုံး ထည့်လိုက်။

ငါးကြော်ထည့်လိုက်။ အမဲသားဟင်း ထည့်လိုက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ထမင်းပန်းကန်ထဲ ဟင်းတွေချည်းပဲဟော့။

ငါကလည်း မရှင်တို့ကြေနပ်အောင် ကိုယ့်အိမ်မှာစားသလို၊ အားရပါးရကို စားတာ။ မရှင်ရဲ့ ညီမချောလေးက နံဘေးက ယပ်ခပ်ပြီးပြုံးလို့ . . .။

သူ့အစ်မမျက်နှာ ကြည့်လိုက်။

ငါ့မျက်နှာကြည့်လိုက် . . .။

ပြီး . . . ကြည်ကြည်နူးနူးပြုံးလို့။

ဒီလိုနဲ့ ညှော်ဝတ်ပြုတဲ့မနက်စာ ကျေနပ်စွာ ပြီးစီးသွားခဲ့တယ်။ စားလို့ပြီးတော့ ရေနွေးကြမ်းဝိုင်းဖွဲ့ကြ။

အမြည်းနဲ့ မြေပဲကြော် ပြောင်းဖူးပြုတ်၊ လက်ဖက်သုတ်၊ ထန်းလျက်၊ မုန့်ကျွဲသဲ၊ ငှက်ပျောသီး . . . စုံနေတာပဲဟော့။

"အစ်ကို စားလို့မြိန်ရဲ့လားဟင်"

"အရမ်းမြိန်ပဲ မရှင်ရေ။ ကျေးဇူးပါနော်"

"နောက်နေ့လည်း လာစားရမယ်နော်"

"မလုပ်ပါနဲ့ မရှင်ရယ်။ တစ်ခါတစ်ရံပဲပေါ့"

"အစ်ကိုစားချင်တယ်ဆို . . . ကျွန်မတို့အိမ်ဦးခန်းမှာ တစ်သက်လုံးထိုင်စား။ ကျွန်မကျေနပ်နေမှာ အစ်ကို"

ငါ သူမရဲ့စကားကြောင့် သူမရဲ့မျက်နှာကို အံ့ဩစွာနဲ့ စိုက်ကြည့်လိုက်တယ်။ မရှင်က သနိ့ရှင်းဝင်းပတဲ့အပြုံးနဲ့ ငါ့ကိုပြုံးကြည့်လို့ကွာ။




တိုတိုပြောကြစို့ကွာ။

မရှင်တို့အိမ် သုံးခေါက်ရောက်ပြီးတော့ ငါမရှင်ကို ချစ်စကားပြောခဲ့လိုက်တယ်။ ငါ ထမင်းရှင်ကို စော်ကားတာမဟုတ်ဘူးနော် စာရေးဆရာ။

ရင်ထဲမှာ စွဲထင်နေအောင် ချစ်လွန်းလို့ ဖွင့်ပြောတာ။

မရှင်က ထုံးစံအတိုင်း ကြည်လင်ဝင်းပ ရှုမဝတဲ့အပြုံးနဲ့ ကြည့်လို့။

"အစ်ကို . . ."

"မရှင် . . ."

"ကျွန်မအကြောင်းကို အစ်ကို ဘာသိထားလဲဟင်"

"သိတယ်"

"သိရင်ပြော"

"မရှင်က . . . ဟောဒီ စွဲမိရွှေဘဝင်ရွာမှာ အလှဆုံး"

"ဒါပဲလား"

"စိတ်နှလုံး ဖြူစင်တဲ့ မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါပဲလား''

''မရှင်ရဲ့အပြုံးက ... မြင်ရသူတိုင်းရဲ့ ဘဝင်နှလုံးကို စွဲထင်မေ့မရ ဖြစ်တဲ့ အပြုံး''

''အစ်ကို ပိုလာပြီနော်''

''မပိုဘူးဗျ။ ဟိုသီချင်း သွားသတိရတယ်။ ဘာတဲ့ မြင်မြင်ချင်းပင်၊ ဘာကြောင့်များ ချစ်ချင်တယ်။ ဘဝဟောင်းက ... မောင့်ဆုတောင်းကြောင့် ထင်တယ်တဲ့ ...''

''ခစ် ... အစ်ကိုက ပြောင်းပြန်။ အဲဒါ အမျိုးသမီးအဆိုတော်ဆိုတဲ့ သီချင်းဥစ္စာ''

''အဲဒီသီချင်းလို ဖြစ်နေတယ်။ သည့်သောင်ယံက မခွာရက်နိုင်တယ်။ ကြခက်လို့ပန်း ဖြစ်နေပြီ ... မရှင်ရယ်''

''အစ်ကိုက ဝီလောထက်ကို ချွဲတာပဲ''

''ချစ်တာကိုး ...''

''အစ်ကိုရယ်။ မရှင်လည်း အစ်ကို့ကို စပါးခြင်တဲ့တလင်းမှာ မြင်ကတည်းက ... သဘောကျခဲ့ပါတယ် ...''

''ဟေ ... တ ... တကယ် ... တကယ်''

ငါဝမ်းသာလိုက်တာကွာ။

ငါ့ရင်ထဲမှာ အချစ်လှိုင်းတွေ တလိပ်လိပ်တက်နေပြီကွ။

''အစ်ကို''

''ပြောပါမရှင်''

''ကျွန်မက အိမ်ထောင်ပျက်ပါ အစ်ကို''

''ပျက်လည်း အစ်ကိုချစ်တာပဲ ညီမရယ်''

''ပြီးတော့လေ... ကျွန်မဘဝနဲ့ အစ်ကိုရဲ့ဘဝ၊ ပေါင်းစပ်လို့ရပါ့မလား မသိဘူး။ တော်ကြာ အစ်ကို့မိဘတွေက ...''

''အချစ်ကိစ္စ၊ လက်ထပ်ရေးကိစ္စက ... အများသဘောမဟုတ်ပါဘူး ညီမ။ အစ်ကိုနဲ့ ညီမရဲ့ သဘောတူညီမှုရှိရင် ပြီးပြီ ...''





''စဉ်းစားကြည့်လိုက်ဦး အစ်ကိုရယ်နော်။ ညီမတို့ဘဝအကြောင်းလေး အစ်ကိုစုံစမ်းလေ့လာလိုက်ပါဦး အစ်ကို။ အစ်ကို ညီမတို့ မိသားစုဘဝ၊ ညီမရဲ့ ဘဝအကြောင်းကို သိပြီးပြီဆိုတော့မှ အစ်ကို ကျွန်မကို လက်ထပ်ယူချင်တဲ့ ဘဝ စဉ်းစားကြတာပေါ့''

ဒီလို ထူးခြားတဲ့စကားတွေ ပြောနေချိန်မှာတော့ မရှင်ရဲ့မျက်နှာလေးဟာ ညို့ညို့မှိုင်းမှိုင်းလေး ဖြစ်သွားတယ် စာရေးဆရာ။

မရှင်တို့မိသားစုအကြောင်း မရှင်ပဲ ပြောပြပါလားလို့၊ ငါကမေးတော့ ပြောမထွက်လို့ပါ အစ်ကိုတဲ့။

ပဟေဠိဆန်လိုက်တာ မရှင်ရယ်လို့ ...။

www.burmeseclassic.com

www.burmeseclassic.com




ငါနဲ့ ရွာထဲက ကာလသားတွေနဲ့လည်း ခင်မင်နေကြပြီကွ။ ကာလသားတွေနဲ့တင်မကဘူး။ ကာလသမီး ရွာသူအပျိုချောတွေနဲ့လည်း သိကျွမ်းနေကြပြီ။

ငါ ... မရှင်တို့အိမ် ဝင်ထွက်နေတာ။

မရှင်က ငါ့ကိုလာခေါ်ပြီး ... ရွာတောင်ဖျားက ငှက်ကြည့်အင်းဘက် အတူလမ်းလျှောက်နေတာ၊ သူတို့မြင်ကြတယ်။

မနာလို မဖြစ်ကြဘူး။

မရှုဆိမ့် မဖြစ်ကြဘူး။

စောင်းမြောင်းပြောဆို မပြုကြဘူးကွ။

သူတို့ငါ့ကို မေးကြတာက ...။

"ကိုအောင်ပါစေ ... မရှင်ကို ချစ်နေပြီလား"တဲ့။

"မရှင်ကို တော်ရုံယောကျ်ား မကပ်ရဲဘူး"တဲ့။

"မရှင်နဲ့ ကိုအောင်ပါစေနဲ့က ရှေ့သွားနောက်လိုက် ညီတယ်ဗျ။ နှစ်ဦးစလုံးချောလို့ ..."

အဲလိုတော့ ပြောကြတယ်။

ဒါနဲ့ ... ငါက ရွာထဲက ကာလသားခေါင်းကို အရက်တိုက်ပြီး တိုးတိုးတိတ်တိတ် မေးမြန်းကြည့်တယ်။





"ကိုစိန်လက်သန်း"

"ဘာလဲ အဝယ်တော်ကြီးပြော အေ့"

"ကျွန်တော် မရှင်တို့အကြောင်း သိချင်တယ်ဗျာ။ ကျေးဇူးပြုပြီး ပြောပြပါလားဗျာ"

"မရှင် ... တို့ ... အကြောင်း ဟုတ်လား ... ငေ့"

"ဟုတ်တယ်ဗျ ..."

"မြို့သားက ဘာသိချင်လဲ ပြော ... ပြော"

"ဟိုဗျာ ... မရှင်က အိမ်ထောင်ပြုဖူးတယ်ဆို။ အဲဒါ ဟုတ်လား။ ကိုစိန်လက်သန်း"

ကာလသားခေါင်း ကိုစိန်လက်သန်းက သောက်တော့မယ့် အရက်ခွက်ကို ကိုင်ရင်း ငါ့ကို အရက်ခိုးဝေတဲ့ မျက်လုံးနဲ့ကြည့်ရင်း ...။

"မြို့သား"

"ဟုတ်ကဲ့"

"မရှင်ကို မြို့သား ကြိုက်နေ၊ ချစ်နေလို့လား ... အေ့"

"မဟုတ်ပါဘူးဗျာ။ သိချင်လို့ပါဗျာ"

"မချစ်... မကြိုက်ရင်... သူတို့အကြောင်းမမေးနဲ့၊ မေးရင် ပြောစရာမရှိဘူး"

"မရှင်ကို ချစ်ရင်ရော"

"အဲ ... အဲ အေ့ ... ငေ့ မ ... မရှင် ကို တ တကယ်ချစ်ရင်တော့ ပြောပြမယ် ... အေ့"

ဒါနဲ့ ငါလည်းပြောလိုက်တယ်။

"ကျွန်တော် မရှင်ကိုချစ်တယ် ကိုစိန်လက်သန်း"

ဒီလို ဖြောင်ဖြောင်ပြောပြတော့ သူငါ့ကို အကြာကြီး စိုက်ကြည့်နေတယ်။ သူ့အကြည့်က ဘာအဓိပ္ပာယ်လဲ ဝေခွဲလို့မရဘူး။

"ငေ့ ... အေ့ ... မြို့သား"

"ဗျာ ..."

"မရှင်ကို ချစ်တယ် ဟုတ်လား"

"ဟုတ် ..."

"လက်ထပ်ယူချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



''ယူချင်တယ်ဗျာ။ ခုရ ခုယူချင်တယ်''

သူ ငါ့မျက်နှာကို စိုက်ကြည့်နေပြန်တယ်ဟေ့။

''တကယ်ယူမှာလား မြို့သား''

''ယူမယ်''

''မယူနဲ့''

''ဗျာ ... ဘာဖြစ်လို့လည်းဟင် ကိုစိန်လက်သန်း''

''ယူရင် ... မြို့သား ဘဝကူးမကောင်းတော့ဘူး''

''ဗျာ ... ဘာဖြစ်လို့ ... ဘာဖြစ်လို့လဲဟင် ဟင်''

''သူတို့တစ်အိမ်သားလုံးက စုန်း၊ ကဝေမျိုးကွ ...''

''ဗျာ ...''

''မရှင်လဲ စုန်းမပဲ''

''ဟင် ...''

''မရှင်ကို မင်းယူမလား ပြော''

''ဟုတ်ရဲ့လား ကိုစိန်လက်သန်းရာ''

''ဒီအကြောင်း ငါပဲပြောရဲတာကွ။ သူတို့အကြောင်းကို ဟောဒီတစ်ရွာလုံးရော၊ ရွာနီးချုပ်စပ်ရော၊ ဘယ်သူမှ မပြောရဲဘူး အေ့ ဖွီ''

''ဘာဖြစ်လို့ မပြောရဲတာလဲ ဟင်''

''သူတို့အကြောင်းပြောရင်၊ လုပ်ပစ်ရော''

''ဘာလုပ်တာတုန်း ကိုစိန်လက်သန်းရ''

''ဖွီ ... မင်းကလည်း ဒုံးဝေးပါ့ကွာ။ စုန်းပညာ၊ ကဝေပညာနဲ့ ပြုစားလိုက်တာကို ပြောတာ ...။ ဒါကြောင့် ပြောတာ မရှင်ကိုတော့ သနားတယ်။ သူက ရှန်းမထွက်နိုင်ဘူး။ သူကအမေက ပိုကြောက်စရာကောင်းတယ်။ အမိပတိ ကဝေကြီး ... ဖွီ ပြောရတာ ပါးစပ်သနပ်ပါ့ကွာ ...''

''သနလည်း ပြောပြပါဗျာ''

''ထွီ ... မင်းက မညားသေးတဲ့ ယောက္ခမလောင်းအကြောင်း တယ်သိချင်တာကိုး။ နားထောင်ချင်ရင် နောက်ထပ်အရက်တစ်လုံးမှာလိုက် အေ့ ... ဂေ့ အေ့''

''ကိုသိန်းဝင်းရေ ... နောက်တစ်လုံးဗျာ''



# ၁၀

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်တုန်းကပေါ့ကွာ ...။

မရှင်ကို တစ်ကြိမ်ပဲတွေ့ဖူးပြီး အသဲနှလုံးတို့၊ နံကြို နံကြားတို့ ... ဘယ်ဘက်ရင်အုံတို့ ဘာတို့ငြိပြီး မရရင်သေမယ် မုချလှတယ်ဗျာဆိုတဲ့ ... အလှကို ကိုးကွယ်တဲ့ ... မင်းလိုသောက်ရူးတစ်ယောက် ငါတို့ရွာကို ရောက်လာတယ်။

သူ့နာမည်က ဘသိန်းမိုတဲ့။

သူဌေးသား၊ သူဌေးလေးပေါ့။

မော်တော်နှစ်စီးပိုင်တယ်။ လယ်ကေတွေ အများကြီး။

ရွှေကို နှီးမှုန့်ဖူးနဲ့ ထည့်ထားနိုင်တဲ့ သူဌေးသား။ ရွာအလှူမှာ မရှင်ကို တွေ့ပြီး သူနေတဲ့ လေးတော်တင်ရွာနဲ့ ဟောဒီ စွဲမိရွှေဘဝင်ရွာကို ချောင်းပေါက်၊ ရေထွက်၊ ပင်လယ်ဖြစ်အောင် လာနေတာပေါ့။

မရှင်ကလည်း ဘသိန်းမိုကို သဘောကျတယ်။

ဘသိန်းမိုက အသားညိုညို၊ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းပဲကွ။ လည်ပင်းမှာ ဆွဲထားတဲ့ ရွှေဆွဲကြိုးကပဲ ငါးကျပ်သား ကျော်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက ဝီလီဂျစ်စီးနိုင်ရင် ခေါင်းမော်တဲ့ခေတ်။

ဘသိန်းမိုက အချွေအရံတပည့်တွေပါခေါ်ပြီး ဝီလီဂျစ်နဲ့ မရှင်တို့အိမ်ကို လာတာကိုး။ သုံးနိုင်၊ ဖြူန်းနိုင်တော့ တို့ရွာက ကာလသားတွေလည်း ဘသိန်းမို လူ ဖြစ်သွားကြတယ်။

သမီးလုပ်သူ မရှင်လည်းသဘောကျတော့ . . .။

တိုတိုပြောမယ်ကွာ။ ဘသိန်းမိုက လူကြီးစုံလင်ရာနဲ့လာရောက်တောင်း ရမ်းဖို့ လုပ်တယ်။

မရှင်ရဲ့အမေ ဒေါ်စံထားဆင့်က၊ လူကြီးစုံရာနဲ့ လာမတောင်းနဲ့ဦး . . . သမက်လောင်းနဲ့ ဆွေးနွေးချင်တယ်လို့ ပြောပါရော။

ဒါနဲ့ . . . ဘသိန်းမိုက ယောက္ခမလောင်းနဲ့ လာတွေ့တယ်။

ဒေါ်စံထားဆင့်က မေးရောကွ။

"မောင်မို . . . မင်းငါ့သမီးကို တကယ်ချစ်မြတ်နိုးရဲ့လား"

"ချစ်မြတ်နိုးပါတယ် အမေ"

ဒီကောင်က ယောက္ခမလောင်းကို အမေတဲ့ဟေ့။ ဟာဟ။ တကယ်ကျ တဲ့ကောင်ကွ။

"ကြိမ်ရဲလား"

"ကြိမ်ရဲပါတယ် အမေ"

"နင်က လူပျိုလား၊ မုဆိုးဖိုလား၊ မှန်မှန်ပြော"

"လူပျိုပါ အမေ"

"သေချာသလား"

"မညာဝံ့ပါဘူး ခင်ဗျ"

"ငါ့သမီးကို၊ ဘာနဲ့တင်တောင်းမတုန်း ဘသိန်းမို"

"ရွှေသုံးဆယ်သား"

"ဒါပဲလား"

"လယ်ဆယ့်ငါးကေနဲ့ နွားနှစ်ရှဉ်း ထွန်စုံပါခင်ဗျ"

"ကျန်သေးလား"





"ဒီရွာမှာ သူ့နဲ့ကျွန်တော်နေဖို့ တစ်ထပ်တိုက်တစ်လုံး ဆောက်ပါဦး မယ်"

"ကုန်ပြီလား"

"မော်တော်က တစ်စီးပါ,ပါဦးမယ် အမေ"

"များသားပဲ"

"အားမရသေးပါဘူးအမေ"

"ဒါတွေ တင်တောင်းမှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါခင်ဗျ"

"မင်းတင်တောင်းတာထက် ပိုအရေးကြီးတဲ့ကိစ္စရှိတယ်။ အဲဒါ သဘော တူမှ မရှင်နဲ့ပေးစားလို့ရမယ်"

"ပြောပါအမေ"

"မင်း . . . ငါတို့ဂိုဏ်းတော်ကို ဝင်နိုင်မလား"

"ဘာဂိုဏ်းတော်ပါလဲ အမေ။ ပြောပါခင်ဗျ"

"မရှင်က ပြောမပြဘူးလား"

"မပြောပါဘူး အမေ"

"မိရှင်"

အဖွားကြီးက သူ့သမီးဘက်ကိုလှည့်ပြီး ခေါ်လိုက်တာ။

"ရှင် အမေ"

"နင် . . . ပြောပြမထားဘူးလား"

"ဟင့်အင်း . . .။ အမေပြောပြရင် ပြီးတာပဲ ဥစ္စာ"

"နင်ကလေ . . . ဟင်း ဟင်း"

အဖွားကြီးက သူ့သမီးမရှင်ကို ကြိမ်းလိုက်သေးသတဲ့။ မရှင်လဲ မော့မ ကြည့်ရဲဘူးတဲ့။

"မောင်ဘသိန်းမို သေသေချာချာ နားထောင်ကွယ့်။ လန့်လည်း မသွား နဲ့ဦးကွယ့် . . . ဟုတ်လား"

"ဟုတ် . . . ဟုတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



''မှတ်ထား ... ငါတို့မျိုးရိုးက ပညာသည်မျိုးရိုး''

''ဗျာ ...''

''ဟင်း ဟင်း ဟင်း ဟင်း လန့်သွားပြီနဲ့တူတယ်။ မပြောမပြီးလို့ ပြောရတာပါ။ ပညာသည်ဆိုတာသိလား''

''အဲ ... အဲ ... မ ... မသိပါ ...''

''မကြောက်ပါနဲ့။ ငါတို့ပညာသည်ဂိုဏ်းမှာ ထုံးတမ်းအစဉ်အလာတစ်ခုရှိတယ်။ မိသားစုမှာ သမီးအကြီးက ပညာအမွေကို လက်ကမ်းယူရတယ်။ မယူလို့မရဘူး။ မယူခဲ့ရင် ငါတို့အားလုံး ဒဏ်ခတ်ခံရတယ်။ ဒဏ်ခတ်ခံရရင် မိသားစုအားလုံး ကံကြမ္မာဆိုးတွေနဲ့ ဘဝပျက်ရတယ်။ မင်းချစ်နေတဲ့ ငါ့သမီး မရှင်ဟာ ပညာသည်ပဲ''

''အို ...''

''သို့သော် ... ငါတို့ ဘယ်လိုလူမျိုးကိုမှ မပြုစားခဲ့ဖူးဘူး။ ငါတို့မိသားစုဘဝ မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ခံရမှ၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ခဲ့မှသာ ငါတို့တုန့်ပြန်လေ့ရှိတယ်။ ငါတို့ကို ငွေကြေးဥစ္စာပေးပြီး ပြုစားပေးပါ။ လူသတ်ပေးပါလို့ တောင်းဆိုရင်၊ ငါတို့မလုပ်ဘူး။ ဒီပြင် ပညာသည်တော့ မပြောတတ်ဘူး။ မရှင် ... ပညာတတ်တယ်။ သူဘယ်အဆင့်လဲ မင်းမသိဘူး။ ဒါပေမယ့် ငါ့သမီး မရှင် ... ဆေးခပ်ပြုစားပြီး ကြိုက်အောင်၊ ချစ်အောင် လုပ်ခဲ့တာမဟုတ်ဘူး။ မင်းယုံလား''

''.........''

''အခု ငါက၊ ငါတို့မိသားစု ရပ်တည်ယုံကြည်ဆောင်ရွက်နေတဲ့ ဘဝကို ဖြောင်ဖြောင်ပြောပြလိုက်တော့ ... မင်းငါ့သမီး မရှင်အပေါ် မယုံကြည်တော့ဘူးမဟုတ်လား ...''

''......''

''ငါကလည်း အဲဒီလို ရှင်းရှင်းလင်းလင်း သိချင်တာ။ ငါ့သမီးကို မင်းမယုံကြည်တော့ဘူး။ အဲဒါကောင်းတယ်။ ငါ့သမီးကို မင်းချစ်တာ၊ အချစ်စစ်မဟုတ်ဘူး အချစ်တု ...''





''မ မဟုတ်သေးပါဘူး အမေ ... ဒီ ... ဒီလို''

''ဒါဆို မရှင်ကိုချစ်နိုင်တယ်ပေါ့''

''ဟုတ် ဟုတ်''

''မရှင်က ဆေးခပ်ပြီး ချစ်ကြိုက်စေတာ ဆိုရင်ရော''

''ချစ်နေမှာပါ အမေ''

''လက်ထပ်ရဲတယ် ဒီလိုလား''

''ဟုတ် ဟုတ်ကဲ့''

''နောက်တစ်ချက်မေးမယ် မောင်ဘသိန်းမို''

''ဟုတ်''

''ငါ့သမီးကို ချစ်မြတ်နိုးလို့ လက်ထပ်ချင်ရင် ငါတို့ ပညာဂိုဏ်းထဲကို မင်းဝင်ရမယ် ဘယ်နှဲ့''

''ဟို ဟို ဝင်ပြီး ဘာ ဘာလုပ်ရမလဲ ဟင်''

''ဘုရားရှိခိုးလို့ မရဘူး''

''ဗျာ''

''ဘုရားစာ လုံးဝမရွတ်ရဘူး''

''ဟင်''

''ဒီစည်းကမ်းချက်ကို လိုက်နာနိုင်ရင်၊ မင်းနဲ့ ငါ့သမီးကို၊ ငါကိုယ်တိုင် ပေးစားမယ်။ မင်းတို့ အိမ်ထောင်ကျပြီးရင် ကလေးတွေမွေးရမယ်။ ယောက်ျားလေး သားဦးမွေးရင် အဲဒီကလေးကို ရှင်မပြုရဘူး။ ရဟန်းမခံရဘူး။ သားဦးသည် မိန်းကလေးမွေးခဲ့ရင်တော့၊ ငါတို့ပညာသည် ဆွေစဉ်မျိုးဆက်၊ ကတိသစ္စာအစဉ်အလာအရ ငါတို့ရဲ့ပညာရပ်တွေကို အမွေအဖြစ် သင်ယူတတ်မြောက်ရမယ်။ ဒီအချက်တွေကို လိုက်နာနိုင်တယ်၊ မင်းတို့မိဘ၊ ဘိုးဘွားတွေရဲ့ မိရိုးဖလာကိုးကွယ် ယုံကြည်မှုတွေကို စွန့်လွှတ်နိုင်ရင် ... ငါကိုယ်တိုင် ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားပေးမယ်။ နားလည်ရဲ့လား''

''ဟုတ်–ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အခု ငါပြောတဲ့စကားတွေကို ဘယ်သူမှ ပြန်မပြောရဘူး။ မင်းမိဘ တောင် မပြောနဲ့။ ပြောခဲ့လို့ ဒီသတင်း လူသိပေါက်ကြားခဲ့ရင်၊ မင်းဒုက္ခအကြီး အကျယ်ရောက်ပြီသာ မှတ်တော့။ ကိုင်း . . . မင်းအိမ်ရောက်ရင် စဉ်းစား (၇)ရက် စဉ်းစား။ စဉ်းစားပြီးရင်၊ အကြောင်းပြန် သွားတော့ . . .''

သူဌေးသား ဘသိန်းမို ကြေကွဲ အံ့သြတဲ့ မျက်လုံးနဲ့ ချစ်သူမရှင်ကို လှမ်းကြည့်ပြီး၊ အိမ်ထဲက ထွက်လာခဲ့လိုက်တယ်။

မရှင်ကလည်း တုံဏှိဘာဝေ မျက်နှာနဲ့ ခြံဝကိုလိုက်ပို့ပေးတယ်။

''မရှင် . . .''

''ရှင် ကိုမို''

''မရှင်ကရော မရှင်အမေပြောတဲ့ အတိုင်းပဲလား ဟင်''

''ဟုတ် . . . ဟုတ်''

''မရှင်ရယ် . . . မဟုတ်သေးဘူးလေကွာ''

''ကိုမို ကျွန်မအမေကို မလွန်ဆန်ရဲဘူး။ အမေက သူပြောတဲ့အတိုင်း လုပ်မှကြိုက်တာ။ ကျွန်မအမေအကြောင်း ကျွန်မအသိဆုံးပဲ''

''မင်း ဒီလောင်းရိပ်က မထွက်ရဲဘူးလား မရှင်ရယ် ဟင်''

''ကျွန်မကို ချစ်မြတ်နိုးမှ အမေ့ဆန္ဒကို လိုက်လျောပါ ကိုမို။ ကံတရားက ဒီလိုစီမံလာတော့၊ ဘာတတ်နိုင်မှာလဲ ကိုမိုရယ်။ ကျွန်မအမေ့ကို ကြောက်တယ်။ ကျွန်မဘဝနဲ့ ကျွန်မရှိပါစေတော့ . . . ဟီး . . .''

မရှင်ခမျာ ဟီးကနဲငိုပြီး သူ့အိမ်ထဲကို ပြေးဝင်သွားခဲ့တယ်တဲ့။



# ၁၁

နောက်ဆုံးတော့ မရှင်ရဲ့အမေ ဒေါ်ခင်ထားဆင့်ရဲ့ စည်းရုံးစကားတွေက အောင်မြင်သွားခဲ့တယ်။

ကိုဘသိန်းမိုက လူကြီးစုံရာနဲ့ မိဘ၊ ဖဘားပိသစ္စာ လာတောင်းရမ်း ပြီး မင်္ဂလာရက်ကို သတ်မှတ်လိုက်တယ်။

မြို့သားရေ . . . ။

စွဲမိရွှေဘဝင်ရှာ ဥစ္စာပေါ ရုပ်ချော အေးမြရှင်နဲ့ သူဌေးသား ကိုဘသိန်းမို တို့ ထိမ်းမြားမင်္ဂလာပွဲဟာ . . . အလွန်စည်ကားတဲ့ မင်္ဂလာပွဲပါပဲကွာ။

မင်္ဂလာမဏ္ဍပ်ကို ဘသိန်းမိုက မြို့ပေါ်တက် အလှပြင်သူပါငှားပြီး ဆင် တာပေါ့။ ဒုံမင်း၊ ဘင်ဂျို၊ တယော တီးဝိုင်းပါသကွ။

ညောင်ပင်နဲ့ ကုက္ကိုပင်အဖျားမှ အသံချဲ့စက် ဟွန်းလေးလုံး စင်ထား သကွ။ သီချင်းကလည်း တွံတေးသိန်းတန်နဲ့ ဟိုဒင်းစုံတွဲဆိုထားတဲ့ အောင်ဖေ ယျတု ညွှန်းမဏ္ဍာ သီချင်းကွာ။ မိုက်ပဲ့။

ဆွေရိပ်၊ မျိုးရိပ် များတဲ့ မင်္ဂလာဆောင်မို့ လှည်းယာဉ်တွေ၊ ဂျစ်ကားတွေ မြင်းလှည်းတွေနဲ့ လာကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကြိုတ်ကြိုတ်တိုး စည်တာကွာ။

ဘသိန်းမိုက တောင်ရှည်ပုဆိုးနဲ့ ရင်ဖုံးအင်္ကျီနဲ့။

ရင်ဘတ်မှာ သဇင်ပန်းတစ်ခက် ထိုးလို့။

မရှင်ကတော့ လှမှလှ၊ မိုးပေါ်ကကျတဲ့ နတ်သမီးအလား မှတ်ရကွ။ ရွှေဝါရောင် ချိတ်ထဘီနဲ့၊ ထိုင်မသိမ်းအင်္ကျီနဲ့ မြို့ကမိတ်ကပ်ဆရာ အလှပြင်ပေးထားတာမို့။

ဆံထုံးကလည်းကြွ။

မျက်နှာလေးကလည်း ကြွေရုပ်လေး အတိုင်းပဲဟေ့။

နှစ်ဘက်မိဘများကလည်း ရွှေရောင်၊ စိန်ရောင် အပြုံးတွေ ပြောင်လို့ကွ။ မင်္ဂလာပွဲ လာသမျှ ပရိသတ်ကလည်း ချမ်းချမ်းသာသာတွေပဲဟေ့။

မင်္ဂလာချိန်လည်းကျရော ... မြို့ကငှားလာတဲ့ ဘိတ်သိက်ဆရာက မင်္ဂလာပွဲ စတင်တော့မည့်အကြောင်း။

သတို့သား၊ သတို့သမီးတို့ စင်မြင့်၊ မင်္ဂလာထိုင်ဖုံမှာ နေရာယူပေးကြပါလို့ ကြေငြာလိုက်ရော။

ဘသိန်းမိုနဲ့ မရှင်ရယ်ကွာ။

လက်ချင်းချိတ်ပြီး သားရေထိုင်ဖုံပေါ် နေရာယူကြတာ။ နေနဲ့လ၊ ရွှေနဲ့မြပဲ ... လူတိုင်းက ချီးကျူးတာကွ။

သတို့သမီးကို ဆင်ထားတဲ့ ရွှေ၊ ငွေ၊ စိန်ကျောက်တွေကလည်း ဖိတ်ဖိတ်ကို လက်နေတာပဲ။

သတို့သားနဲ့ သတို့သမီး နေရာယူထိုင်ရော။

တီးဝိုင်းက တေးသံရှင်က သီချင်းတစ်ပုဒ် ဟစ်လိုက်တာကွာ။ ငါတို့တွေ ငိုင်ငေးသွားကြတာပဲ သီလား။

''အခါတော် ပေးတာက နတ်ရေးငယ်ရွှေစာ

ဇမ္ဗူဒီပါတောင်ကျွန်း တင့်ရွှန်းတည့် ကျက်သရေဖြာ''

အသံကလည်း အသံကောင်းကွ။

ဆွဲလိုက်တယ့်အသံမှ တုန်ခါပဲ့တင်သံလေးဟေ့။

ငါတို့ ကာလသားများလည်း ဒီသီချင်းသံရယ် နေနဲ့လ၊ ရွှေနဲ့မြရယ်ကို ငေးရင်း နားဆင်ရင်း စိတ်ကူးယဉ်နေသပေါ့။





ဒီအချိန်မှာပဲ ...။

မင်္ဂလာမဏ္ဍပ်ရှေ့ကို လှည်းယဉ်နှစ်စီး ဝုန်းကနဲ ဆိုက်ရောက်လာတာပဲဟေ့။ အားလုံးသော မင်္ဂလာဆောင်လာပရိသတ်များ ထင်တာက၊ နောက်ကျတဲ့ ရပ်ဝေးကလူတွေ ထင်တာပေါ့။

ငါတို့ကာလသားတွေနဲ့ လူကြီးပိုင်းက လှည်းယာဉ်ပေါ်ကဆင်းလာတဲ့ ခပ်တောင့်တောင့် ဖြောင့်ဖြောင့် အမျိုးသမီးကို သတိပြုမိလိုက်ကြတယ်။

တစ်နှစ်အရွယ်ခန့် ကလေးကို ပွေ့ချီလို့ကွ။

သူနဲ့အတူ သက်ကြီး ယောက်ျား၊ မိန်းမအချို့နဲ့ ဗလကောင်းကောင်း ယောက်ျားသား ငါးဦးလည်း လှည်းပေါ်ကဆင်းလာကြတယ်။

လူကြီးတွေက ဖိတ်ခေါ်ကြတာပေါ့။

''မဏ္ဍပ်ထဲကို ကြွကြပါခင်ဗျာ''

''ထမင်း အလျင်သုံးဆောင်မှာလားဟင်''

ဒီမှာ... ကလေးချီထားတဲ့ တောင့်တောင့်ဖြောင့်ဖြောင့် အမျိုးသမီးက ညွှန်ကြိုလူကြီးတွေကို မေးတယ်။

''ဦးကြီးရှင့်''

''လာ လာသမီး''

''ဦးကြီးတို့ကို မေးစရာရှိလို့ပါရှင့်''

''မေးပါ မေးပါ''

''ဒီမင်္ဂလာဆောင်က ချမ်းသာကြီးရွာက ... ကိုဘသိန်းမိုနဲ့ ဒီရွာသူ မအေးမြရှင်တို့ မင်္ဂလာဆောင် ဟုတ်ပါတယ်နော်''

''ဟုတ်ပါတယ်ဗျာ။ ဟောဟို မဏ္ဍပ်မုဒ်ဦးမှာ ရေးထားတဲ့ သတို့သား၊ သတို့သမီးနာမည်များ အမှန်ပါဗျာ။ မင်္ဂလာ အခမ်းအနား စနေပြီမို့ အထဲကိုကြွကြပါခင်ဗျ ...''

ဒီမှာ ကလေးအမေ ဖြစ်ဟန်တူသူက ...။

''ဦးကြီးရှင့်''

''ဘာလဲ သမီး''

''အဲဒီ မင်္ဂလာပွဲကို ခုချက်ချင်း၊ ရပ်နိုင်းလိုက်ပါရှင့်''

''ဟေ ... ဘယ်လိုများကြောင့်''



www.burmeseclassic.com

www.burmeseclassic.com



''ချက်ချင်းရပ်နိုင်းလိုက်ပါ''

သတို့သမီးဆွေမျိုးတွေလည်း အသံကြားလို့ မင်္ဂလာမဏ္ဍပ်ဝ လူစုရှိရာ ရောက်လာ မေးကြ၊ ကြည့်ကြနဲ့ပေ့ါ။

ဒီမှာ သတို့သမီးမရှင်ရဲ့ ဦးလေးက။

''တူမကြီး ဘာကြောင့် မင်္ဂလာပွဲကို ရပ်ရမှာလဲ ...။

ခပ်မာမာအသံနဲ့ မေးလိုက်တာပေ့ါ။

''ဘာကြောင့် ရပ်နိုင်းရတာလဲဆိုတော့ အခု မင်္ဂလာပွဲကျင်းပနေတဲ့ ယောကျ်ားက လူပျိုမဟုတ်ဘူး။ လူအို မယားနဲ့ ကလေးနဲ့ ...''

''ဘာ ...''

''ဘာပြောတယ်''

''နင်ကဘာလဲ ပွဲပျက်အောင် မဟုတ်မဟပ်တွေ လာပြောနေတာလား။ ထွက်သွားလိုက်စမ်း''

''ကျွန်မသွားရင် ကိုဘသိန်းမိုကို ခေါ်သွားရမယ်''

''နင်ခေါ်သွာရအောင်၊ ဘသိန်းမိုက နင်နဲ့ဘာဆိုင်လို့လဲ။ ဘာတော်လို့လဲ။ သွား သွားစမ်း''

''ဘာဆိုင်လဲဆိုတော့၊ ဘသိန်းမိုက ကျွန်မယောကျ်ား စစ်စစ် ဖြစ်လို့ပဲ သိပလား''

''ဟင်''

''ဟေ''

''ဘုရားရေ ... သူ့ယောကျ်ားတဲ့ ဘုရား ဘုရား''

''ဘသိန်းမိုက လူပျိုလို့ပြောတာလေ''

မဏ္ဍပ်မှာလူတွေ အုတ်အော်သောင်းနင်း စုရုံးမေးမြန်းကြပါရော။ ပွဲလာဖျက်တယ်ဆိုပြီး၊ ရိုက်မယ်၊ နှက်မယ် ဓားဆွဲ၊ တုတ်ဆွဲတွေ ဖြစ်ကုန်ကြပါရော။

လှည်းယာဉ်လိုက်ပါလာတဲ့ ယောကျ်ားသားတွေကလည်း လှည်းထမ်းပိုးတွေ ကိုယ်စီကိုင်ပြီး တုံ့ပြန်ဖို့ အသင့်ပြင်ကြတယ်။

''ပွဲလာဖျက်တာမဟုတ်ဘူး။ ကျွန်မက ဟိုဘသိန်းမိုရဲ့ ပထမမူလ မယားကြီး မသုံးလွန်တင်ပါ။ ဟောဒါ သူနဲ့ကျွန်မရဲ့ သားပဲ။ မယုံရင် ကျွန်မနဲ့အတူ လိုက်ပါလာတဲ့ ရွာမိ၊ ရွာဖ လူကြီးတွေကို မေးကြည့်ကြ''





ကလေးအမေနဲ့ပါလာတဲ့လူကြီးတွေကလည်း ရန်ပြုမယ့်လူတွေရှေ့က ရပ်ပြီး ဝိုင်းပြောကြတယ်။

''ဒီမှာဗျာ။ ကျုပ်တို့က သရက်ပင်မောင်နှမရွာက ရွာမိ၊ ရွာဖတွေပါ။ မောင်ဘသိန်းမိုနဲ့ ဟောဒီ မခင်ဝင်းချွေဆိုတဲ့ ကျုပ်တို့ရွာသူနဲ့ အိမ်ထောင်ကျပြီး ကလေးတစ်ဦးရနေတာ အမှန်ပါဗျာ။ ကျုပ်တို့ပဲ ရွာမှာ ထိမ်းမြားပေးလိုက်ကြတာပါ။

မခင်ဝင်းချွေက ကလေးကိုချီရင်း အော်ပါရောဗျာ။

''ကိုဘသိန်းမို ... အစ်ကို ဘသိန်းမို၊ ညီမရောက်နေပြီ၊ ခုချက်ချင်း လာတွေ့ပါ အစ်ကို။ အစ်ကိုဘာလို့ ကျွန်မအပေါ် ...''

မင်္ဂလာပွဲ ချက်ချင်းရပ်သွားတယ်။

နှစ်ဘက်မိဘ ဆွေမျိုးတွေ ရင်ဆိုင်ဖြေရှင်းကြရပြီ။

မရှင်လဲ ရှက်လွန်းလို့ ချုံးမည်းချငို။

သတို့သား ဘသိန်းမိုလည်း ဒေါသတွေပေါက်ကွဲ။ မယားကြီးခင်ဝင်းချွေကို သတ်မယ်လုပ်ပါရော။

နောက်ဆုံး ...။

လူပုံအလယ် ပရိသတ်ကြားမှာပဲ ဖြေရှင်းလိုက်ကြတယ်။

နှစ်ဘက်သော လူကြီးမိဘများက တရားသူကြီးတွေပေ့ါ။

''မောင်ဘသိန်းမို''

''ခင်ဗျ''

''မင်းက လူပျိုလား၊ အိမ်ထောင်နဲ့လား''

''ဟို ဟို အိမ်ထောင် အဲ အဲ''

''ဟိုကလေး မခင်ဝင်းချွေ ...''

''ရှင် အဘတို့''

''သမီးက ဘယ်ရွာကတုန်း''

''သမီးက 'သရက်ပင်မောင်နှမ' ရွာကပါရှင့်''

''အိမ်ထောင်ရှိသလား''

''ရှိပါတယ်ရှင့် ...''

''သမီးခင်ပွန်း နာမည်က ...''



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းချွေက ဘသိန်းမောင်ကို လက်ညှိုးထိုးပြီး။

''ဟောဒီဘသိန်းမောင်ကကျွန်မခင်ပွန်းပါ။ ဟောဒီကလေးကသူ့သားပါ။ ကျွန်မနဲ့အတူပါလာတဲ့ လူကြီးများကိုသာ ဟုတ်၊ မဟုတ်မေးကြည့်ပါ အဘတို့''

နောက်ဆုံး ခင်ဝင်းချွေတို့ သရက်ပင်မောင်နှမ လူကြီးတွေကိုယ်တိုင် သက်သေခံကြတော့၊ ဘသိန်းမို မငြင်းနိုင်တော့ဘူး။

ခင်ဝင်းချွေပေါင်ပေါ်မှာ ထိုင်နေတဲ့ ကလေးက ...။ ဘသိန်းမိုကို မြင်တော့... 'အဖေအဖေ' လို့ခေါ်ပြီး... ဖအေထံပြေးသွားရော... ငါတို့ရွာက လူတွေရဲ့ တောက်ခတ်သံဟာ မိုးခြိမ်းသလို ဟိန်းသွားပါရောဟေ့။

ဒီမှာ ... သတို့သမီးအမေ ဒေါ်ဆင့်က ...။

''လူကြီးမင်းများရှင့်... ကျွန်မ စကားအနည်းငယ် ပြောပါရစေ မေးပါရစေရှင့်''

''ပြောပါ ... ဒေါ်ဆင့် ပြောပါ''

''ပထမဦးဆုံး မောင်ဘသိန်းမိုကို မေးပါ့မယ်။ ဘသိန်းမို''

''ဗျာ ဗျာ အမေ''

''ကျက်သရေမရှိတဲ့ နင့်ပါးစပ်က ငါ့ကိုအမေလို့ မခေါ်နဲ့''

'' ......''

''နင့်ကိုလူပျိုလား၊ တစ်ခုလပ်လားမေးတော့နင်ဘာပြောခဲ့လဲသိန်းမို''

''အဲ ... အဲ ...''

''နင့်လို မယားရှိတဲ့ကောင်က ငါနဲ့၊ ငါ့သမီးကို လူပျိုပါလိမ်ညာပြီး၊ ခုလို လူပုံအလယ်မှာ အရှက်ကွဲ မျက်ရည်ကျ နင်လုပ်ရက်ခဲ့တယ်။ ဘသိန်းမို''

''ဟို ... ဟို အမေ''

''တော် ... နှစ်ဘက်မိဘများရဲ့ ရွာမိ၊ ရွာဖများ ကြွရောက်လာကြတဲ့ မိတ်သင်္ဂဟများရှင့် ... ယနေ့၊ ယခုအချိန်ကစပြီး ကျွန်မသမီး အေးမြရှင်နဲ့ လူလိမ်၊ လူညာ၊ လူယုတ်မာ ဘသိန်းမိုတို့ရဲ့ ထိမ်းမြားမင်္ဂလာပွဲကို ကြွလာတဲ့ ပရိသတ်များရှေ့မှာပဲ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း... လူသိရှင်ကြား ကြေငြာလိုက်ပါတယ်ရှင့် ...''






မရှင်အမေဒေါ်ဆင့် စိတ်ထက်တာကို ပထမဦးဆုံး အကြိမ်မြင်လိုက်ရတော့ ... အားလုံး အံ့အားသင့်ကုန်ကြရောကွာ။

ဘယ်သူ ဖြောင်းဖျလို့မှမရဘူး။

ချက်ချင်း ... ဘသိန်းမိုကို မင်္ဂလာမဏ္ဍပ်ကနေ နှင်ထုတ်တာ။ မရှင်လည်း ရှက်လွန်းလို့ အခန်းထဲကမထွက်။

ဒေါ်ဆင့်ရဲ့အမျိုးတွေကလည်း လိမ်ညာလှည့်ဖြားပြီး လူ့ဂုဏ်သိက္ခာစော်ကားတဲ့ ဘသိန်းမိုကို ရိုက်မယ်၊ သတ်မယ် လုပ်ကြလို့။

နှစ်ဘက် လူကြီးတွေထိန်းပြီး၊ ဘသိန်းမိုကို ပြန်ခေါ်သွားကြတယ်။ ဘသိန်းမိုက သူ့မင်္ဂလာပွဲပျက်အောင် လာလုပ်သွားတဲ့ သူ့တိတ်တိတ်ပုန်းမယားကို ငါ့အကြောင်းသိမယ်လို့ ကြိမ်းဝါးပြီး ဂျစ်ကားနဲ့ ပြန်သွားတယ်။

ဒေါ်ဆင့်တို့ကတော့ ကမ္ဘာတွင်ရော အောင်ပါစေရေ။

တီးဝိုင်းသမားတွေ၊ မဏ္ဍပ်ဆင်သူတွေကို လိုအပ်တဲ့ငွေပေးပြီး ဖျက်သိမ်းလို့ ပြန်နိုင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်ထဲမှာ ဒေါ်ဆင့်ရဲ့ ဆွေမျိုးသားချင်းတွေပဲ ကျန်တော့တယ်။ ဒီမှာ ဒေါ်ဆင့်က ငှက်ကြီးတောင်ဓားရှည်ကိုင်ပြီး မဏ္ဍာပ်တိုင်တွေကို ဓားနဲ့တရကြမ်း ခုတ်ပါလေရော မြို့သားရေ။

လူကြီးတွေက ဗိုင်းဆွဲကြ၊ တားကြတယ်။

"ငါ့အနားကိုမကပ်နဲ့။ ကပ်တဲ့လူပါ ခုတ်ပစ်မယ်"

"ရှီး ..."

"ဒုတ် ... ဒုတ်"

"ဝုန်း"

"ဝရော"

"မဆင့် မလုပ်နဲ့ ရပ် ရပ်"

"ကဲဟာ ကဲဟာ"

"ဒုတ် ရှီး ဒုတ်"

"ဝေါ ဝုန်း"

"အမလေး ပြေးကြ ရှောင်"

ဘယ်သူမှ မဆွဲရဲတော့ဘူး။ ဝါးနဲ့ဆောက်ထားတဲ့ မဏ္ဍာပ်တိုင်တွေ ဝေါကနဲ ဝုန်းကနဲ ပြိုကျယိမ်းယိုင်ကုန်တယ်။

အလှဆင်ထားတဲ့ ဓာတ်ပူဖောင်းတွေ၊ ပန်းလိပ်စက္ကူတွေ၊ လေထဲမှာ ပြတ်သတ် လွင့်စင်ကုန်တယ်။

"ဟော့ ငစိန်နဲ့ ငပိန်"

"ဗျာ ... အစ် ... မ"

ဒေါ်ဆင့်က သူ့မောင်ဝမ်းကွဲတွေကို ဓားရှည်ဝှံ့ပြီးခေါ်လိုက်တယ်။

"ဒီခုတ်စတွေ အကုန်ရွာပြင်ကိုသယ်"

"ဗျာ ..."

"ငါပြောနေတာကို မလုပ်ကြဘူးလား"

"လုပ် ... လုပ်"





နတ်ကျသလိုတုန်ပြီး ဘီလူး၊ သရဲစီးသလို မျက်လုံးရဲတွတ် နှစ်လုံးပြူး ပြီး ... ဓားရှည်နဲ့ဝှံ့လိုက်တော့ သူ့မောင်ဝမ်းကွဲတွေရော ... တူသားတွေရော၊ ရပ်ကြည့်မနေရဲတော့ဘူး။

အပိုင်းပိုင်းပြတ်ကျပြိုလဲနေတဲ့မဏ္ဍာပ်ဝါးတွေ အမိုးအကာတွေကို ရွာပြင် အကုန်သယ်ထုတ်ကြတယ်။

"ကုန်ပလား ငစိန်"

"ကုန် ကုန်ပါပြီ အဒေါ်"

"ကုန်ရင် အိမ်ပေါ်က ကုတင်၊ ဘီရို၊ မှန်တင်ခုံတွေကို စောစောက အမိုက်ပုံကို သွားပို့ကြ"

"အဒေါ် အ ... ဒေါ်"

"သယ် ကိုင်းဟာ"

"ရှီး"

"ငုံ့ဟ ငုံ့ ငုံ့"

ဒေါ်ဆင့်က သူ့တူမောင်စိန်ကို ဓားရှည်နဲ့ပိုင်းလိုက်တာဟော့ အငုံ့မြန်လို့ နှို့မို့ စလွယ်ပြတ်ပဲ။

မရှင်ကလည်း အိမ်ပေါ်ကနေအော်။

"အမေ ... မ ... မလုပ်ပါနဲ့ သမီးတောင်းပန်ပါတယ်"

"မလိုဘူး ... မင်း ဝင်မပါနဲ့။ မိဆင့်တဲ့ဟော့။ မြန်မြန်သယ်ထုတ်။ မသယ်တဲ့လူ ငါ့အကြောင်းသိမယ်"

ဒေါ်ဆင့်ရဲ့ယောက်ျားရော၊ တူတွေ၊ မောင်ဝမ်းကွဲတွေရော ဒေါ်ဆင့်ရဲ့ ဒေါသနဲ့ အရှက်ကိုကြောက်လွန်းလို့။

အိမ်ပေါ်တက် မင်္ဂလာအခန်းထဲက ခန်းဝင်ပစ္စည်းများဖြစ်တဲ့ ကုတင်၊ ခြင်ထောင်၊ ဘီရို၊ မှန်တင်ခုံ၊ အဝတ်ထည့်တဲ့ သေတ္တာတွေကို အိမ်အပေါ်ထပ်က ဆောင့်ကန်ချ ပစ်ချကြတာ။ တဝုန်းဝုန်းနဲ့ ကျိုးပဲ့ ပျက်စီးကုန်ရောကွ။

ရွာထဲက လူတွေ မပြောရဲကြဘူး။

မဆင့် ဘယ်လိုမိန်းမလဲ သူတို့သိကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူ ... လူပုံအလယ် ဆွေစုံအလယ်မှာ အရှက်ခွဲခံလိုက်ရလို့ ယမ်းပုံမီးကျ ပေါက်ကွဲနေပြီ။ သူလုပ်နေတဲ့ လုပ်ရပ်မှားတယ်၊ မှန်တယ်၊ မသုံးသပ်တော့ဘူး။

ကျွန်းကုတင်တွေ ပိုင်းပိုင်းကျိုးနေပြီ။

ကျွန်းဘီရိုကြီး ပွင့်ကန် တစ်စစီဖြစ်နေပြီ။

သူ့အမျိုးတွေဟာ ကျိုးရွဲ့နေတဲ့ မင်္ဂလာခန်းဝင်ပစ္စည်းတွေကို ရွာပြင်မှာ စုပုံထားတဲ့၊ မတ္လာပ်ဝါးပုံပေါ် ပစ်တင် စုပုံလိုက်ကြတယ်။

မရှင်ကတော့ ရှက်လွန်း၊ ကြောက်လွန်းလို့ အော်ဟစ်ရင်း သတိလစ်မေ့မြောသွားလို့၊ အပျိုရံလုပ်တဲ့ သူငယ်ချင်း မိန်းမတွေက လှုပ်နှိုး၊ ဆုပ်နယ် အော်ဟစ်နေကြတယ်။

ဒီမှာပဲ ...။

ဒေါ်ဆင့်ဟာ ရေနံဆီဆွတ်ထားတဲ့ ဝါးမီးတုတ်ကြီးကိုင်ပြီး သယ်သွားတဲ့ လူငယ်တွေနောက် လိုက်သွားတယ်။

မတ္လာပ်ဝါးပုံ၊ ခန်းဝင်ကုတင်ပစ္စည်းအပုံလည်းရောက်ရော ရေနံဆီပက်ပြီး မီးတုတ်ကို မီးညှိတယ်။ ပြီး ... ကျယ်လောင်စွာ ကြုံးဝါးလိုက်တယ်။

''ဟဲ့ကောင် လူယုတ်မာ လူလိမ်၊ လူကောက် ငါတို့မိသားစုကို အရှက်ကွဲသိက္ခာကျအောင်လုပ်တဲ့ကောင် ခုချိန်ကစပြီး နင်ပြာကျရစေ့မယ်။ မိဆင့်တဲ့ဟေ့။ ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား''

''ဝုန်း''

သစ်ဝါးပုံပေါ်ကို မီးထွန်းထားတဲ့ မီးတုတ်ပစ်တင်လိုက်တယ်။ ဝုန်းကနဲအသံနဲ့အတူ မီးတောက်၊ မီးလျှံတွေ ထိုးတက်ပြီး ကုတင်၊ ဘီရို၊ သေတ္တာ၊ မတ္လာပ်ပျက် အပုံကြီးကို တဟုန်းဟုန်း တောက်လောင်သွားတော့တယ်။

ဒေါ်ဆင့်ဟာ တရဲရဲ တဟဲဟဲလောင်နေတဲ့ မီးပုံကိုကြည့်ပြီး မြေပြင်ကို ဖနောင့်နဲ့ပေါက်လိုက် ပါးစပ်ကလည်း ကြိမ်းဝါးတောက်ခတ်လိုက်။

ရွာထဲက လူတွေရော၊





မပြန်သေးတဲ့ မင်္ဂလာပွဲလာ ဧည့်သည်တွေဟာ ခပ်လှမ်းလှမ်းကနေ မဝံ့မရဲ တအံ့တသြရပ်ကြည့်ပြီး မဆင့်ရဲ့ ဒေါသနဲ့အရှက်ကို ကြောက်ခမန်းလိလိ ဖြစ်ကုန်ကြတယ်။

ခန်းဝင်ပစ္စည်းပုံကြီး လုံးလုံးလျားလျား ပြာကျသွားတော့မှ ပြာပုံကို ခြေနဲ့ခတ်လို့ တံတွေး ထွေးလိုက်တယ်။

''နင် ... အဲ့ဒီလို ပြာကျရမှာ ဟဲ့''

''နင် ဒီမီးတောက်ပူသလို ပူရမှာဟဲ့''

''နင်လုပ်ခဲ့တဲ့အမှားဒဏ် နင်ခံရစေမယ်ဟေ့။ ဟား ဟား ဟား ဟီး ဟီး ဟီး ဟား ဟား ဟား''

ပြာတွေလေထဲမှာ လွင့်မျောနေတယ်။

ကျိုးကန်းအုပ်ကြီးကလည်း အလန့်တကြား ပျံသန်းအော်ဟစ်လို့။

ကြည့်နေတဲ့လူတွေလည်း အံ့သြကြောက်လန့် ဖြစ်နေကြတာပေါ့ကွာ။ မရှင်ရဲ့အမေ ဒေါ်ဆင့်ဟာ ရွာပြင်ပြာပုံကနေ အိမ်အပြန်လမ်းတစ်လျှောက် အရူးမကြီးတစ်ယောက်လို အော်ဟစ်ကြိမ်းဝါးပြီး ပြန်သွားတာကို ငါတို့မြင်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



''မပြောရင်၊ ကျုပ်တို့အလွန် မဟုတ်တော့ဘူးနော်''

''ပြော ပြောပါ့မယ်ဗျာ... စိတ်ဖောက်ပြီး ထွက်ပြေးသွားတဲ့ လူအမည်က ဟို ဟို ဘသိန်းမိုပါဗျာ''

''ဟင် ...''

''ဟော ... ကျုပ်တို့ရွာသူ မရှင်နဲ့ ... မင်္ဂလာဆောင်ဖို့လုပ်တဲ့ သူဌေးလေး ဘသိန်းမိုလားဟင်''

''ဟုတ် ဟုတ်ပါတယ် နောင်ကြီးတို့ရာ''

''အို ဘယ်လိုဖြစ်ရတာတုံးဗျာ ဟင်''

''မင်္ဂလာပွဲပျက်သွားတော့ ကိုဘသိန်းမို ရူက်ဒေါသတွေဖြစ်ပြီး သူ့မယားနေတဲ့ လေးတော်တင်ရွာကို ဒုန်းစိုင်းပြန်လာခဲ့တယ်။ ပြီး ... လုံရှည်တစ်ချောင်းဆွဲပြီး သူ့မယား(အမှန်ကတော့ ရပ်သိ တိတ်တိတ်ပုန်းမယား) နောက်ကိုလိုက်တာ။ မယားလုပ်တဲ့သူက ကလေးဆွဲပြီး သူ့မိဘများရှိတဲ့ ရွာမှာသွားပုန်းနေတာ မိန်းမရွာက အမျိုးတွေက ဝိုင်းရိုက်တော့ ... အသက်လုပြေးခဲ့ရတယ်။

အံ့သြစရာကောင်းတာက ...။

သူပိုင် မော်တော်နှစ်စီး ရုတ်တရက်မီးလောင် ပျက်စီးသွားခဲ့တယ်။ သူနေတဲ့အိမ်လည်း ဘယ်သူမီးရှို့မှန်းမသိပဲ မီးလောင်သွားခဲ့တယ်။ သူက အရက်မူးပြီး အိပ်ပျော်နေတာ။ ကြည့်ရတာ မီးမှန်အိမ်ကို ကန်မိ၊ ပေါက်မိပြီး လောင်တာနဲ့တူတယ်။

သူနဲ့ သောက်ဖော်တွေက အိမ်မီးလောင်တော့ သူ့ကိုဝင်ဆွဲပွေ့ပြီး အပြင်ထုတ်ခဲ့ကြတာပေါ့။ အဲဒီ အချိန်ကစပြီး၊ သူ့ခန္ဓာကိုယ်က မီးခဲလို ပူပြီး အင်္ကျီ၊ ပုဆိုးဝတ်လို့ မရဘူးဖြစ်သွားတယ်ဗျာ။

''မီးလောင်တဲ့ အရှိန်ကြောင့်လား''

''မပြောတတ်ဘူး။ သူ့ကိုယ်ပေါ်ကို အင်္ကျီဝတ်ပေးရင် မီးလောင်သွားရော။ ပုဆိုးဝတ်ပေးရင်လည်း ပုဆိုး မီးလောင်သွားတာပဲ။ သူ့ခေါင်းမှာ ဆံပင်မရှိတော့ဘူး။ ခန္ဓာကိုယ်ဟာ မီးလောင်ဒဏ်ရာတွေနဲ့ အရေလန်နေတယ်။ ရေကိုအငန်းမရသောက်နေရတယ်။ သောက်ရေ တစ်အိုးလုံး မော့သောက်ပစ်တာဗျာ''

''သောက်နေတဲ့ရေအိုး သူ့ဝမ်းထဲမှာ ခမ်းသွားသနဲ့တူရဲ့။ မဝတော့..ရေစည်ထဲဝင် ရေစိမ်၊ ရေသောက်ပြီး ပြေးတာပဲ''





ပူလှချည်ရဲ့ လောင်လှချည်ရဲ့လည်း အော် ...။

သူ့မယားကို သတ်မယ်။

မရှင်ကို ပြန်ခိုးမယ်။

သူ့အမေဒေါ်ဆင့်ကို ဓားနဲ့အပိုင်းပိုင်းခုတ် သတ်မယ်ဆိုပြီး လုံနဲ့ ... မရှင်တို့ရွာကို ပြေးလာခဲ့တာ။ လမ်းမှာတွေ့တဲ့ မိန်းမကြီးကို မတော်လိုက်ရတဲ့ သူ့ယောက္ခမလောင်း ဒေါ်ဆင့်ဆိုပြီး သတ်ဖို့လိုက်တာ။

မိန်းမကြီးက အော်ပြေး။

ချောင်းတစ်ခုရှိရာ အပြေးမှာ လုံနဲ့ပစ်လိုက်တာ။ ကံကောင်းချင်တော့ လုံရှည်က မိန်းမကြီးရဲ့ ထမီပေါင်ကြားက ဖောက်ထွက်ပြီး ချောင်းထဲကျသွားပါရော။

နောက်ဆုံးမိန်းမကြီးက သူ့အသက်အတွက် ဘသိန်းမိုကိုပြန်နပန်းလုံးပြီး ခုခံတယ်။ ဘသိန်းမိုကလည်း သူနာကျည်းနေတဲ့ ယောက္ခမဆိုပြီး လည်ပင်းကိုညှစ်။ မိန်းမကြီးကလည်း သူဒေါ်ဆင့် မဟုတ်ဘူးလို့ငြင်း။ နောက်ဆုံး ဘသိန်းမိုရဲ့ မျက်လုံးကို လက်နဲ့ထိုးလိုက်ရော။ သူ ညှစ်ထားတဲ့လက်ကိုလွှတ်ပြီး မျက်လုံးပိတ် ဒေါသထွက်နေချိန်မှာ ...။

မိန်းမကြီးက ခြေကုန်သုတ်ပြေးတော့တယ်။

ကျုပ်တို့ရော၊ သူ့မိဘဆွေမျိုးတွေရော... သူ့နောက်ကိုလိုက်ပြီး ဖမ်းကြတာပေါ့။

ဒီလိုနဲ့ ခင်ဗျားတို့ရွာကို ရောက်လာခဲ့တာပဲဗျာ။

''ရွာထဲက ရေအိုးစင်တွေ အကုန်ခွဲပစ်တာ လွန်တယ်ဗျာ''

''တောင်းပန်ပါတယ်ဗျာ။ ပြန်လုပ်ပေးပါ့မယ် နော်''

''ကိုင်း... ကျွန်တော်တို့ ဘသိန်းမိုကို လိုက်ရှာကြစို့ဗျာ။ တော်နေကြာ၊ တွေ့ရာလူကို ရန်လုပ်နေရင် ပြဿနာရှင်းရခက်သွားမယ်ဗျို့ ...''

ဒါနဲ့ ငါတို့ စွဲမိရွှေဘဝင်ရွာက လူငယ်လူကြီးတွေရော၊ လေးတော်တင်ရွာကလူတွေပါ ... လူဖြန့်ရှာခဲ့ကြတယ်။

www.burmeseclassic.com



# ၁၄

''တွေ့ပြီဗျို့ တွေ့ပြီ''

''ကိုကံကြီးမြိုင်တို့ ကိုရွှေဘော်တို့ လာကြဗျို့''

''တွေ့ပလားဟေ့။ ဘယ်မှာတုံးဟေ့ စာကလေး''

''ရွာပြင် ... ပြာပုံမှာဗျ။ မြန်မြန်လာကြ ...''

ရွာပြင်ပြာပုံမှာ ဘသိန်းမိုရှိနေတယ်ဆိုလို့ ငါတို့ရွာထဲက လူကြီး၊ လူငယ်တွေ ရွာပြင်ပြာပုံကို အပြေးသွားကြည့်ကြတယ်။

ငါတို့ရွာသားတွေရော သတ္တိကောင်းတဲ့ ရွာသူတွေပါ ဒေါ်ဆင့်မီးရှို့ခဲ့တဲ့ ပြာပုံရှိရာကို ပြေးလွှားသွားကြည့်ကြတယ်။

''ဟာ ...''

''ဒါဘယ်သူတုန်းကွ''

''အဲဒါ ... သူဌေးလေး ဘသိန်းမိုပဲဗျို့''

''ဟေ ...''

''ဟောတော် ဘယ်လိုဖြစ်တာတုံးတော်။ အမလေး... ဝေ့ ... ဝေ့''

''ဟယ် ပြာတွေကို စားနေတယ်တော်''





မြင်သူတွေရဲ့ နှုတ်ဖျားမှ အံ့သြစကားတွေ ပြောနေကြတယ်။ ဘသိန်းမိုဟာ ကိုယ်တုံးလုံးကြီးနဲ့ကွာ။

သူ့ဦးခေါင်း ဦးရေပြားဟာ မီးစွဲလောင်ထားလို့ အဆီတဝင်းဝင်း ပြဲရဲလို့ကွ။

မြို့သားရေ ...။

ဘသိန်းမိုရယ်ကွာ ကြည့်စမ်း။ ဒေါ်ဆင့် မီးရှို့ဖျက်ဆီးခဲ့တဲ့ မင်္ဂလာခန်းဝင်ပြာပုံပေါ်မှာ တင်ပြင်ခွေထိုင်ပြီး ပြာတွေကို အားရပါးရ စားနေတာ ကိုယ့်လူရေ ...။

လေးတော်တင်ရွာက သူ့အပေါင်းအသင်းချင်းတွေက သူ့ကိုဝင်ဆွဲကြတော့ ပြာတွေနဲ့ ပက်လိုက်တာ၊ ဟိုလူတွေမျက်လုံးထဲ ပြာတွေဝင်ပြီး အချင်းချင်း တိုးတိုက်လဲကုန်ကြရော။

ရှုံ့စရာကွာ။

ပြာတွေကို ထမင်းအလုပ်ကြီးကြီး မြိုချသလို လက်ညှိုးထိုး မျိုချတာ ဝမ်းဗိုက်ကြီး ပူဖောင်းနေပြီကွ။

အလို ...။

ပြာပုံပေါ်ထိုင် ပြာတွေစားလိုက်၊ ပြာတွေခေါင်းပေါ်ဖြူးလိုက် ပြာတွေခန္ဓာကိုယ်လူးလိုက် လုပ်နေတုန်းမှာပဲ ... ဘသိန်းမိုရဲ့ ခန္ဓာကိုယ်ကနေ ... မီးခိုးငွေ့တွေ ထွက်လာတာ။ ပထမ အငွေ့ပျံလာတာ။

နောက် ... အပူလှိုင်း ... မီးခိုးလှိုင်းတွေ ထလာတာဟေ့။

ဘုရားစူးရစေ့ကွာ။

ငါတို့ ဒီလိုထူးဆန်းတဲ့ အဖြစ်အပျက် ဟိုးတုန်းက မမြင်ဖူးဘူး။ အခုမျက်စိရှေ့မှာ မြင်နေရတော့ အရမ်းအံ့သြကြောက်လန့်နေကြတယ်ကွာ။

လူကြီးတွေက အမြင်မတော်လို့ မိန်းမသားတွေကို ရွာထဲပြန်ဝင်ကြလို့ အော်ဟစ်မောင်းထုတ်နေကြတယ်။

ဟိုကောင်က အဝတ်အစားမပါဘူးလေ။

ဟိုမှာကြည့်စမ်း ပြာပုံထဲမှာ လူးလိမ့်အော်ဟစ်ပြီး ပြာတွေကို သွင့်မြှောက်ကြဲနေတာ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ပြာမှုန့်တွေ လေထဲမှာ လွင့်နေတယ်။

''ခင်ဗျား ရက်စက်တယ်''

''နင်တို့ ငါ့အပေါ် ရက်စက်တယ်''

''ပူတယ် ... ပူတယ်။ ငါ့တစ်ကိုယ်လုံး မီးတွေစွဲလောင် ... နေပြီ။ ငါ့ကိုကယ်ကြပါ။ အမေ ... အဖေ ကျုပ်ကိုကယ်ကြပါဗျ။ ဒေါ်ဆင့် ... မ ... ရှင် ... ကျုပ်ကျုပ် တောင်းပန်ပါတယ်ဗျာ။ အား အား ကျုပ်ပြာကျတော့မယ်။ လုပ်ကြပါဦးဗျာ... ရေ ရေပေးပါ။ ရေတိုက်ကြပါ... ငါ့ကို မြန်... မြန်သတ်ကြပါတော့ အား အား အား ...''

''ဝုန်း''

''ဟော့ကောင် ဘသိန်းမိုမပြေးနဲ့ လာလာ ဟော့ကောင်''

''ငမို ငါတို့ပါ။ မင်းညီအစ်ကိုတွေပါ ရပ်ပါ''

''မလာနဲ့။ ငါ့နားကိုမကပ်နဲ့ ကဲ ကဲ ကဲ ဟာ''

ဘသိန်းမို ပြာတွေ၊ မီးကျွမ်းသစ်စတွေနဲ့ သူ့လူတွေကို ပစ်ပေါက်ပြီး ခြေဦးတည့်ရာကို ပြေးပါရောဟော့ ...။

''ဟော့လူတွေ ... သူပြေးနေတဲ့ဘက်မှာ ချောက်ကြီးရှိတယ်။ ချောက်ထဲကျသွားမယ်။ မြန်မြန်လိုက်ဆွဲကြ၊ ဖမ်းကြဗျို့''

ငါ့တို့ အော်ဟစ်သတိပေးရင်း ပြေးလိုက်ရတာပေါ့။

ဘသိန်းမို ပြေးနေတဲ့ရှေ့မှာ အလွန်နက်တဲ့ ချောက်ကြီးရှိတယ်။ အမှန်က တွင်းနက်ကြီး။ ရေတွင်းနက်ကြီးလိုပဲ။ အလွန်နက်လွန်းလို့ မီးထိုးကြည့်ရင်တောင် အောက်ခြေမမြင်ရဘူး။ ချောက်ကျင်းနက်ကြီးထဲက အငွေ့တွေထွက်နေလေ့ရှိတယ်။

ကျွဲ၊ နွားကျသွားရင် ပြန်ဆယ်ယူလို့ မရဘူး။

အထဲမှာ သားကောင်လှုပ်ရှားသံမျိုး ကြားရတယ်။

အငွေ့ပူပူတွေလည်း လှိုင်းထတက်နေတာရှိတယ်။

ကျင်းနက်ကြီးကို ကျောက်တုံးတွေ ကျောက်ငုတ်တွေ ပတ်ရံထားလို့ အန္တရာယ်မြေမှန်း သိမြင်ကြရတာ။

ဒီနားကို ကျွဲ၊ နွား လွှတ်မကျောင်းဘူး။





အငွေ့ပူပူတွေက အရှိန်ရရင် ဝန်းကျင်ကို အငွေ့ရိုက်လို့ပဲ။ နဂါးတွင်း၊ အသူရာတွင်း၊ ငရဲတွင်းလို့ ပြောကြတာပဲ။

အောက်ကိုကျသွားရင် ပြန်ရှင်ရိုးထုံးစံမရှိဘူး။

အခု အရူးဘသိန်းမို အဲဒီကျင်းနက်ကြီးရှိရာကို ဦးတည်ပြေးနေတာ။

''ဟော့ကောင် မပြေးနဲ့ရပ်''

'' ......''

''မောင်မို ရှေ့မှာ ကျင်းနက်ကြီး။ နဂါးတွင်းကြီး မပြေးနဲ့ရပ် ... ရပ်''

ဘသိန်းမို လုံးဝမရပ်ဘူး။

အဝတ်မဲ့ခန္ဓာကိုယ် ပြာလူးပေ ခန္ဓာကိုယ် အငွေ့ထောင်းထောင်းနဲ့ ပြေးလိုက် လဲလိုက်၊ ထလိုက် ဒယိမ်းဒယိုင် ဖြစ်သွားလိုက်ရင်းက ...။

''ကျုပ်လာပါပြီဗျ''

''ကျုပ်သေဖို့လာနေပါပြီ''

''ကြိုကြပါဗျို့ ... ပြေးကြိုကြပါဗျ ဟီး ဟီး''

''မရှင် ... ငါမင်းကိုချစ်ပါတယ် မရှင်ရဲ့ ဟီး''

''ဒေါ်ဆင့် ... ခင်ဗျား ရက်စက်တယ်။ ရက်စက်တယ်။ ကျုပ်ကို ခင်ဗျား သေမိန့်ပေးလိုက်တယ်။ ကျုပ်သေပါ့မယ်ဗျာ''

''ခင်ဗျား စိတ်ချမ်းသာကျေနပ်ဖို့ ကျုပ်သေမယ်ဗျို့ ဟား ဟား ဟား ဟား ဟီး ဟီး ဟီး ဟီး''

''မောင်မို ရပ် ရပ်''

''ဘသိန်း မပြေးနဲ့ ... ရှေ့မှာချောက်ကြီး''

တားလို့မရဘူး။

သူ ချောက်နက်ကြီး ကမ္ဘားမှာ တင်နေတဲ့ လူခေါင်းလိုလို ... ဘီလူးခေါင်းလိုလို ကျောက်တုံးပေါ်ခုန်တက် ရပ်လိုက်တယ်။

ငါတို့ရော၊ သူ့လူတွေရော သူ့အနီးကို ရောက်လာကြပြီး မေတ္တာရပ်ခံပြီး တားကြတယ်။

''မရှင်ရေ ... ငါသွားပြီဟေ့''

''ဒေါ်ဆင့် ... ကျုပ်သွားပြီဗျို့''



www.burmeseclassic.com

www.burmeseclassic.com



''ဦး''

''ဝေါ်''

မြို့သားရေ၊ အဲဒီလို အော်ဟစ်ပြီးနောက် သူရော၊ ကျောက်တုံးကြီးပါ ချောက်နက်ကြီးထဲကို ပြုတ်ကျသွားခဲ့တယ်။

ယောက်ျားကြီးတွေ အော်ဟစ်သံတွေ ညံသွားတယ်။

အချို့က ချောက်ထဲကို ငုံ့ကြည့်ကြတယ်။

တိုးညှင်းတဲ့ ကျသံပဲကြားရတယ်။ ငုံ့ကြည့်တုန်းမှာပဲ ... အပူဓာတ်ငွေ့တွေ ဝုန်းကနဲ ခုန်တက်လာလို့ နောက်ပြန်ဆုတ်ပြေးကြတယ်။

ဘသိန်းမိုရဲ့ ညီအစ်ကိုသားချင်းတွေ တောက်ခတ်ကြတယ်။ ဟစ်အော်ငိုလိုက်ကြတယ်။

အခုတော့ ...။

အချစ်အတွက် လိမ်ညာမှုကို ထုပ်ပိုးလာတဲ့ အချစ်ရူး အလှမက်သူကြီး။

သူ့ကြောင့် အရှက်တကွဲ ဖြစ်ခဲ့ရတဲ့ နာကျည်း၊ တုံ့ပြန်၊ ဝဲသြဂ ဒဏ်ရာတွေကြားမှာ ဘဝပြောကျခဲ့ပြီပေါ့။

ငါတို့ရွာက လူတိုင်းသိတယ်။

ဒါ... မရှင်ရဲ့အမေ ဒေါ်ဆင့်ရဲ့ပြုစားချက်ကြောင့် ဘသိန်းမို ဘဝပျက်၊ အသေဆိုးနဲ့ သေရတာ။

ဘသိန်းမိုက ပညာသည်ကြီးကို ညာခဲ့တာကိုး။

သူ့ရဲ့ ညာလုံးဖြီးလုံးကြားမှာ အရှက်ကွဲခံရတာကိုး။

ဒေါ်ဆင့်က အညှိုးကြီးတယ်။ ဒေါသကြီးတယ်။

သူ့မာနနဲ့ သူ့ယုံကြည်မှုလမ်းစဉ်ကို ထိပါးလာရင် သူစိမ်းရယ်၊ ဆွေမျိုးရယ် သားသမီးရယ်လို့ မညှာဘူး။ သူ့အကြောင်းသိအောင်ကို လုပ်ပြတာ။

အားလုံးကလည်း ဒေါ်ဆင့်လုပ်လို့ သေရတာပဲလို့ မှတ်ယူကြတယ်။ သို့သော် ... ရဲရဲကျယ်ကျယ် မပြောဘူး။

ဘာလို့လဲသိလား။

တို့ရွာမှာ အာကျယ်မောင်ဝိုက်ဆိုတဲ့ လူရှိတယ်။

သူက ... ရွာထဲ လျှောက်ပြောတာကွ။





ဘသိန်းမိုသေတာ ဒေါ်ဆင့်ပညာနဲ့လုပ်လို့ အသေဆိုးဘဝဖြစ်ပြီး သေရတာ။

ဒေါ်ဆင့်က စုန်းမအကြီးစားကြီး။

ကဝေပုံကြီး... ဇော်ဂနီကြီးလို့ အာချောင်ပြီး လိုက်ပြောတာ။ တစ်အိမ်သားလုံး စုန်းတွေချည်းပဲလို့ ရှူ့ချတာ။ လူကြီးပိုင်းက မပြောနဲ့လို့တားတယ်။

အာကျယ်မောင်ဝိုက်က စုန်းများကြောက်ရင် စွဲမိရွှေဘဝင်ရှာ လူလာမလုပ်ဘူးတဲ့။

အဲဒီလိုပြောပြီး နှစ်ရက်အကြာ ...။

အာကျယ်မောင်ဝိုက် ပါးစပ်ထဲကနေ လျှာကြီးတန်းလန်းထွက်နေတာ။ မရှိဘူးဆို လျှာအရှည်က လက်တစ်ထွာကျော်တယ်။ ပြန်သွင်းလို့လဲ မရဘူး။ ပါးစပ်ထဲက သွားရေနဲ့အတူ လောက်တွေတဖွားဖွား ကျလာတာဟေ့။

အာကျယ်မောင်ဝိုက် အော့အန်၊ ငိုယို၊ မျက်ရည်ကျ။

သူ့အဖြစ်ကို ဘယ်သူမှ ကယ်လို့မရဘူး။

ဘာစားလို့ဖြစ်တာလဲမေးလည်း မစားဘူးလို့ ခေါင်းယမ်းပြတယ်။ နတ်စင်ကို သေးနဲ့ပန်းခဲ့လို့လား မေးကြတာပေါ့။ ဆေးဆရာခေါ်ပြတော့ ဆေးဆရာက မရိုးဘူးတဲ့။

ကွင်းကိုင်တာလား။

နတ်ကိုင်တာလား မေးတော့ ပယောဂတဲ့။

ဘာပယောဂလဲဆရာလို့ မေးတော့

ပညာသည်လက်ချက်တဲ့ ဟုတ်မှာပဲကွ။

ပါးစပ်ထဲက လောက်တွေ တဖွားဖွားကျနေတာပဲကွာ။ ရေလဲ မသောက်နိုင်၊ အစာလည်းမစားနိုင်။

မြို့ဆေးရုံသွားပြဖို့ လှည်းပြင်ကြတယ်။

ဒီမှာပဲ ...။

ဒေါ်ဆင့်တို့အိမ်က ထမင်းချက်၊ အဝတ်လျှော်တဲ့ ဒေါ်ချစ်တီးရောက်လာပြီး တစ်ယောက်ကို တိုးတိုးပြောသွားတယ်။ ဒေါ်ဆင့်ကို လက်အုပ်ချီပြီး တောင်းပန်လိုက်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆင့်လုပ်တာလားလို့မေးတော့။

အခုပြောတဲ့အတိုင်းသာ လုပ်လိုက်တဲ့။

မလုပ်ရင် နေ့မကူးဘူး။ သေလိမ့်မယ်တဲ့။

ဒေါ်ချစ်တီးက ပြောပြီးခပ်သုတ်သုတ် ပြန်သွားတယ်။ ငါ့လူမြို့သားကို ပြောရဦးမယ်။ ဒေါ်ဆင့်အကြောင်း ဘယ်လိုလုပ်ပြီး ငါတို့သိတာလဲ ... မေးရင် ဖြေမယ်ကွ။

ထမင်းချက်အိမ်ဖော် ဒေါ်ချစ်တီး တိုးတိုးပြောပြ သတိပေးလို့ သိရတာ။

မရှင်တို့ ဒေါ်ဆင့်တို့အိမ်က နွားတဲကိုင်တဲ့ ကိုကျောက်တောကြီးက ငါတို့ညီအစ်ကို ဝမ်းကွဲကွ။ သူပြောပြလို့ ... ဘာသိန်းမိုတို့ ဖြစ်ရပ်ပါသိခဲ့ရတာ။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ။

ဟုတ်ချင်လည်းဟုတ်ပေါ့။

အာကျယ်ငပိုက်ကလည်း အာချောင်ပြီး ဒေါ်ဆင့်တို့ မိသားစု စုန်းမျိုး၊ ကဝေမျိုးလို့ ပြောဆိုရှုံ့ချခဲ့သကိုး။

ကဲ ... အာကျယ်။

မင်းလဲ ဒေါ်ဆင့်တို့မိသားစုကို ရှုံ့ချခဲ့တာပဲ။

မင်းအာချောင်လို့ ခုလိုဖြစ်ရတာနေမှာ။

မင်းလျှာကြီး အထဲပြန်ဝင်ချင်လား အာကျယ်။

'အင်း' လို့ ခွေးမသား ခေါင်းညိတ်တယ်။ ဒီအချိန်မှာ လှည်းကလည်း ပြင်လို့ပြီးပြီ။ ဆေးရုံသွားဖို့အသင့်။

အာကျယ်မောင်ပိုက်ကိုနားချပြီး လက်အုပ်ချီလို့ တောင်းပန်စေတယ်။ တောင်းပန်တဲ့စကားကို ဘကြီးကိုငွေလုံးက ပြောပေးတယ်။

''ဒေါ်ဆင့်ခင်ဗျား။ ဟောဒီ လူငယ်လူ့မလိမ်မာလေး ဒေါ်ဆင့်တို့အပေါ် ပြောမှားဆိုမှားများ ပြုခဲ့မိပါတယ်။ အခု မောင်ပိုက်ကြီးမှာလည်း ဆိုးဝါးသော ဝေဒနာကို ခံစားနေရပါတယ်။ အသက်ရှူရလည်း ခက်နေပါပြီ။ မောင်ပိုက်ကြီးက သူ့အမှားကို သူသိပြီးနောင်တလည်းရနေပါပြီ။ ဒါကြောင့် မယ်တော်ကြီးဒေါ်ဆင့်က မလိမ်မိုး မလိမ်မာ တစ်ခါငမိုက်ကို သည်းခံခွင့်လွှတ်ပြီး ကုသကယ်တင်ပေးပါလို့ မောင်ပိုက်ကြီးရဲ့ ဆန္ဒအတိုင်း ပြောဆိုတောင်းပန်ပါတယ်။ မြင်မကောင်း





ရှုမကောင်း ရောဂါဝေဒနာကို သက်သာပျောက်ကင်းအောင် ကူညီကုသပေးပါလို့ မောင်ပိုက်က ရှိခိုးကန်တော့ တောင်းပန်ပါတယ်။ မယ်တော်ကြီး ဒေါ်ဆင့်ခင်ဗျား။

မောင်ပိုက်ကြီးကို ဝိုင်းထူပေးပြီး ... ဒေါ်ဆင့်တို့အိမ်ရှိရာ မျက်နှာလှည့်လို့ ကန်တော့ တောင်းပန်စေတာပေါ့။

အင်း ... ကန်တော့တောင်းပန်ပြီးလည်း လျှာကြီးက ပြန်မဝင်ဘူးကွ။ လောက်တွေသာတဖွားဖွားကျပြီး နံဟောင်နေတာ။

အချို့ ပြောကြရော။

''မဟုတ်မဟပ်တွေဗျာ... စုန်းမကိုကန်တော့လို့ ပျောက်မယ်ဆို... ဆေးရုံနဲ့ဆရာဝန် မလိုတော့ဘူးပေါ့ ...ကဲ''

''ဆေးရုံသာ အမြန်ပို့ကြပါဗျာ''

''အချိန်လွန်ပြီး အာကျယ်သေနေဦးမယ်ဗျ''

''ဒေါ်ဆင့်ထမင်းချက်ပြောတိုင်း လုပ်တာများ အံ့ရော။ ဒေါ်ဆင့်က ဒေါက်တာဘွဲ့ရလို့လား''

''ကိုင်း ... တော်ကြပါတော့''

''လူနာကို လှည်းပေါ်တင်ကြ''

အားလုံး ဝိုင်းပွေ့တင်ကြတယ်။ အာကျယ်ငပိုက်ကတော့ အူး ဝူး အူး အသံထွက်လို့ လဲ့နေလို့လည်းမရဘူးတဲ့။ လှည်းရုံတိုင် မှီထိန်းပြီး မြို့ဆေးရုံရှိရာ လှည်းကို ဒုန်းစိုင်းမောင်းခဲ့ကြတယ်ကွ။

ရွာပြင်ထွက်တဲ့တံခါး ရောက်ရော။

မောင်ပိုက်က ငါ့ကိုလက်ကုပ်တယ်။ ဒါနဲ့ငုံ့ကြည့်လိုက်ရော။ အမလေး မြို့သား အဝယ်တော်ကြီးရေ။ အံ့ရောဟေ့။

ဘုရားရေ ...။

အပြင်ကို တစ်ထွာခန့်ထွက်နေတဲ့ လျှာကြီးရယ်။ အာကျယ်ငပိုက်ရဲ့ ပါးစပ်ထဲ ပြန်ဝင်နေပါရောဟေ့... လှည်းပေါ်ပါလာတဲ့လူတွေလည်း အံ့သြကုန်ကြတာပေါ့။

လှည်းကို တုံ့ခနဲ ရပ်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အာကျယ် ..."

"အေ ..."

"မင်းလျှာကို ထုတ်လိုက်၊ သွင်းလိုက် လုပ်စမ်း"

အာကျယ်က လျှာကို ထုတ်လိုက်သွင်းလိုက်လုပ်ပြတယ်"

"ဟေ ..."

"စကားပြောလို့ရလား ဟော့ကောင်"

"ရတယ် ..."

"အေ... ပြောစမ်း မင်းရည်းစားနာမည် ဘယ်လိုခေါ်တုံး အာကျယ်"

"မ ... မခင်ကြည်"

"ဟာ ရွာရိုးမသားရ၊ မခင်ကြည်က ငါ့နှမဟ ..."

"ဟား ဟား ဟား ဟား ဟား အာကျယ်စကားပြန်ပြောနိုင်ပြီဟေ့။ အာကျယ်သီချင်းဆိုလို့ရပြီကွ"

လှည်းပေါ်မှာ ဝမ်းသာအားရ ပွေ့ဖက်ထုဆွဲ အော်ဟစ်ရယ်မောကြတာပေါ့။ စောစောက လျှာတန်းလန်း လောက်ထွက်။

အခု ... နဂိုအတိုင်း ကောင်းသွားပြီ။

"ဆေးရုံသွားဦးမလား အာကျယ်"

"ဒီမှာ အာကျယ်ငပိုက်က ဘာပြောမှတ်တုံး ..."

"ဆေးရုံမသွားတော့ဘူး ချက်ကွဲရေ၊ ငါကောင်းသွားပြီ။ မင်းနှမ အိမ်သာပို့တော့ ..."

"ဟား ဟား ဟား ဟား ဟား"

"အဟတ် အဟတ် အဟတ်"

"ရွာရိုးမသား လှည်းပေါ်တင်အသက်ထွက်ရင် ရွာစည်လိုက်မဲ့ ဖြစ်ခြင်းကွာ ဖွီ"



## ၁၅

"မြို့သားကို ကျုပ်ဇာတ်စုံခင်းပြတဲ့အတွက် ဒီအကြောင်း ကိုယ်သိ၊ ကိုယ့်ဝမ်းထဲပဲထားပါ။ အဝယ်တော်ကြီး"

မောင်ရင်က အေးမြရှင်ကို စိတ်ဝင်စားတယ်။

အေးမြရှင်ကလည်း မောင်ရင့်ကို စိတ်ဝင်စားတယ်။

မောင်ရင်က သူ့ကို လက်ထပ်ယူချင်တယ်။

မောင်ရင် သူ့အပေါ်ထားရှိတဲ့မေတ္တာကို ကျုပ်လေးစားပါတယ်။ မောင်ရင့် စိတ်ကို ခန့်မှန်းမိလို့လည်း မရှင်က သူ့ကိုချစ်ရင်၊ ကြိုက်ရင် ဇနီးမယား အဖြစ် ဆက်ဆံချင်ရင် သူမရဲ့အကြောင်း စုံစမ်းကြည့်ပါလို့ ပြောခဲ့တာပေါ့။

မရှင်တို့ မိသားစုအကြောင်း ...။

မင်္ဂလာလက်ထပ်တဲ့နေ့မှာပဲ မင်္ဂလာပွဲပျက်ခဲ့ရတဲ့ မရှင်ရဲ့ ကြေကွဲစရာ ဘဝ အရှက်ကွဲခဲ့ရတဲ့အထိ။

အခု ... မောင်ရင့်ကို သိသမျှပြောခဲ့ပြီးပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ... သူတို့မိသားစု ... အထူးသဖြင့် သူ့အမေဒေါ်ဆင့်ကို အပုတ်ချ သိက္ခာချ ပြောနေတာ မဟုတ်ဘူးနော်။

တော်ကြာ... အာကျယ်ငဝိုင်းလို ငါလျှာတန်းလန်းဖြစ်နေမှာလဲ စိုးရိမ်သေးသကွ။

ကိုင်း ... အခု မောင်ရင်မြို့သား အဝယ်တော်ကြီး မရှင်တို့မိသားစု ဘဝကို သိပြီ။

ကိုင်း ... မောင်ရင် ဘာဆက်လုပ်ချင်လဲ။

''ကိုစိန်လက်သန်း''

''ပြော ... အဝယ်တော်မြို့သား''

''ခုပြောပြတာ အမှန်အကန်ပဲပေါ့နော်''

''မယုံရင် ... တစ်ရွာလုံး လိုက်မေးကွာ။ မရှင်တို့ရဲ့ မောင်ဝမ်းကွဲတွေ ဒီစွဲမိရွှေဘဝင်ရွာမှာ နေကြတာပဲကွာ။ ငါ့လူချဉ်းကပ်မေးကြည့်ပါ။ မင်းအခုနေတဲ့ အိမ်က ဘကြီးမောင်စုန်ကိုမေးကြည့်။ ဘကြီးမောင်စုန်က ဒေါ်ဆင့်ယောကျ်ား လူအေးကြီးဦးဒီပါရွှေနဲ့ သူငယ်ချင်းပဲ။ မေးကြည့် ငါ့လူ ဘာသိချင်သေးလဲ။ ပြော''

''မရှင်ကို နောက်ထပ်လိုချင်တဲ့ ယောကျ်ားသားတွေ လာမတွေ့ကြဘူးလား။ အစ်ကိုစိန်လက်သန်း''

ကာလသားခေါင်းက အရက်တစ်ခွက်မော့လိုက်ပြီး ...။

''ဗွီ... လာကြ။ တွေ့ကြ၊ ပိုးကြတာပေါ့ကွာ။ နတ်သမီးရှုံးအောင်လှတဲ့ မိန်းမချောကို ချစ်တဲ့ကြိုက်တဲ့သူတွေ ရှိကြတာပေါ့။ အေး... အေးမြရှင်ရဲ့ အမေ ဒေါ်ခင်ထားဆင့်နဲ့ နောက်ဆုံးလက်ထပ်ရေး စကားပြောတဲ့အဆင့်ရောက်ရင်၊ ထွက်ပြေးကြတော့တာပဲ ငါ့လူရေ။ မရှင်ကို ချစ်တဲ့လူ အများကြီးပဲ။ မယူရဲကြဘူး။ ဘာလို့မယူရဲလဲဆိုတော့ မရှင်ရဲ့အမေကြောင့်ပဲ။ သူ့ကို ကြောက်လို့ပဲ။ သူ့အလိုကို မလိုက်နိုင်လို့ပဲ။ ကိုင်း ... မေးစရာမရှိရင် ပြန်တော့မယ်ကွာ''

''ကျေးဇူးပါပဲ အစ်ကိုရာ။ ထပ်ယူဦးမလား''

''တော်ပြီကွာ။ အေ့ ဂ့ ဒီမှာ ငါ့ ...ညီ ...''





''လှတာမက်ရင်၊ ညစာခက်သတဲ့ကွ... အေ့ အချစ်ရဲ့ အလိုကို လိုက်လျှော့တာ ကြည့်လိုက်လှော ... ခုနေငါ့ကို မရှင်ကိုယူမလားလို့မေးရင်''

''ယူမှာလား အစ်ကိုလက်သန်း''

''ထွီ ... လုံးဝပဲငါလူ''

''ဒီလိုချောတဲ့ မိန်းမကို ဘာလို့မယူချင်ရတာလဲ အစ်ကိုရ''

ကာလသားခေါင်းကိုစိန်လက်သန်းက နောက်ဆုံးလက်ကျန်အရက်ကို မော့လိုက်ပြီး ... ဟန်ချက်ပျက်သွားတဲ့ ခန္ဓာကိုယ်ကို ပြန်ထိန်းမတ်ရင်း ...။

''ဘာလို့ ...မ ... ယူ ... ချင်တာလဲ ... ဟုတ်လား အေ့''

''ဟုတ်ကဲ့''

''ဒီမှာ မြို့သား အဝယ်တော်ကြီးရေ။ ငါက မရှင်လို ဒေဝစ္ဆရာနတ်သမီးနဲ့ ဖက်အိပ်ပြီး၊ ဟိုငရဲပြည်ကို ဖောက်ထိုးခွေးကျ ... မသွားချင်လို့ပဲဟေ့ ဗွီ ... အေ့''

www.burmeseclassic.com

www.burmeseclassic.com




ငါ လုပ်ငန်းကိစ္စရှိလို့ ခေတ္တတည်းနေတဲ့ ဘကြီးငွေစုန်တို့ အိမ်ကို ပြန်ရောက်တော့ ဘကြီးစုန်ကို မေးရတယ်။

"အဘစုန်"

"ဘာတုန်း မောင်အောင်ပါစေ"

"အဘစုန်ကို သိချင်တာလေး မေးမလို့ပါ။ အဘ အိပ်ချင်နေပြီလား ဟင်"

"မအိပ်ချင်သေးပါဘူး လူလေး အဘစုန်က သန်းခေါင်ကျော်မှ အိပ်တာပါ လူလေးရဲ့။ ဘာများ မေးချင်လို့တုန်း"

"ဒီလိုပါ ..."

"အေး ... ဘယ်ဒီလိုတုန်း"

"ဟို ... ဟို လေ... မရှင်တို့ မိသားစုအကြောင်း အဘစုန် ဘာသိလဲ ဟင်"

အဘစုန်က ငါ့မေးခွန်းကြောင့် အံ့အားသင့်သလိုဖြစ်ပြီး ငါ့ကို စူးစမ်းတဲ့ မျက်လုံးနဲ့ စိုက်ကြည့်နေတယ်ကွ။





"မောင်အောင်ပါစေ"

"ခင်ဗျာ အဘစုန်"

"ပြန်ပြောပါဦး နားကြားလွဲသလားလို့"

"ဟိုလေ... မရှင်နဲ့ သူတို့အမေအကြောင်းကို သိချင်လို့ပါအဘ..."

"ဘာလို့ သိချင်တာလဲ"

"ကျွန်တော် စိတ်ဝင်စားလို့ပါ ခင်ဗျ"

"လူလေးစိတ်ဝင်စားတာ မရှင်ကိုလား သူ့အမေကိုလား"

"အားလုံးကိုပါ အဘ"

"လူလေးအဘကိုမညာပါနဲ့။ မရှင်ကိုလည်း စိတ်ဝင်စားနေတာမဟုတ်လား ပြော"

"အဲ ... အဲ"

"အဘလည်း ငယ်ရာက ကြီးလာတာပါကွ။ မရှင်နဲ့မင်းတို့ရဲ့ ဆက်ဆံရေးကိုကြည့်တာနဲ့ ဘယ်ကမ်းကပ်မယ်ဆိုတာ သိတာပေါ့။ လူလေးရာ ဟား ဟား ဟား ဟား"

ငါလည်း ရှက်ရွံ့ဟန်နဲ့ ခေါင်းငုံ့နေရောကွ။

"မရှင်တို့အကြောင်း ဘာတွေကြားလို့လဲ ပြော"

"မရှင်တို့မိသားစုက စုန်း၊ ကဝေ၊ ပညာသည်တွေလို့ ပြောကြတယ်။ ဟုတ်လား ဟင်"

"စုန်းကဝေ ပညာသည်"

"ဟုတ်ကဲ့"

"နောက်ဘာတွေ ကြားခဲ့လဲ"

ဒါနဲ့ ငါက ... မရှင်ရယ်၊ သူဌေးသား ဘသိန်းမိုနဲ့ ... လက်ထပ်ထိမ်းမြား မင်္ဂလာပွဲပျက်ရတဲ့ အကြောင်းနဲ့။

မရှင်အမေ ဒေါ်ဆင့်ရဲ့ဒေါသ။

သူဌေးသား ဘသိန်းမို အရှက်တကွဲဖြစ်ပြီး ... နဂါးငွေ့တွင်း ချောက်ထဲ ခုန်ချ သေသွားတဲ့အကြောင်းကို ပြောပြလိုက်တယ်။

"အဲဒါ ဟုတ်လားဟင် အဘစုန်"



www.burmeseclassic.com

www.burmeseclassic.com



'' ...... ''

''စုန်းမျိုးဆိုတာရော ဟုတ်လားဟင်''

''မောင်အောင်ပါစေ''

''ဗျာ အဘစုန်''

''နဂါးငွေ့တွင်းချောက်ရှိရာ ရောက်ခဲ့လား''

''မရောက်သေးဘူးခင်ဗျ''

''မင်းကောင်တွေ လိုက်မပြဘူးလား''

''မပြသေးဘူး အဘ''

''ပြာပုံနေရာရော မရောက်သေးဘူးပေါ့''

''ဟုတ်ကဲ့ မရောက်သေးဘူး ခင်ဗျ''

''လူလေး''

''ခင်ဗျာ အဘစုန်''

''မရှင်က စုန်းမပဲ''

''ဗျာ ...''

''သူ့အမေ မဆင့်က အိန္ဒတလိန္ဒစုန်းမ''

''ဗျာ ... တကယ်''

''လူကလေးကို ကြိုပြောမပြမိတာ နားလည်ပေးပါ လူလေး။ အဘစကားမရှုပ်ချင်ဘူး။ တရားမရှုပ်ချင်ဘူး။ သို့သော်... လူကလေး အောင်ပါစေက မရှင်ကို စိတ်ဝင်စားတယ်။ ချစ်နေတယ် မဟုတ်လားဟေ့''

''ဟုတ် ဟုတ်ကဲ့ပါ အဘ''

''ရွာထဲက လူအချို့ကလဲ မရှင်တို့မိသားစုအကြောင်း မင်းကိုပြောပြခဲ့ပြီဆိုတော့ ငါလဲ သိသမျှပြောရတာပေါ့။ မရှင်ရဲ့ အမေက အိန္ဒတလိန္ဒစုန်းအကြီးစားပဲ။ သူ့သမီးမရှင်က မောက်လုံးစုန်း။ မောက်လုံးစုန်းက အသွေးအသားအရေကိုစားတယ်ကွ။ လူတစ်ယောက်ကို ထိရ၊ နမ်းရ၊ ကိုင်ရရင် သူပြုစားလို့ရတယ်။ စုန်းပညာကျမ်းမှာ မောက်လုံးစုန်းကိုမှ 'စုန်း' လို့ခေါ်တာ။ သူ့ရှေ့မှာ ခြေစုန်း(ရွာသူ)၊ ခေါင်းစုန်း(နဖားတပ်)၊ ကိုယ်စုန်း(ဆင်ကွပ်) ဆိုတာရှိတယ်။





စုန်းအပျော့စားတွေ ခေါ်တာပေါ့။ ပညာအဆင့်အတန်းအရပြောရင် အခြေခံက ရွာသူ၊ပြီးရင် နဖားတပ်၊ ပြီးရင် ဆင်ကွပ်၊ ဒီသုံးတန်းကိုကျော်လာရင် မောက်လုံးစုန်းအဆင့်ကို ရောက်တာပဲ။ ရွာသူတို့၊ နဖားတပ်တို့၊ ဆင်ကွပ်တို့ကို စုန်းလို့မခေါ်ဘူးကွ။ မောက်လုံးကိုမှ စုန်းလို့ခေါ်တာ။ မောက်လုံးထက်မြင့်တာ မောက်ပြားတဲ့။ မောက်ပြားကို (ရွာသမီး) လို့သမုတ်ကြတယ်။ မောက်လုံး၊ မောက်ပြား၊ ထက်မြင့်တာက အိန္ဒတလိန္ဒစုန်းပဲ။ အကြော်၊ အလှော် အဆိမ့်ကိုစားတယ်။ နာမည်သိတာနဲ့ သူ့လက်အောက်ငယ်သား (၃၇)မင်း နတ်တွေကို စေပါး၊ ခိုင်းစေဖမ်းစားလို့ရတယ်ကွ။ အိန္ဒတလိန္ဒစုန်းကို ဇော်ဂနီလို့ခေါ်တယ်။ နောက်ဆုံးက ကဝေမြောက်စုန်းပဲ။ လူရိုး၊ လူသား၊ လူသွေးကိုစားတာ။ ကြောက်စရာကောင်းတယ်။ ဇော်ဂနီထက်ကြမ်းတယ်။ သူ့ကို 'ကဝေ' လို့ခေါ်တယ်။ စုန်းတိုင်း ကဝေမဟုတ်ဘူး။ ကဝေက ကဝေအဆင့်ပဲ၊ ဇော်ဂနီက ဇော်ဂနီအဆင့်ပဲ။ စုန်းမလို့သိမ်းကျုံးပြောနေတာမှားတယ်ကွ။ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်းခေါ် ရွာသူ၊ နဖားတပ်၊ ဆင်ကွပ်တို့ကို စုန်းမတွေလို့ ပြောလို့မရဘူး။ စုန်းမ မောက်လုံးစုန်းရဲ့လက်အောက်က ပညာနုသူတွေပဲ။

မရှင်ရဲ့အမေက အိန္ဒတလိန္ဒစုန်းမကြီး။ ဇော်ဂနီ အောက်နတ်တွေကို ခေါ်ခိုင်း၊ အမိန့်ပေးခိုင်းလို့ရတယ်။ သူတို့ကိုယ်တိုင်က သတ်ခဲတယ်။ အစိမ်းသရဲနတ်စိမ်းတွေကို ခိုင်းစားတာ။ အမိန့်ပေးသတ်ခိုင်းတာ။ သူ့ရဲ့နောက်ဆုံးပညာအဆင့်က ကဝေအဆင့်ပဲ။ ကဝေမဖြစ်သေးဘူး။

သူ့သမီးကြီး မရှင် မောက်ပြား၊ မောက်လုံးအဆင့်ကို တတ်မြောက်လို့ သူ့အမေခြေရာ အိန္ဒတလိန္ဒ စုန်းအတတ်ကို စသင်ယူပြီဆိုရင် ... သူ့အမေ မဆင့်က (ကဝေ)အဆင့်ကို တက်လှမ်းရမယ်။

သူတို့မှာ ပညာတက်တဲ့ နည်းလမ်းတွေရှိတယ်။

စည်းကမ်းဥပဒေတွေရှိတယ်။

သစ္စာဆိုရတာရှိတယ်။

ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ရတဲ့ နည်းထုံးတမ်းတွေရှိတယ်။ ဆရာ့ဆရာကြီးတွေ ကဝေမြောက်ကြီးတွေရှိတယ်။ အဘသိသလောက်ကတော့... မရှင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေ ဒေါ်ဆင့်က သူတစ်ပါးကို ရက်ရက်စက်စက် ပြုစားနှောင့်ယှက်တာ ရှားပါတယ်။ မောင်အောင်ပါစေရဲ့။

ဘသိန်းမို သေရတဲ့ကိစ္စက …။

ဒေါ်ဆင့်ရဲ့လက်ချက်။ စနက်လို့ပြောရင် ရလည်းရနိုင်တယ်။ ပြောလို့လည်း မရနိုင်ဘူး''

''ဘာဖြစ်လို့လဲ အဘစုန်''

''ပြောလို့ရတယ်ဆိုတာက … မရှင်ကိုရော၊ ဒေါ်ဆင့်တို့မိသားစုကိုရော၊ ဘသိန်းမိုက လိမ်ညာလှည့်ဖျားခဲ့တယ်။ နောက်ဆုံး ဘသိန်းမိုရဲ့ လူသိရှင်ကြား မယားလိုက်လာပြီး အထုပ်ဖြေလိုက်တော့ လုံးဝကို အရှက်ကွဲ သိက္ခာကျသွားခဲ့ရတယ်။

သူလိုမိန်းမကို ညာရဲတာ။

လူပုံအလယ် အရှက်ကွဲအောင်လုပ်ခဲ့တဲ့ သူ့သမက်လောင်းကို သူ အရမ်းနာကျည်းမှာပဲ။ နာကျည်းလို့ ခန်းဝင်ပစ္စည်းတွေကိုမီးပုံရှို့ခဲ့တာ။ နောက်ဆုံး ဘသိန်းမိုအရှက်ကွဲပြီး အသေဆိုးနဲ့ သေခဲ့ရတယ်။ သူပြုစားလို့၊ ခိုင်းစေလို့ သေရတာပြောရင် ဆီလျှော်မှုရှိတယ်။ မဆင့်က ကြိမ်းဝါးခဲ့သေးတာကိုး။

''မဖြစ်နိုင်ဘူး ဆိုတာကရော အဘစုန်''

''မဖြစ်နိုင်တာက … ငါ ဒီရွာမှာနေတာ ကြာပြီကွ။ ဒေါ်ဆင့်ပြုစားလို့ ရူးသွပ်သေကြေတဲ့လူ မကြားဖူးဘူး။ ဒေါ်ဆင့်ရဲ့သမီး မရှင်တို့ စုန်းပညာတတ်တာ ငါတို့သိတယ်။ ဒါပေမယ့် … မရှင် ဘယ်ယောကျ်ားသားကိုမှ သူပညာနဲ့ မပြုစားဘူး။ အချင်းချင်း စိတ်ဆိုးလည်း မပြုစားဘူး။ ဒါ တစ်ရွာလုံးအသိပဲ''

''သို့သော် …

ဘသိန်းမိုကိစ္စမှာတော့ …

ဒေါ်ဆင့်ရဲ့လက်ချက်ဆိုတာ ဖြစ်နိုင်ပါပေတယ်''

''လူကလေး မောင်အောင်ပါစေ''

''ခင်ဗျာ အဘစုန်''

''ဟိုတစ်နေ့က မရှင်မင်းကို ထမင်းစာလာဖိတ်တယ် မဟုတ်လား''

''ကျွန်တော်တောင် လိုက်သွားတယ်လေ''





''အေး … အဲဒီနေ့တုန်းက အဘက မရှင်ကို ခပ်တိုးတိုးပြောမှာလိုက်တယ်။ မောင်အောင်ပါစေရဲ့''

''အဘစုန် မရှင်ကို ဘာပြောလိုက်တာလဲဟင်''

အဘစုန်က … ငါ့ကိုခပ်တည်တည်ကြည့်ရင်း …။

''မရှင်။ မောင်အောင်ပါစေကို ထမင်းဖိတ်ကျွေးမှာနော်လို့ မေးတော့၊ ဟုတ်ကဲ့အဘတဲ့။ ထမင်းစစ်၊ ထမင်းမှန်၊ ဟင်းစစ်၊ ဟင်းမှန်ပဲ ကျွေးပါနော်။ ငါကြိုသတိပေးလိုက်ပါရစေလို့ ပြောလိုက်တယ်''

''ဒီတော့မရှင်က ဘာပြောတုန်းအဘ''

''စိတ်ချပါအဘရဲ့။ မရှင်တာဝန်ယူပါတယ်တဲ့''

''ဩော် …''

မရှင်ငါ့အပေါ် အမှန်တကယ် ပြုစင်ခဲ့ပါလား။ ရိုးသားခဲ့ပါလား။ မရှင်ရဲ့ အမေလည်း ရိုးသားခဲ့ရော့လား။ အဘစုန်စကားကို နားထောင်ခဲ့ကြလို့လား။

အဘစုန်ကို မရှင်က အလွန်လေးစားတယ်ကွ။

ဘာကြောင့်လေးစားမှန်း ငါမသိဘူး။

''ကျေးဇူးတင်ပါတယ် … အဘစုန်နဲ့ မရှင်ရယ်''

ဒီတော့စဉ်းစားပေါ့… လူလေးရယ်။ မရှင်ကတော့အမှန်တကယ်စိတ်ကောင်းရှိတဲ့ ပြုစင်တဲ့မိန်းကလေးပါ။ သို့သော် သူက ဘုရားမကြိုက်တဲ့ အယူဝါဒကို ယူတဲ့လူ၊ ရင်ထဲမြှုပ်နှံထားတဲ့လူ။ သူက သူ့အမေရဲ့ ဩဇာကိုမလွန်ဆန်နိုင်ဘူး။ မည်သူ့ကိုချစ်ချစ်၊ မည်သူနဲ့ကြိုက်ကြိုက် သူမသဘောအတိုင်းဖြစ်လာရမှာ မဟုတ်ဘူး။ သူ့အမေမဆင့် ကြိုးကိုင်တဲ့အတိုင်း လုပ်ရမှာပဲ။ တစ်ခုတော့ ရှိတယ် … မောင်အောင်ပါစေ''

''ဘာများပါလိမ့် အဘရယ်''

''မဆင့်က သူ့သမီးကိုဘယ်ယောကျ်ားနဲ့မှ အတင်းမပေးစားဘူး။ ကိုယ်ကြိုက်တဲ့သူကို ယူလို့ရတယ်။ ဒါပေမယ့် သမီးယောကျ်ားသည် ယောက္ခမစီစဉ်တာကို လိုက်နာရလိမ့်မယ်။ မလိုက်နာနိုင်ရင် ရွှေတစ်တင်း၊ စိန်တစ်တင်းပါ့ပါ။ တိုက်ဆယ်လုံး ကားအစီးတစ်ရာပါ့ပါ။ ဟင့်အင်းပဲ။ မရှင်ကို ချစ်တဲ့၊ ကြိုက်တဲ့ ယောကျ်ားတွေ အများကြီးရှိတယ်။ မရှင်က ပြိုင်စံမဲ့အောင် ချောတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူ့အမေရဲ့ ဝါဒကိုမကြိုက်ဘူး။

မိစ္ဆာဒိဋ္ဌိ အယူကို မကြိုက်ကြဘူး။

ဒါကြောင့် ... မရှင်ကို လက်ထပ်ပါရစေလို့ ဘယ်သူမှ မပြောကြဘူး။ မရှင်ကိုလည်း မတော်တရော် ဗလက္ကာရ မလုပ်ရဲကြဘူး။

ဘသိန်းမိုရဲ့ အဖြစ်အပျက်ကို ကြားဖူးကြတာကိုး။

လူကလေး မောင်အောင်ပါစေကို အဘမေတ္တာရပ်ခံချင်တာက စွဲမိ ရွှေဘဝင်ရွာမှာ အချောအလှတွေများပါတယ်။ တစ်ဦးဦးကိုစဉ်းစားပါ။ အေးမြရှင် ကိုတော့ လုံးဝမစဉ်းစားပါနဲ့။ အေးမြရှင်ကို စဉ်းစားရင် မင်းသူတို့မိသားစုရဲ့ မိစ္ဆာဒိဋ္ဌိအယူကို ယူရမှာပဲ။ မဆင့်ရဲ့သားနာမည် တိုးမြိုင်ဆင့်တဲ့။ သူ့အမေရဲ့ ပညာကို လုံးဝမယူဘူး။ သူ့အမေကိုလည်း စွန့်ပစ်ပြီး ဟိုးအဝေးမှာ အိမ်ထောင် ကျနေတယ်။ သူကဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်တယ်။ မဆင့်တို့မျိုးရိုးပညာ စဉ်က ယောကျ်ားလေးအခရာမဟုတ်ဘူး။ သမီးဦးအကြီးက အခရာပဲ။ သူက တော့ ပညာအမွေကို မယူဘူးငြင်းလို့မရဘူး။ ယူရတယ်။ မယူရင် အဆုံးစီရင် တာမျိုး လုပ်ပစ်တယ်။ အဲဒီလိုလုပ်ဖို့လည်း သူတို့ရဲ့ဆရာသခင် ကတော်ကြီး တွေ၊ ကဝေမြှောက်ကြီးတွေ၊ ကဝေပျံကြီးတွေထံက ကျိန်စာရွတ်ပြီး ကျိန်စာ ရေသောက်ပညာယူခဲ့ကြရတာကိုး။ သူ့သားအသက်မသေတာ ... ပညာမယူ လည်း ရတဲ့စည်းကမ်းဥပဒေကြောင့်ပဲ။ သူ့သားတိုးမြိုင်ဆင့်ဟာ သူ့မိဘအိမ်ကို လုံးဝမလာဘူး။ သူ့မယားကိုလည်း မိဘမရှိဘူး၊ သေကုန်ပြီ ပြောထားတာ။ သီတင်းကျွတ်လည်း လာမကန်တော့ဘူး။ မဆင့်ကလည်း ဗုဒ္ဓလူဖြစ်သွားတဲ့ သူ့သားကို အမွေပြတ်လို့ ကြေငြာပြီးသား၊ တိုးမြိုင်ဆင့်ကလည်း ရှင်းတယ်၊ ပြတ်တယ်။ သူ့နှမတွေကို ပြောတာတဲ့။ အမေ့ကိုဆန့်ကျင်ရဲရင် ငါနဲ့အတူလာနေ တဲ့ ... မောင်အောင်ပါစေရေ။ ဒါပေမယ့် ... သူညီမနှစ်ဦးလုံး သူ့အစ်ကိုရှိတဲ့ ဗုဒ္ဓဘာသာရပ်ဝန်းကို ခြေတစ်လှမ်း မလှမ်းဝံ့ကြဘူး ... မောင်အောင်ပါစေ''




ငါနဲ့ ဘကြီးစုန်တို့ဟာ မနက်စောစော လမ်းလျှောက်ရင်း စွဲမိရွှေဘဝင် ရွာကြီးရဲ့ ရွာပြင်ကို ထွက်ခဲ့ကြတယ်။

ရွာပြင်မှာ လယ်ကွင်းတွေက ရိုးပြတ်ငုတ်တိုတွေနဲ့။

ရွာအစပ်မှာတော့ ယာခင်းတွေလည်း တွေ့ရလေရဲ့။

ငှက်ပျောပင် စိမ်းညွှန့်ဖျားဝေတွေဟာ ရွာပြင်စည်းရိုးနံဘေးမှာ လေသွဲ့ တိုင်း ယိမ်းကလို့ကွ။

အချို့တလင်းတွေမှာ စပါးလှေ့စင်တွေထောင်လို့။

အချို့တလင်းတွေမှာတော့ မနက်စောစောစီးစီး နွားတွေနဲ့ စပါးနယ်နေ ကြတယ်။ စပါးအထွက်ကောင်းတဲ့ အရပ်ပဲ။ စက်မှုလယ်ယာစနစ်နဲ့သာ ပြောင်း လဲလုပ်ကိုင်ရရင် မြေကြီးက ရွှေသီး၊ လယ်ကွင်းက ပတ္တမြားသီးမယ့် အရပ်ပဲပေါ့။

ဝါးရုံပေါ်မှာ ဂျိုးတွေကကူလို့။

ဆက်ရက်ငှက်တွေက အုပ်လိုက်ပျံနေကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးတစ်အုပ်ကတော့ ကောက်တလင်းရှေ့မှာ ထိုးဆင်းလို့ . . .။

''လူကလေး''

''ခင်ဗျာ အဘစုန်''

''ဟိုမှာ လှမ်းကြည့်လိုက်စမ်း''

''အဘစုန်က မီးလောင်ငုတ်တို သစ်ပင်တွေကို လက်ညှိုးထိုးပြတယ်။ လူကြီးပေါင်လုံးခန့် သစ်ပင်တွေဟာ မီးလောင်ဒဏ်သင့်ပြီး အရွက်ကင်းမဲ့နေတယ်''

ပင်စည်မည်းမည်း . . . ရိုးမည်းမည်းနဲ့။

ငါတို့ မီးလောင်သစ်ပင်ငုတ်ရှိရာကို ရောက်လာကြတယ်။

''ဟောဒီ မြေကြီးမည်းမည်းကိုကြည့်''

''ဟုတ်''

''သစ်ပင်ပေါက်တာတွေ့ရလား''

''မတွေ့ဘူးအဘ။ မည်းပြီး မြေကြီးတင်းနေတယ်''

''ဟုတ်တယ် . . .။ ပြီးခဲ့တဲ့ မိုးရာသီတုန်းကလည်း ဒီမီးလောင်ပြင်မှာ မြက်မပေါက်ဘူး။ ဟောဟို မီးလောင်သစ်ပင်တွေလည်း၊ အရွက်မထွက်ကြဘူး။ ဘယ်သူမှလည်း ထင်းအဖြစ်မခုတ်ရဲကြဘူး''

''ဘာဖြစ်လို့လဲဟင်''

''ဒီနေရာမှာ မရှင်နဲ့သူ့ဖွေးသား ဘသိန်းမိုတို့ရဲ့ မင်္ဂလာခန်းဝင် ပရိဘောဂ ပစ္စည်းတွေနဲ့ မင်္ဂလာမဏ္ဍပ်ကြီး တစ်ခုလုံးကို သယ်ယူမီးရှို့တဲ့ နေရာပဲ လူကလေး။ အဲဒီတုန်းက မင်္ဂလာမဏ္ဍပ်ကြီးကလည်း ဟိန်းနေ၊ ဟီးနေတာပဲ။ မဆင့် ဓားနဲ့ခုတ်ထစ်ဖျက်ဆီးဖြိုလှဲလိုက်တဲ့ မဏ္ဍပ်ကြီးကို လူအင်အားနဲ့ အတော် သယ်ယူကြရတယ်။ သယ်တဲ့လူတွေက မဆင့်ရဲ့အမျိုးတွေပဲ။ မဆင့်အမိန့်ကို မလွန်ဆန်နိုင်တဲ့သူတွေပဲ။ ကျွန်းထည်ပရိဘောဂတွေကလည်း အကောင်းစား တွေချည်းပဲ။ အဝတ်အစားအသစ်တွေကလည်း အထပ်လိုက်ပဲကွ။ ပရိသတ်ကို ကျွေးမွေးညှော့ခံတဲ့ ထမင်းအိုးကြီး၊ ဟင်းအိုးကြီး၊ ကြွေထည်ပန်းကန်ခွက်ယောက် တွေပါ ရိုက်ခွဲပြီး အမှိုက်ပုံကြီးလို ပုံတာ။ ဘယ်သူမှ ဝင်မတားရဲကြဘူး။ သူကြီး





လည်း မပြောရဲဘူး။ ဒေါ်ဆင့်အကြောင်းသိတာကိုး။ ဝင်တားလို့ စိတ်ဆိုးပြီး ဖနောင့်ပေါက် တောက်ခတ်လုပ်လိုက်ရင် ဘိုင်းကနဲ လဲသေသွားမှာကြောက်တာကိုး။

မရှင်အမေ ဒေါ်ဆင့်ကိုယ်တိုင် ဓာတ်ဆီရေနံဆီပက်ပြီး မီးတုတ်ပစ် မီးရှို့လိုက်တယ်။

မီးတောက်မီးလျှံတွေ နတ်ပြည်ရောက်မလား မှတ်ရတယ်၊ အနီးမှာ ရှိတဲ့ သစ်ပင်ကြီးငယ်တွေပါ မီးစွဲလောင်ကုန်တာပေါ့။ အခုမြင်ရတဲ့ ငုတ်တို၊ အရွက်မဲ့ မီးစွဲသစ်ပင်တွေက နောက်ဆုံး ကျန်ခဲ့တဲ့သက်သေပဲ။

အဲဒီမီးလောင်သစ်ပင်တွေကို ဘယ်သူမှ မခုတ်ဝံ့ဘူး''

ငါသေသေချာချာကြည့်တယ် စာရေးဆရာ။

မီးလောင်မြေပြင်ဟာ မဲညိုနေတယ်။

ပေလေးဆယ်ငါးဆယ် ကွက်လပ်မှာ မြက်တစ်ပင်မပေါက်တော့ဘူး။

''ဘသိန်းမိုက အပူရှိန်မသေသေးတဲ့ ပြာပုံပေါ်မှာထိုင်ပြီး ပြာတွေကို စားတာ။

''ဘုရား ဘုရား''

''ဝဋ်ကြွေးလို့ခေါ်ရမလား။ မကြောက်လို့စမ်းချင်တဲ့ကောင်။ လက်တွေ့ ခံရတာလား။ မသိဘူး။ အတော်ကို အဖြစ်က ဆိုးဝါးတယ်။ မဆင့်ကိုအရက်ကွဲ အောင် သူ့မရိုးမသားလုပ်ခဲ့တော့ သူပြန်ပြီးအရက်တကွဲနဲ့ သေရတာပေါ့။ တစ်မျိုး လုံး ကြောက်သွားစေတဲ့ အဖြစ်ပေါ့။ လာ . . . ဟိုရှေ့မှာ နဂါးငွေ့ချောက်ကြီးရှိ တယ် . . . လာ . . .''

ငါနဲ့ဘကြီးစုန် တစ်ခေါ်လောက်ဝေးတဲ့ လွင်ပြင်ကို လှမ်းခဲ့ကြတယ်။ အနီးဝန်းကျင်မှာ သစ်ပင်ကြီးတွေမရှိဘူး။

ချုံပုတ်ငယ်တွေပဲ ရှိတယ်။

ဝါးရုံပင်မရှိဘူး။ ငှက်ပျော၊ ထန်းပင်မရှိဘူး။

ရှေ့မှာ လူ့တစ်ရပ်မက မြင့်တဲ့ ကျောက်တုံးတွေပတ်ရံနေတဲ့ နေရာကို ငါတို့ရောက်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံး၊ ကျောက်ပြားတွေ ရံစိုက်မြုပ်နေတာပေါ့။

ပတ်ဝန်းကျင်က တိတ်နေပုံနှယ်။ အပ်ကျရင် ကြားရရဲ့ကွ။

''လူကလေး ...''

''ခင်ဗျာ အဘစုန်''

''အဲဒါ နဂါးငွေ့ချောက်ပဲ''

''ဟုတ်လား ...''

''အချို့က သေမင်းချောက်၊ မရဏချောက်၊ နဂါးသိုက်ချောက်လို့ ခေါ်ကြတယ်။ ဘယ်လောက်နက်လဲဆို ကျောက်တုံးကြီးကြီး ပစ်ချတာတောင် အသံသဲ့သဲ့မျှပဲ ကြားရတယ်။ ကြိုးရှည်ချပြီးအနက်ကိုတိုင်းတာ ကြိုး မီးကျွမ်းသွားလို့ အနက်တိုင်းမရခဲ့ဘူး။ ဘာသတ္တဝါကျကျ ပြန်ရှင်ရိုးမရှိဘူး။ အဲဒီချောက်ထဲကို ဘသိန်းမိုခုန်ချလိုက်တာ။ အငွေ့တွေ တက်လာတာပဲ မြင်ရတယ်။ ဘယ်သူမှ ချောက်အနားကပ်လို့မရဘူး ပူလို့ ...။ ကိုင်း ... ဟုတ်မှန်ကြောင်း လိုက်ပြပြီးပါပြီ။ မရှင်နဲ့စပ်တဲ့ ဖြစ်ရပ်မှန်တွေ အံ့ဖွယ်ဇာတ်လမ်းတွေ ဟောဒီဝန်းကျင်မှာ ဖြစ်ခဲ့တယ်။ ယောက်ျားသားတွေ မရှင်ကိုချစ်ပေမယ့် မယူရဲကြဘူး။ လိမ်ညာပြီး ကာမ မယူရဲကြဘူး။ မရှင်ကိုလည်း စိုးရွံ့ကြတယ်။ သူ့အမေမဆင့်ကို ပိုကြောက်ကြတယ်''

''အဘစုန်''

''ပြော လူလေး''

''ကိုဘသိန်းမိုရဲ့ မိဘသားချင်းတွေက ဒေါ်ဆင့်ကို ပြန်ကလဲ့စား မချေကြဘူးလားဟင်''

''ကလဲ့စား''

''ဟုတ်''

''မဆင့်ကို နိုင်တဲ့လူ မရှိဘူး''

''ဟင် ...''

''မဆင့်နဲ့ယှဉ်ရဲတဲ့လူလည်းမပေါ်သေးဘူး။သူက အိန္ဒိတလိန္ဒိစုန်းလေ။ ဇော်ဂနီမကြီးလေ ... (၃၇)မင်း အောက်နတ်တွေကို ခေါ်ခိုင်းလို့ရတယ်။ ကုန်





ကုန်ပြောရရင် သူ့ကိုလုပ်ကြံဖို့ ကြံစည်သူရဲ့ နာမည်ကို သိလိုက်တာနဲ့ အဲဒီလူကို မင်းညီနောင်နတ်နဲ့လည်း တိုက်ခိုင်းနိုင်တယ်။ ဖုတ်၊ သရဲ တွေနဲ့လည်း သွေးအန် သေအောင် နှိပ်စက်ခိုင်းနိုင်တဲ့ ပညာစွမ်းရှိတာကိုး။ ဒါကြောင့် သူ့ကို မကြံစည်ရဲကြဘူး။ ငါတို့သိသလောက်က ... မရှင်ရဲ့အမေဟာ ဇော်ဂနီစုန်းမ ဖြစ်သော်လည်း အကြောင်းမဲ့တော့ သူတစ်ပါးကို နှိပ်စက်ပြုစားတာ မတွေ့ဖူးဘူးကွ။ တိုက်တိုက်ဆိုင်ဆိုင်ကတော့ ဘသိန်းမိုတစ်ယောက်ပဲ ဖြစ်ရပ်ဆိုးတွေနဲ့ သေရတာ။ မဆင့်က သူ့သမီးတွေကို ထိပါးစော်ကားလာရင် လုံးဝမခံဘူး။ သူနဲ့သူတတ်တဲ့ပညာကို စော်ကားသိက္ခာချရင် မခံဘူး။ ပြောရရင်တော့ ... သူ့ မိသားစုအချစ်ရယ်၊ သူ့မိသားစုရဲ့ အရှက်နဲ့သိက္ခာကို ထိပါးစော်ကား လှည့်ဖျားလာရင်တော့ မဆင့်က အညှိုးကြီးတယ်၊ ရက်စက်တယ်။ ကျောင်းမှန်း၊ ကန်မှန်းသိအောင် လုပ်တတ်တယ်။ အခြားပြုစားတာမျိုးတော့ မရှိဘူး။ ဒါကြောင့် မောင်အောင်ပါစေကိုပြောချင်တာက မရှင်က တကယ်စိတ်ရင်းကောင်းတယ်၊ သိမ်မွေ့တယ်၊ အချစ်ကို ယုံကြည်တန်ဖိုးထားတယ်။ သို့သော် သူ့အမေမဆင့် ကြိုးဆွဲရာ ကနေရတဲ့ ရုပ်သေးရုပ်ပဲ။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိဘူး။ ဒီတော့ မရှင်ကိုလက်ထပ်မယ်ဆိုရင် သူ့အမေရဲ့ လိုအင်ဆန္ဒတွေကို လိုက်လျောရမယ်။ လူကလေးကို ခုမှတွေ့ဆုံရင်းနှီးရပေမယ့် ကိုယ့်မြေးလေးလို သံယောဇဉ်ဖြစ်ရပါတယ် လူကလေး။ မရှင်ကို သနားပေမယ့် သူ့ကိုမချစ်စေချင်ဘူး။ ချစ်ခဲ့ရင်လည်း လက်ထပ်မယူစေချင်ဘူး။ မိစ္ဆာဒိဋ္ဌိအယူကိုယူပြီး ကာမဂုဏ်ကို မမြတ်နိုးပါနဲ့ လူကလေး။ မင်းဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦးအဖြစ်နဲ့ ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ပြီး လူ့အဖြစ်ကို ခံလိုက်ပါ လူကလေး ...''

ဘကြီးစုန်ရဲ့ တန်ဖိုးရှိလှတဲ့ စကားတွေက ငါ့ရင်ဘတ်ထဲကို တိုးလို့မ့်ဝင်လာတယ်။

မေတ္တာအားပါတဲ့ စကား။

စေတနာ တန်ဖိုးကြီးတဲ့ စကား။

အမှားနဲ့အမှန်ကို ခွဲခြမ်းစိတ်ဖြာပေးတဲ့ စကား။

ငြင်းပယ်ရန် မသင့်တဲ့ လူကြီးစကား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...။

အလှကို တပ်မက်စွဲလမ်းပြီး အချစ်နှင့်ခရီးသွားချင်တဲ့ အချစ်ကို ခွန်အားအဖြစ် လက်ခံချင်တဲ့ငါ။

လူကြီးစကားကို သွေဖီတာတော့မဟုတ်။

အချစ်ကို လွန်ဆွဲကြည့်တာ။

ငါနဲ့ ... အေးမြရှင်။

အေးမြရှင်နဲ့ သူ့အမေ ဒေါ်တိုးဝေဆင့် အားစမ်းကြတာ။

ငါးရာ့နှစ်ဆယ့်ရှစ်နဲ့ ထောင့်ငါးရာ အားစမ်းတာ။

တစ်နည်း ...။

မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိ အားစမ်းတာ။

ငရဲနဲ့ နိဗ္ဗာန်ကို သူနိုင်၊ ကိုယ်နိုင် အားပြိုင်လွန်ဆွဲကြတာ ...။

BURMESE CLASSIC .com



# ၁၈

''မရှင် ...''

''ရှင် အစ်ကို''

'' မရှင်ကို ကိုယ်ချစ်တယ် မရှင်''

''မရှင်ကို ချစ်နိုင်ရဲ့လား အစ်ကို''

''ဘဝဆက်တိုင်း ချစ်နေမှာပါ မရှင်ရယ်''

သူမရဲ့ တင်းပြည့်ပြည့် ကိုယ်လုံးလေးကို ပွေ့ဖက်ပြီး ... ပါးပြင်ပေါ် အနမ်းတစ်ပွင့် စိုက်လိုက်တယ်။

မရှင်ရဲ့ မှေးသွားတဲ့မျက်တောင်အောက်မှာ ချစ်ရည်ငွေ့တွေ ဝေသွားတာ ငါမြင်တယ်ဆို ယုံပါ စာရေးဆရာ။

ကိုရွှေမေတ္တာ(ခေါ်) (ဆရာခါး)က သူ့ချစ်သူရဲ့ ပါးပြင်ပေါ်မှာ စိုက်ပျိုးခဲ့တဲ့ အနမ်းတစ်ပွင့်ကို ဖွဲ့နွဲ့ပြနေရဲ့ဗျာ။

''ဆက်ပြောပါ ဆရာခါး''

''မရှင်က ငါ့ရင်ခွင်ထဲက လူးလွန့်ထပြီး မေးသကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကို ...''

''ပြောပါမရှင်''

''ညီမတို့အကြောင်းတွေ စုံစမ်းကြည့်ပြီးပလားဟင်''

''သိပြီးပါပြီ ညီမ''

''သိရဲ့သားနဲ့ အစ်ကိုညီမကို ချစ်ရဲတယ် ... ဟုတ်''

''ချစ်တယ် မမုန်းနိုင်အောင် ချစ်တာ''

''ခစ် ... ခစ်''

''မရှင်ကို အစ်ကိုလက်ထပ်ယူမယ်''

''ရှင် ... တ ... ကယ် ... ဟုတ်''

''ဟုတ်''

''အမေ့ကို လာပြောမှာလား ဟင်။ ညီမရဲ့ဘဝက အမေသဘောတူမှ ချစ်သူနောက်ကို လိုက်ရတဲ့ဘဝပါ အစ်ကို''

''ပြောရင်ရော ... အဆင်ပြေပ့ါမလား ညီမ''

''အစ်ကို့အပေါ်မှာ မူတည်တာပေ့ါ အစ်ကို။ ကျွန်မ ပထမတစ်ကြိမ် ချစ်သူရဲ့ လိမ်ညာလှည့်ဖျားမှုကြောင့် အရှက်တကွဲဖြစ်ခဲ့ရတယ်။ အစ်ကိုကိုတော့ ကျွန်မချစ်တယ်။ ယုံကြည်ပါတယ်။ အဆင်ပြေအောင် ညီမလည်း ဝိုင်းပြောမှာ ပေ့ါ ...''

''ဟူး ...''

ငါက သက်ပြင်းချလိုက်တယ်။

''ဘာဖြစ်လို့လဲ ဟင်''

''ညီမရဲ့အမေအကြောင်း ညီမအသိဆုံးပါလေ''

''အို ... အစ်ကိုရယ်''

သူက ငါ့လည်ပင်းကို သိုင်းဖက်ပြီး ကြင်နာတဲ့အနမ်းကို ပေးခဲ့တယ်။ ဒီအနမ်းကြောင့် ငါသတ္တိတွေ တိုးလာခဲ့တယ်။

တစ်နေ့ နေ့ခင်းပိုင်းမှာ ...။

မရှင်တို့အိမ်ကို ငါရောက်သွားခဲ့တယ်။





မရှင်ရဲ့အမေက ငါ့ကို လိုလိုလားလား လက်ခံတယ်ကွ။

''ဒေါ်ဒေါ် နေကောင်းပါရဲ့လား ခင်ဗျာ''

''ကောင်းပါတယ် မောင်အောင်ပါစေရယ်။ ဟဲ့မရှင်''

''ရှင်အမေ''

''ရေနွေးနဲ့စားစရာ ချပေးလေ။ ဒီကလေးမနှယ်''

''ဟုတ်ကဲ့ပါ အမေ''

ရေနွေးကြမ်းလင်ပန်းနဲ့ စားစရာ၊ မြည်းစရာ ငါးဖုတ်ခြောက် ဆီဆမ်း ယို ... မုန့်ဖက်ထုပ် စတာတွေ မရှင်က တည်ခင်းတယ်။

''အစ်ကိုစား''

''ဟုတ် ဟုတ်''

ဒီမှာ မရှင်တို့အမေက ငါ့အကဲကိုကြည့်ပြီး ...။

''မင်းနှမ မရှင်က ပြောပြလို့သိရတယ်''

''ဟုတ်ကဲ့ ခင်ဗျ''

''မရှင်နဲ့ ချစ်သူတွေ ဖြစ်နေကြဆို''

''အဲ ... အဲ ... ဟုတ်ကဲ့ပါခင်ဗျာ''

''ဒါက လူငယ်ဘာသာဘာဝပဲလေကွယ်။ ချစ်ကြ၊ ကြိုက်ကြ၊ အပြစ် မပြောပါဘူး။ ဒေါ်ဒေါ်တို့လည်း ငယ်ရာက ကြီးလာတာ သဘောပေါက်ပါတယ်''

ငါဝမ်းသာလိုက်တာကွာ။

အဖွားကြီးက စကားပြောညက်သကွ။

''ဒါနဲ့ လက်ထပ်ယူဖို့ရော ဆုံးဖြတ်ထားရဲ့လား''

''ဟုတ်ကဲ့ ... မရှင်ကို မိသား၊ ဖသားပီပီ ... လာရောက်''

''အေးပါ အေးပါ။ မင်းကို တစ်ခုမေးမယ်နော်။ မောင်အောင်ပါစေက မှန်မှန်ဖြေ။ လိမ်တာ၊ ညာတာတော့ မပြောနဲ့ကွယ်။ အဲဒါတော့ ဒေါ်ဒေါ်မကြိုက် ဘူး။ ဒေါ်ဒေါ်လဲ ပြောစရာရှိ၊ မှန်မှန်ဖွင့်ဖွင့်ပဲ ပြောမှာပဲ ...''

''ဟုတ်ကဲ့ ခင်ဗျ''

''မင်းက ... လူပျိုလား၊ အိမ်ထောင် ဇနီးမယားနဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



''လူပျိုပါ ဒေါ်ဒေါ်''

သူက ငါ့ရဲ့မျက်လုံးတွေကိုစိုက်ကြည့်ပြီး မေးတာကွ။ ကျောထဲဖျင်းကနဲ ဖြစ်ပြီး ခေါင်းပါကြီးသွားတယ်။

''သေခြာရဲ့လားကွယ်''

''ဟုတ်ကဲ့ ...''

''ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက ငါ့သမီးမရှင်ကို မင်းလိုပဲ ကြိုတင်တွေ့ဆုံပွဲလာလုပ်တဲ့ သတို့သားလောင်း တစ်ဦးရှိခဲ့တာပေါ့။ ငါမိဘဝတ္တရားအရ သမီးရှင်ထုံးစံမေးတော့ လူပျိုပါတဲ့။ မကျိန်ယုံတမယ် ပြောခဲ့တာ။ လူက လူရည်သန့်။ သူဌေးသား။ သူဌေး တိုတိုပြောရရင် ငါသူ့ကို ယုံမိလိုက်တယ်။ သမီးကို လည်းလင်နဲ့သားနဲ့ ချစ်ရသူနဲ့ ပေါင်းဖက်စေချင်တာကိုး။ ယုံမိတာ မှားသွားတယ်။ အဲဒီကောင် လူလိမ်သမက်လောင်းကြောင့် ငါလူပုံ ပရိသတ်အလယ်မှာ အကြီးအကျယ် အရှက်ကွဲခဲ့တယ်။ ဒီဇာတ်လမ်း မင်းကြားဖူးလား မောင်အောင်ပါစေ''

''......''

''ပြောလေ။ ကြားဖူးလား''

''ဟုတ် ဟုတ်''

''ငါတို့ စွဲမိရွှေဘဝင်နဲ့ ရွာနီးချုပ်စပ်မှာတော့၊ ငါက ငနုံ၊ ငအမကြီး။ ရွှေမက်၊ ငွေမက်သူကြီး သမီးကို ထိုးရောင်းစားသူကြီးအဖြစ် အပြောခံခဲ့ရတယ်။ ငါရော၊ ငါ့သမီးရော ... လူလိမ်တစ်ယောက်ရဲ့ လှည့်ဖျားမှုကြောင့် အရှက်ကွဲမျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရတယ်။ ရွာထဲမှာဖြစ်ရပ်မှန် အိပ်ယာဝင်ဇာတ်လမ်းအဖြစ် ယနေ့တိုင် ပြောနေကြဆဲပေါ့။ ဒုတိယအကြိမ်မှာတော့ ... ဒေါ်ဒေါ် အလိမ်အညာ မခံချင်ဘူး။ မောင်အောင်ပါစေ''

''ဟုတ်ကဲ့ပါ''

''ငါ့သမီး လင်မရပဲ၊ အရှက်ရ၊ သမုတ်ခံရတဲ့အဖြစ် မခံနိုင်ဘူး။ ငါချစ်ရတဲ့ ဟောဒီသမီးမရှင်အတွက် လိုအပ်ရင် ငါ့အသက်ပေးရဲတယ်။ အဲဒါ ငါ့သမီးကိုငါချစ်တဲ့ စွန့်စားမှုပဲ''

''ဟုတ်''





''မင်းက ဆယ်တန်းအောင်ပြီဆို''

''ဟုတ်ပါတယ် ဒေါ်ဒေါ်''

''တက္ကသိုလ် ဘာလို့မတက်တာတုန်း''

''စီးပွားရေးလုပ်ငန်းကို စိတ်ဝင်စားလို့ပါ ခင်ဗျ''

''အဲဒါကောင်းတယ်။ ယောကျ်ားဆိုတာ စီးပွားရေးကို ဦးဆောင်လုပ်ကိုင်ရဲရမယ်။ လခစားအလုပ်က မဟန်ဘူး။ ဒေါ်ဒေါ်တို့မှာ လယ်တွေ၊ ယာတွေ၊ ကျွဲ၊ နွားတွေ အများကြီးရှိတယ်။ တက်တက်ကြွကြွ ဖိဖိစီးစီး လုပ်ကိုင်ဦးဆောင်မဲ့ သားသမီးအလိုရှိတာ။ မင်းကို ပွင့်ပွင့်လင်းလင်းတော့ ပြောစရာရှိတယ်''

''ပြောပါ ဒေါ်ဒေါ်''

''မင်းက ဘာကိုးကွယ်တုန်း''

''ဗုဒ္ဓဘာသာ ကိုးကွယ်ပါတယ်''

''ရိုးရာ နတ်ရော ကိုးကွယ်လား''

''မကိုးကွယ်ပါဘူး။ ခင်ဗျ''

''စုန်း၊ ကဝေ၊ တစ္ဆေ သရဲရော ယုံကြည်လား''

''အဲ ... အဲ''

''ပြောပါ ရဲရဲပြောပါ''

''မမြင်ဖူးတော့ အဲ အဲ''

''မယုံဘူးပေါ့ ဟုတ်လား''

''အဲ အဲ''

''ငါတို့အကြောင်းတော့ သိပြီးရောပေါ့ နော်''

''ဟုတ် ဟုတ်''

''ငါတို့က ပညာသည်မျိုး''

''......''

''မရှင်က စုန်းမ''

''......''



www.burmeseclassic.com

www.burmeseclassic.com



''ငါတို့ဘဝကို မျက်ရည်ပေါက်ကြီးငယ်ကျအောင်မလုပ်ရင် ဘယ်သူ့မှ ရန်မပြုဘူး။ ငါတို့ ယုံကြည်တဲ့ ပညာပိုင်းဆိုင်ရာကို မလေးမခန့် စော်ကား မော်ကား လုပ်ရင်တော့၊ အလောင်းချင်း ထပ်သွားအောင် လုပ်တတ်တယ်''

'' ......''

ကျောထဲက ဖျဉ်းကနဲ ဖြစ်သွားပြီး ကြက်သီးတွေ တစ်ကိုယ်လုံး ထသွားတယ်ကွ။ နေရာက ထ,ပြေးရင်ကောင်းမလား။ မရှင်ကို အားကိုးကြီးစွာ ကြည့်လိုက်တော့ မရှင်က ပြုံးလို့။

အေးဆေးပဲဟေ့ ရှားရော ...။

''ငါတို့ပညာသည်မျိုးရိုးမှာ 'မှု'တစ်ခုရှိတယ်။ အဲဒါကတော့၊ သမီး အကြီးဆုံးကို ငါတို့တတ်မြောက်ထားတဲ့ စုန်းကဝေပညာကို ပြီးမြောက်တဲ့အထိ အမွေပေးရတယ်။ သမီးအကြီးက ဒီပညာအမွေကို မယူလို့မရဘူး။ မွေးလာကတည်းက ပညာစတီသွင်းပြီးသားပဲ။ သားယောကျ်ား သားဦးမွေးရင်တော့ ချွင်းချက်ရှိတယ်။ ပညာအမွေကို ယူချင်ယူ၊ မယူချင်နေ၊ ပညာတော့မစော်ကားနဲ့... ဒီတော့မရှင်က စုန်းပညာယူပြီးသား အလိုလိုဖြစ်သွားတယ်။ သူ့ကို ဒီပညာ ပေးထားတာ ပြုစားဖို့မဟုတ်ဘူး။ ပညာပြိုင်ဖို့မဟုတ်ဘူး။ မိရိုးဖလာအမွေကို လက်ဆင့်ကမ်းတာ။ မင်းမရှင်ကိုချစ်တာ မရှင်ကမင်းကို ပညာနဲ့ ပြုစားသိမ်းသွင်းထားလို့ ချစ်နေတာမဟုတ်ဘူး။ ယုံလား''

'' ......''

''မရှင်''

''ရှင် အမေ''

''နင် ... အောင်ပါစေကို ပြုစားထားလား''

''မလုပ်ပါဘူး အမေ''

''ကျိန်ရဲလား မိရှင်''

''ကျွန်မစည်းစောင့်ပါတယ် အမေ။ ယောကျ်ားတစ်ယောက်ကို ပြုစားပြီး ကိုယ့်ချစ်သူဖြစ်အောင် မလုပ်ပါဘူး။ အမေ။ သူကလည်း ရိုးသားစွာချစ် ကိုယ်ကလည်း သန့်စင်စွာချစ်မှ ချစ်သူဖြစ်စေခဲ့တာပါ ... ယုံပါအမေ''





မရှင်က သူ့အမေရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောတာ စာရေးဆရာရေ။ ငါ့ကိုလည်း ကြည့်လိုက်သေးရဲ့။ သူ့အကြည့်က ရိုးရှင်း၊ ရိုးသားတဲ့အကြည့်ကွ။

''မောင်အောင်ပါစေ''

''ဟုတ်ကဲ့ပါ ဒေါ်ဒေါ်''

''အခု မင်းကို စကားကုန် ပြောပြီးပြီကွယ်။ ငါကပညာသည်မိန်းမ။ ငါ့သမီးက စုန်းအဆင့်မိန်းမ ... မင်း မရှင်ကို ချစ်ရဲသေးလား''

'' ......''

''ပြောလေ''

'' ......''

''ပြောလိုက်လေ အစ်ကိုကလည်း''

''ချစ် ချစ်ပါတယ် ခင် ... ဗျာ''

''ဟုတ်ပြီ ဒီစကားကြားရတာ ဝမ်းသာတယ် ငါ့တူ။ နောက်တစ်ချက် ငါ့သမီးမရှင်ကို မယားအဖြစ်လက်ထပ်ယူရင် ငါတို့ပညာဂိုဏ်းကို မင်းဝင်ရလိမ့်မယ်''

''ဗျာ''

''မဝင်လို့မရဘူး''

''ကျွန် ကျွန်တော် ဘာဘာတွေ လုပ်လုပ်ရမှာလဲ ဟင် ဟင်''

''ငါ ... အလျင်စလို မေးလိုက်တာပေါ့။ သူ့သမီး စုန်းမကိုယူရင် သူတို့ပညာဂိုဏ်းထဲ ဝင်ရမယ်တဲ့။

''မင်း ... ဘုရားရှိမခိုးရဘူး''

''ဗျာ''

''ဘုရားစာ လုံးဝမရွတ်ရဘူး''

'' ......''

''ပုတီးမစိပ်ရဘူး''

'' ......''



www.burmeseclassic.com

www.burmeseclassic.com



''သံဃာကို မကန်တော့ရဘူး''

'' ......''

''ဘုရား ထီးမတင်ရဘူး''

'' ......''

''မင်း သက်န်းဝတ် ရဟန်းမခံရဘူး''

'' ......''

''ငါအခုပြောတာ နားလည်ရဲ့လား''

''ဟုတ် ... ဟုတ် ... ကဲ့''

''ငါ့သမီးကို ယူရင် အခုပြောတာတွေ လုံးဝရှောင်ရမယ်။ တိတ်တဆိတ်လည်း မလုပ်ရဘူး။ ကိုယ်မွေးတဲ့ သားသမီး ရှင်ပြုမပေးရဘူး။ သာသနာ့ဘောင်မသွင်းရဘူး။ ကိုင်း ... မင်းအဲဒါတွေ ရှောင်နိုင်မလား''

'' ......''

''ရှောင်နိုင်ရင်၊ ဆန့်ကျင်နိုင်ရင် ငါ့သမီးနဲ့ မင်းကို ငါကိုယ်တိုင်ပေးစားမယ်။ စီးပွားရေးအတွက် မပူပင်နဲ့ ... ဘယ်နဲ့လဲ ...''

စာရေးဆရာရေ။

ငါ ... ကိုစိန်လက်သန်းတို့ထံက ကြားခဲ့တာတွေ။

အဘစုန် ပြောပြတာတွေဟာ ပုံပြင်မဟုတ်ဘူး။

အမှန်တကယ်တွေပါလား။

ကိုဘသိန်းမိုကို ရှင်းပြသလို အခုငါ့ကိုရှင်းပြ နေတာပါလား။ သူတို့ပြဿနာချက်ကို လိုက်နာမှ မရှင်နဲ့ပေးစားမတဲ့။ ဘုရား ဘုရား ကြားရချက်တွေ ထိတ်လန့်ကြောက်ရွံ့စရာကွာ။

ငါ့ကို ဘုရားမဲ့၊ တရားမဲ့၊ သံဃာမဲ့ ဘဝရောက်အောင် စည်းရုံးနေတာပါလား။

''မောင်အောင်ပါစေ''

''ဗျာ ... ဗျာ ...''

''ငါအခုပြောတာတွေကို လိုက်နာနိုင်လား''





''အဲ ... အဲ ... ဟို''

''ဟင်း ဟင်း ဟင်း ဟင်း ဟင်း ဟား ဟား ဟား ဟား ဟား အဟတ် အဟတ် ဟား ဟား ဟား ဟား ဟား''

ငါ့လူ စာရေးဆရာရေ။

အဖွားကြီးက ငါ့ကိုကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်တာဟေ့။ ရယ်စရာကောင်းတဲ့ လူကိုတွေ့လို့ ရယ်တာမျိုးမဟုတ်ဘူး။ သရော်တဲ့ လေသံ၊ အကြည့်နဲ့ ရယ်နေတာ ...။

မရှင်က ... ငါ့ကိုအားကိုးကြီးသော မျက်လုံးအစုံနဲ့ ကြည့်လိုက် ...။

ဟားတိုက်လှောင်ပြောင်လေသံနဲ့ ရယ်မောနေတဲ့ သူ့အမေရဲ့မျက်နှာကို ကြောက်ရွံ့ဟန်နဲ့ ကြည့်လိုက်။

''မင်း ... မလိုက်နာနိုင်ဘူး မဟုတ်လား''

''ကျွန် ကျွန်တော် စဉ်း စဉ်းစား ပါရစေ ဒေါ်ဒေါ်ရယ် နော်''

''ဟား ဟား ဟား ဟား ဟား စဉ်းစားပါရစေ ဟတ်လား ဟား ဟား ဟား ဟား အဟတ် အဟတ် မရှင်ရေ ...''

သူက ရယ်ရင်းက သူ့သမီးအမည်ကို ခေါ်လိုက်တယ်။

''ရှင် ... ရှင် ... အမေ''

''အဲဒါ ... ညည်းကိုချစ်တဲ့ အချစ်ပဲ အေရဲ့။ အဟတ် အဟတ် ... ဟာ ဟာ ဟ ...။ အင်း မိရှင် မိရှင် ... ခုထက်ထိ လင်တစ်ယောက် ပိုင်ပိုင်နိုင်နိုင် မချုပ်နိုင်သေးပါလား။ ငါ့သမီး ... ငါ့သမီး ... အချစ်ကို ပန်းလိုပန်ချင်တဲ့မိန်းမ နင်တို့အနာဂတ်အတွက် ငါရင်လေးလှသဟယ် မိရှင်ရယ်''

မရှင်ရဲ့အမေဟာ သူ့သမီးကို အဲဒီလိုပြောပြီး ...။ ထရပ်၊ ခြေဆောင့်လို့ အတွင်းခန်းထဲကို ဝင်သွားခဲ့တယ်ကွာ။

မရှင်ကတော့ စိုးရိမ်ပူပန်မျက်နှာနဲ့ ငါ့အနားလာပြီး ...။

''အစ် ... ကို''

''ညီမ ...''

''အစ် ... ကို ... ညီမကို ချစ်တယ်ဆို ... ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ရင်နဲ့အမျှ ချစ်တာပါညီမ ကိုယ်မညာပါဘူး"

"ညီမကို ချစ်တယ်ဆိုပြီး အမေရဲ့ ဆန္ဒကို အစ်ကိုက မလိုက်လျှော တော့ . . . အင့် . . . ဟီး"

"မရှင် မငိုပါနဲ့ ညီမရယ်"

"အစ်ကို့အချစ်ကို ညီမ မယုံချင်တော့ဘူး ဟီး ဟီး"

"ညီမရယ် အစ်ကို့ကို စဉ်းစားခွင့်တော့ပေးဦးမှပေါ့။ ကိစ္စက ပြီးသွားတာ မဟုတ်ဘူး။ ပြည်ဖုံးကားချ ဇာတ်သိမ်း မီးလင်းပျောခေါက်တာ မဟုတ်ဘူး လေ . . ."

"အစ် . . . ကို"

"မရှင် . . ."

"ကျွန်မ အစ်ကို့ကို အရမ်းချစ်တယ်။ ကျွန်မကို ငဲ့ပါဦး အစ်ကို . . . ကျွန်မကို ငဲ့ပါဦး ဟီး . . ."




ငါ . . . အိပ်လို့မပျော်ဘူးကွာ။

ငါ ဘာလုပ်ရမလဲ။

မရှင်ကို စွန့်ခဲ့ရမှာလား။

ဒါမှမဟုတ် . . . မရှင်အမေရဲ့ ဆန္ဒအတိုင်း ငါလိုက်နာပြီး ချစ်သူမရှင်နဲ့ ပျော်ရွှင်စွာ လက်ထပ်ရမလား။

စဉ်းစားကြည့် စာရေးဆရာ။

သူ့သမီးကို လက်ထပ်ရင် . . . သူတို့ပညာဂိုဏ်းထဲ ဝင်ရမယ်တဲ့။

ဘုရားရှိမခိုးရဘူး။

တရားစာ မဖတ်ရဘူး။

ဂုဏ်တော်တွေ မရွတ်ရဘူး။

တရား မထိုင်ရဘူး။

ပုတီး မစိပ်ရဘူး။

သံဃာကို မကန်တော့ရ။ ဆွမ်းမလောင်းရ . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပါးစုံမွေးတဲ့သားကို ရှင်မပြုရဘူး။

သာသနာ့ဘောင် မသွင်းရဘူး။

ဘုရားစေတီ ဘုန်းကြီးကျောင်း မသွားရဘူး။

ရဟန်းသံဃာ သီလရှင်ကိုမလှူမတမ်းရဘူးတဲ့။

ကိုင်း ... ငါ့လူ စာရေးဆရာ။

မရှင်ကိုယူဖို့။ ငါ ... ရတနာသုံးပါးကို ပစ်ပယ်ရမှာလားကွာ ဟင်။ ငါ ... အဲဒီတုန်းက လူငယ်ပါ စာရေးဆရာ။

ငါ ... မရှင်နဲ့ညားဖို့ မိစ္ဆာဒိဋ္ဌိအယူ ယူရမလား။

ငါနဲ့မရှင် ရှင်ကွဲကွဲရင်၊ မရှင်လည်း သူ့ကိုယ်သူ အဆုံးစီရင်မှာတဲ့။ ငါဘယ်လို လုပ်ရမလဲကွာဟင်။ ငါလဲမရှင်ကို အရမ်းချစ်တယ် စာရေးဆရာ။

နောက်ဆုံး ...။

ငါ ဘကြီးစုန်ကို ဖြစ်ကြောင်းကုန်စင် ဖွင့်ပြောပြလိုက်တယ်။

ဘကြီးစုန် အံ့ဩသွားတယ်။

''သူ့သမီးနဲ့ညားဖို့ ရတနာသုံးပါး မကိုးကွယ်ရဘူး ဟုတ်လား။ ဒါန၊ သီလ၊ ဘာဝနာ မလုပ်ရဘူး ဟုတ်လား''

''ဟုတ်ကဲ့ အဘစုန်''

''အင်း မိဆင့် မိဆင့် ကိုယ့်မိသားစုကို ငရဲလမ်းခေါ်သွားယုံ မကဘူး။ လူကောင်း သူကောင်း အပြစ်မဲ့တဲ့ လူငယ်တွေကိုပါ ငရဲပြည်၊ အဖော်ဆွယ်ခဲ့တာကိုး။ ငါ ... သင်းအကြောင်း ကောင်းကောင်းသိတယ်။ လူကလေး''

''အဘစုန် ... မရှင်အမေကို နားချလို့မရဘူးလား ဟင်''

''မလွယ်ဘူး။ ဒီမိန်းမက တယူသန် တဇောက်ကန်း။ သူက သူ့ယုံကြည်မှုအတိုင်း လုပ်တာ။ သူ့သားသမီးတွေကိုလဲ သူပုံသွင်းနေတာပဲ။ အတော်မိုက်မဲတဲ့ မိန်းမပါလား ... ဘုရား ... ဘုရား''

ဘကြီးစုန်. .. မရှင်ရဲ့အမေအကြောင်းကိုကောင်းကောင်းသိပုံရတယ်ကွ။ ပြီး ... မရှင်ဆိုရင်လည်း ဘကြီးစုန်ကို ရိုသေတယ်ကွ။

''ဒီလို လုပ်ကြည့်ပါလား''

---





''ဘယ်လိုလဲ ဘကြီးစုန်''

''မရှင်ကို မင်းဘက်ပါအောင် စည်းရုံးကြည့် လူလေး''

''ဘယ်လို စည်းရုံးရမလဲ ဘကြီးစုန်''

''ဒီနည်းအောင်မြင်ရင် မင်းချစ်သူမရှင် မင်းဘက်ကိုပါလာမှာပဲ။ မင်းကို ချစ်ရင်. .. မင်းအလိုတော့ လိုက်ရမှာပေါ့။ ငရဲလမ်းကိုပို့မှာမဟုတ်ဘူးလေကွယ်။ ကုသိုလ်လမ်း၊ သမ္မာဒိဋ္ဌိလမ်းကို ပို့တာဥစ္စာ ...''

''အကယ်၍ သူကမလိုက်လျောရင်ရော''

''မင်းတာဝန်ကျေပြီပေါ့။ လူလေးရယ်။ ဒါပေမယ့် မင်းကမျှားမရှင်ကိုမရရင် စွဲမိရွှေဘဝင်ရှာက မပြန်တော့ဘူး ဆိုရင်တော့ ... ဇော်ဂနီ မိဆင့်ရဲ့ အလိုကို လိုက်လျောပြီး သား၊ သမက်ဘဝနဲ့ ပျော်ပျော်ကြီး နေတော့ပေါ့''

''ဟူး''

ဘကြီးစုန်ရဲ့စကားအဆုံးမှာ ငါ သက်ပြင်းချလိုက်တယ်။

အချစ်ဆိုတာ အေးမြခြင်းလို့ ထင်တာ။

ခုတော့ ... အချစ်ဆိုတာ သောကကို ထမ်းပိုးပြီး မောဟ ပြာပူထဲ ဘိနပ်မပါပဲ ပြေးရတာပါလားလို့ ငါသဘောပေါက်ခဲ့ရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

''ညီမ မရှင်''

''အစ်ကို ... ဘာလဲဟင် ... ဟင်လို့''

''ညီမကို အစ်ကိုမေးစရာ ရှိတယ် ညီမရယ်''

''မေးလေ ...''

''အစ်ကိုနဲ့အမေ နှစ်ဦးယှဉ်ရင် ဘယ်သူ့ကို ပိုချစ်လဲဟင်''

ငါ့မေးခွန်းကြောင့် မရှင် လူးလဲထလိုက်တယ်။

ပြီး ... စဉ်းစားသလို လုပ်ရင်းက ...။

''အစ်ကိုဆိုရင်ရော၊ ဘယ်သူ့ကို ပိုချစ်မှာလဲဟင်''

''ငါ့မေးခွန်းနဲ့ ငါ့ကိုပြန်မေးပါရော စာရေးဆရာရေ''

''လူ့ပျိုဘဝမှာ အမေ့ကိုချစ်တယ်။ ချစ်သူရလာတော့လဲ အမေ့ကိုချစ်တာပဲ။ အမေ့ကို တစ်သက်လုံး ချစ်သွားမှာပေါ့။ အမေဆိုတာ အနှိုင်းမဲ့မေတ္တာရှင်ပါ ညီမ။ အမေတွေအားလုံး မေတ္တာရှင်တွေချည်းပဲ။ အမေတွေအားလုံး၊ မေတ္တာနဲ့မှုန်းသမို့ ရုပ်လုံးပဲထုထု၊ ပန်းပုပဲဆစ်ဆစ်၊ စာခြစ်လို့စီစီ၊ ပန်ချီပဲရေးရေး၊ ဘယ်ဆေးမှ လိုက်လို့မမှီ၊ အနန္တတန်ခိုးတော် ပီပါဘိလေးတဲ့။ ဒါကြောင့်အစ်ကို





ကတော့ အမေဆိုတဲ့တောင်မပြိုခင်၊ တောင်ခြေကို မှန်း၊ ကန်တော့ဖို့ လှမ်းခဲ့မယ် ... လှမ်းလိုက်တာ အမေရယ်လို့၊ ညရော နေ့ရော တွေးဆသတိရနေတာပေါ့ ညီမရယ်''

''အစ်ကိုက အမေကို အရမ်းချစ်တာပဲနော်''

''ချစ်တာပေါ့။ ဖဝါး လက်နှစ်လုံး၊ ဖခုံးလက်နှစ်သစ်၊ လူဖြစ်အောင် မွေးပေးခဲ့တာလေ။ အဆိုတော်ကြီး ဒေါ်ကြည်အောင်ဆိုထားတဲ့ မိဘမေတ္တာ သီချင်းကို သိပ်ကြိုက်တာလေ''

''ဆိုပြ''

ဒါနဲ့ ငါက ချစ်ရတဲ့သူ နားထောင်ချင်လို့ ဆိုပြရတာပေါ့။

''သားတို့ရုပ်ရည်–သီတာယေမည်၊ ရေကြည်ချမ်းမြ၊
တစ်ပေါက်ကလေး ကျရုံမျှနဲ့ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည့်
သံယောဇဉ်အတည် ကြည်လင်တဲ့အရေး ခြေဘ် ...
ကိုယ့်ရင်သွေးမို့ ထွေးပိုက်လို့ချီ အရွယ်မတိုင်မီ
မိဘများ၊ ပိုးမွေးသလို မွေးကြရပေသည်။
အနန္တဂုဏ်ရည် ပျိုကြည်အောင် ကျေးဇူးတွေတင်သည်''

''ညီမရေ ... မိဘကောင်းတို့မည်သည် ကိုယ့်သားသမီးတွေကို ယဉ်ကျေးလိမ်မာတဲ့ သားသမီး၊ ဘာသာတရားနဲ့ ရိုးရာယဉ်ကျေးမှုတွေကို လေးစားလိုက်နာတဲ့ သားသမီးကောင်း လူကောင်း လူတော်တွေ ဖြစ်ချင်ကြတာပဲ ညီမရဲ့ ဟုတ်ရဲ့လား ဟင်''

''အင်း ... အင်း''

''ယဉ်ကျေးလိမ်မာတဲ့ မိခင်ကောင်း၊ ဖခင်ကောင်းတွေဟာ ကိုယ့်သားသမီးတိုင်းကို လူဆိုးလူမိုက်၊ သူခိုးဂျပိုး ပညာမဲ့၊ ဘာသာမဲ့၊ ယဉ်ကျေးမှုမဲ့ ကလေးတွေ မဖြစ်စေချင်ကြဘူး။ လမ်းမှားတွေ မရောက်အောင် နေ့စဉ်၊ ညစဉ် သွန်သင်ဆုံးမကြရတယ်။ တို့အမေများလည်း တို့များကို လူယဉ်ကျေး လူလိမ္မာ၊ တန်ဖိုးရှိတဲ့လူ လူပီသတဲ့လူဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့လို့။ အမေ့ကိုရော၊ အဖေ့ကိုပါ ကျေးဇူးတင်တယ်။ ချစ်တယ်။ လေးစားတယ်။ အစ်ကိုအိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားလို့၊ သားသမီးတွေရလာရင် လူလိမ်မာ၊ လူယဉ်ကျေးလေးတွေ ရတနာသုံးပါးရိုသေလေးစားသူတွေ လူနဲ့လူ့ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့ လူကောင်း၊ လူတော်၊ လူယဉ်ကျေးလေးတွေဖြစ်အောင် ပြုစုပျိုးထောင်ရမှာပဲ။ မိဘကောင်းတို့ရဲ့ ယဉ်ကျေးမှု စာရိတ္တ အမွေကောင်းတွေကို အစ်ကိုတို့က ကိုယ့်သားသမီးများအပေါ် လက်ဆင့်ကမ်းအမွေပေးရမှာပဲ။ ဒါမှသာလျှင် တို့များသည် မိကောင်းဖခင် စာရင်းဝင်ဖြစ်ကြမယ်။ အနန္တဂိုဏ်းဝင် အကန်တော့ခံ မိဘတွေ ဖြစ်လာမှာပေါ့။ ဟုတ်ရဲ့လား ညီမ . . . ကြိုက်ရဲ့လား ဟင်''

မရှင်က ငါ့မျက်နှာကို ငေးကြည့်နေတယ်။

ဆံနွယ်စတွေက တိုးညှင်းလေပြေနဲ့ နွဲ့လို့ လွင့်လို့။

ငါမေးတာကို မဖြေပဲ ငါ့ကိုငေးမောကြည့်နေတာ။

''ညီမ . . . မရှင်''

''ရှင် ရှင် . . .''

''အစ်ကိုပြောတာ မှန်ရဲ့လား ညီမ''

''မှန် . . . မှန် . . . ပါတယ် . . . အစ်ကို''

''ညီမ ကြိုက်နှစ်သက်ရဲ့လား''

''အင်း . . . ဒါပေမယ့်''

''ဒါပေမယ့် ဘာဖြစ်တုန်း ညီမလေးရဲ့ ပြောပါဦး''

''ကျွန်မအမေရှေ့မှာ မပြောပါနဲ့ အစ် . . . ကို''

မရှင်ရဲ့အသံမှာ တုန်ခါလှိုက်လှဲသံ ပါနေတယ်ကွာ။

''ညီမ လက်ခံနှစ်သက်ဖို့ အရေးကြီးပါတယ် ညီမ။ တကယ်တမ်း ဘဝခရီးကို လက်တွဲလျှောက်ရမှာက အစ်ကို့ညီမလေး မရှင်ပါ . . .။ ညီမရဲ့ ရင်ထဲမှာ အမှန်တရား ရှိနေ သိနေတာ အစ်ကို မြင်နေရတယ်။ ညီမလေး စဉ်းစားကြည့်စမ်းပါ။ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးလောက် ကိုးကွယ်ယုံကြည်စရာ ဘာရှိသေးလို့လဲ ဟင် . . .''

''ညီမကို အစ်ကိုချစ်တယ်၊ ညီမလေးကို မိခင်ကောင်းတစ်ယောက်၊ ဘာသာတရား ကိုင်းရှိုင်းလေးစားပြီး၊ ဒါန၊ သီလ၊ ကောင်းမှုကုသိုလ် အမြဲမပြတ်





ပြုကျင့်တဲ့ မိန်းမမြတ်၊ မယားမြတ် ဖြစ်စေချင်တယ်။ အစ်ကို့ကိုချစ်ရင် ညီမလေးတို့အမေရဲ့ မှားယွင်းနေတဲ့ ယုံကြည်မှုတွေကို ဖြတ်တောက်လိုက်ပြီး အစ်ကို့ရဲ့နောက်ကို လိုက်ခဲ့ပါ ညီမရယ်။ ညီမရေ . . . မှားသောအယူလို့ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိအယူကို ယူခဲ့မိရင် သေပြီးနောက်ဘဝ၊ နောင်ဘဝမှာလည်း အပါယ်ငရဲက မလွတ်တော့ဘူး။ ရတနာသုံးပါးကို ကိုးကွယ်၊ ယုံကြည်ခြင်း၊ မိဘ၊ လင်သား၊ ဇနီးမယား၊ သားသမီးကို ကောင်းမွန်စွာ လုပ်ကိုင်ကျွေးမွေးခြင်းတို့သည်သာ ဘုရားကြိုက်၊ နတ်ကြိုက်၊ သိကြား၊ ဗြဟ္မာကြိုက်၊ လူအများကြိုက်တဲ့ ကုသိုလ်အလုပ်၊ မွန်မြတ်ယဉ်ကျေးတဲ့ ဘဝကူးကောင်းတဲ့ အလုပ်ပါ . . . ညီမ။ ညီမကို ပြာပူငရဲလမ်းမှာ ရင်ပန်းနွမ်းကြွေ ပြာကျတဲ့အဖြစ် အစ်ကို မကြည့်ရက်ဘူး။ ညီမ အစ်ကို့ကိုယုံပါ။ ရတနာသုံးပါးကို ယုံကြည်ပါ၊ အစ်ကို့နောက်ကို ရဲရဲဝံ့ဝံ့ လိုက်ခဲ့ပါ။ အစ်ကိုညီမကို ရိုးမြေကျ ပေါင်းသင်းကြင်နာသွားပါ့မယ်လို့ ကတိပေးပါတယ် . . . နော်''

''အင့် . . . ဟီး''

သူရှိုက်ပြီး ငိုလိုက်တယ်။

မျက်ရည်ပူတွေ ပေါက်ကနဲ ကျလာတယ်။

စီးလိမ့်ကျနေတဲ့ မျက်ရည်တွေကို ငါအကြင်နာလက်နဲ့ သုတ်ပေးပြီး ယုယစွာ ပွေ့ဖက်ထားလိုက်တယ်။ ငါ့ရင်ခွင်ထဲမှာ မရှင်ရဲ့ နုနုနွေးနွေးကိုယ်လုံးဟာ သိမ့်သိမ့်တုန်နေတယ် စာရေးဆရာ။

www.burmeseclassic.com

www.burmeseclassic.com




''အဘစုန်''

''ဘာတုန်း မောင်အောင်ပါစေ''

''အဘစုန်ကို ပြောစရာရှိလို့''

''ပြော ... ဘာလဲ ပြော''

''ကျွန်တော် မရှင်ကို ခိုးပြေးတော့မယ်''

''ဟေ မရှင်ကို ခိုးပြေးမယ် ဟုတ်လား''

''ဟုတ်တယ်။ မနက်ဖြန် မနက်ခေါ်သွားမယ်''

''လူကလေး ဟိုလေ ... မရှင်ကရော၊ မင်းနဲ့လိုက်ဖို့ သဘောတူရဲ့လား။ လူကလေးရယ် တော်ကြာ ...''

ဒါနဲ့ ငါက ချစ်သူမရှင်ကို ရတနာမြတ်သုံးပါးနဲ့ နာချပြီး ... မိကောင်း ဖကောင်း ... လင်ကောင်း၊ မယားကောင်းတို့ရဲ့ ဘဝစစ်၊ ဘဝမှန်အကြောင်း ပြောပြစည်းရုံးခဲ့ပုံကို ပြောပြလိုက်ရော။





''ဟေ ... ဒီလိုလား ... ဝမ်းသာလိုက်တာ လူကလေးရယ်။ မိဆင့် အယူသီးပေမယ့်၊ မရှင်က သူ့အမေကြောက်လို့သာ ကြိုးဆွဲရာ ကနေရတာ။ ခုလို အမြင်မှန်၊ အယူမှန်ရလာတော့ ဝမ်းသာသဟေ့။ ဒါပေမယ့် မောင်အောင်ပါ စေရယ် ...''

''ဟုတ်ကဲ့ အဘစုန် ... အမိန့်ရှိပါခင်ဗျ''

''သူ့ အမေ မဆင့်က ...''

''ဘာဖြစ်လို့လဲ ...''

''ဇော်ဂနီကြီးကွ ... စုန်းပညာမှာ အဆင့်မြင့်တယ်။ သူ့သမီးကို မင်း သွေးဆောင်ဖျားယောင်း ခိုးယူခေါ်သွားမှန်းသိသွားရင် ... မင်းရော မရှင်ရော မလွယ်ဘူး လူကလေး''

''အ ... ဘစုန်၊ ဘယ်လို မလွယ်တာလဲ ဟင် ဟင်''

''သူက အိန္ဒတလိန္ဒ့်ကြီး။ ဒါကြောင့်ဇော်ဂနီခေါ်တာ အိန္ဒတလိန္ဒ့်တွေ ဟာ ရန်သူ၊ မုန်းသူ၊ မလိုသူရဲ့အမည်နာမကို သိလိုက်တာနဲ့(၃၇)မင်းအောက်နတ် တွေကိုခေါ် အမိန့်ပေးပြီး စေခိုင်းလေ့ရှိတယ်။ အိန္ဒတလိန္ဒ့်ကို စုန်းလို့မခေါ်ဘူး။ ဇော်ဂနီလို့ခေါ်တယ်။ လူသာမန်၊ ရွာသူ စုန်းငယ်တွေကသာ'စုန်း''စုန်းကြီး' 'ခေါင်းဆွဲကြီး' ခေါ်ကြတယ်။ သူက ဒေဝဇော်ဂနီလို့ခေါ်တယ်။ အောက်တန်းစား နတ်ဆိုး၊ နတ်ယုတ်တွေ၊ ဗျဂ္ဂဇော်ဂနီလို့ခေါ်တဲ့ ကျားနဲ့ယှဉ်တဲ့ နတ်စိမ်းတွေ (မင်းညီနောင်လိုမျိုးပေါ့)၊ ယက္ခဇော်ဂနီခေါ်တဲ့ ... ဘီလူး၊ သရဲ၊ ဖုတ်၊ ပြိတ္တာတွေ၊ ကုမ္ဘဇော်ဂနီလို့ခေါ်တဲ့ ဇော်ဂနီ(၃)မျိုးကို အုပ်ချုပ်တဲ့ ... နတ်စိမ်း(သေခြင်းဆိုး) တွေကို အမိန့်ပေးစေခိုင်းလို့ရတယ်။ မင်းမှာ ဒီလိုအန္တရာယ်တွေကို ကာကွယ် နိုင်တဲ့ အင်း၊ လက်ဖွဲ့၊ အစီအရင် ဘာတွေရှိထားလဲ။ ပြောစမ်း ...''

အဘစုန်က မရှင်ရဲ့အမေ'အိန္ဒတလိန္ဒ့်'ကြီးအကြောင်း ထဲထဲဝင်ဝင် သိနေပုံပဲဟေ့။ ငါ့ကို စိုးရိမ်တကြီး မေးပါရော။

''ဘာအဆောင်မှ မရှိပါဘူး အဘစုန်။ ဟောဒီလက်ကောက်ဝတ်မှာ အဘိုးဘုန်းကြီး ထိုးပေးထားတဲ့ စားခွက်နှိုက် ဆေးစက်ပဲရှိတယ်အဘ''

''ဟူး ... ခက်တာပဲ ... နေဦး နေဦး''



www.burmeseclassic.com

www.burmeseclassic.com



အဘစုန် ဘုရားစင်ရှေ့က သံသေတ္တာကြီးကို ဖွင့်လိုက်တယ်။

ပြီး … သပိတ်ကြီးတစ်လုံးကို ထုတ်လိုက်တယ်ဟေ့။

ငါ့ရှေ့မှာ သပိတ်အဖုံးကို ဖွင့်လိုက်ရော …။

အထဲမှာ …။

ရွှေချထားတဲ့ ပုတီးတွေ။

ရွှေထုံးဘူး၊ ငွေထုံးဘူးတွေ။

ရွှေပြားအင်း ငွေပြားအင်းတွေ။

ရွှေရောင်ဓားငယ်၊ ငွေရောင်လှံငယ်လေးတွေနဲ့ မိုင်းကိုင်စက္ကူ၊ အင်းချပ်တွေကို တွေ့လိုက်ရတယ်။

အဘစုန်က ရွှေထုံးဘူးတစ်ဘူးကိုဖွင့်ပြီး… ဆေးလုံးတစ်လုံးကို ထုတ်လိုက်တယ်။

"ဒီဆေးလုံးကို အဂ္ဂိလောင်မီးဆေးလို့ခေါ်တယ်။ မိမိကို … မကောင်းဆိုးဝါးတွေ ဝိုင်းဝန်းနှောင့်ယှက်နေပြီ၊ တောင်းပန်လို့လည်းမရ၊ ပြေးလို့လည်း မလွယ်တော့မှ မြေပြင်ကို ပစ်ပေါက်လိုက်။ လောင်မီးကျပြီး ပြာအတိဖြစ်စေလို့ ပြော … ရော့ ယူထား … ဟောဒါက(၉)သိမ်ဝင်ပုတီး လည်ပင်းမှာဆွဲထား။

ရွှေရောင်ဆေးလုံးတစ်လုံး သိမ်ဝင်ပုတီးနှစ်ကုံးကို ပေးပြီး၊ ငွေရောင်ထုံးဘူးတစ်ဘူးကို ဖွင့်လိုက်တယ်။

"ဟောဒီဆေးလုံးကိုတော့ 'အာရောဂျ သိဒ္ဓိ' မဟာတန်ပြန်ဆေးလုံးလို့ခေါ်တယ်။ မည်သည့်ရောဂါဝေဒနာ ခံစားရ၊ ခံစားရ ဆေးလုံးကိုလက်ထဲထည့် လက်အုပ်ချီပြီး ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းနှင့်တကွ၊ ထွက်ရပ်ပေါက်သိဒ္ဓိ၊ မဟိဒ္ဓိ ဆရာအရှင်တို့မှ … အသက်ရှင်ဆေး ချီးမြှင့်တော်မူပါ ခင်ဗျားလို့ပြောပြီးရင် ဆေးလုံးကို ပါးစပ်ထဲဝင်အောင်သွင်း ဝါးစား။ မြွေဆိုးကိုက်၊ ကျားကိုက်တဲ့ရောဂါ၊ အဆိပ်ဝင်တဲ့ရောဂါ အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်ကြောင့်ဖြစ်တဲ့ ရောဂါတွေကို ချက်ချင်းဖယ်ရှားပစ်နိုင်တယ်။ တိုက်သူ ပြုစားသူကိုတန်ပြန်တယ်။ လုံလုံခြုံခြုံဆောင် အရေးကြီးမှသုံးနော်။ လူကလေးတို့ထွက်





သွားချိန်မှာ အဘကလည်း ဒီကနေ ဆိုင်ရာ၊ ပိုင်ရာ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီး ကူညီဖို့ တောင်းဆိုနေမယ်။ အရေးကြီးတာက … မရှင်ရဲ့ … ခန္ဓာကိုယ်ထဲမှာ သူ့အမေသွင်းပေးထားတဲ့ ပညာစက်တွေရှိတယ်။ အရမ်းယုတ်ညံ့တာတွေကွဲ့။ ကောင်မလေးကတော့ … သူရထားတဲ့ ပညာစက်တွေနဲ့ ပြိုင်ဆိုင်၊ ပြုစားတာတော့မရှိဘူး။ သို့သော် … သူ့အမေသွင်းထားတဲ့ စက်တွေရှိနေတော့ … သူ့အမေက ဒီစက်တွေကို လိုသလို သိမ်းလို့ရတယ်။ စက်ညှို့ခေါ်လို့ရတယ်။ အဝေးကနေပညာစက်လွှတ်ပြီး၊ မင်းကို ရန်ပြုနိုင်းနိုင်တယ်။

ဒီလိုမှ မဟုတ်ရင်၊ သူ့သမီးကို သူပြန်သတ်ပစ်နိုင်တယ်။ မင်းကလည်း သူ့ကို အာခံတဲ့ ရန်သူဖြစ်သွားပြီလေကွယ်။

"ဗျာ … အဲဒီလို လုပ်မယ် ဟုတ်လား"

"လုပ်နိုင်တယ် သူ့သမီးက သူ့မအေကို သစ္စာဖောက်ပြီး သူမကြိုက်တဲ့ ရတနာသုံးပါးကိုးကွယ်ဖို့ မင်းနောက်ကို လိုက်သွားတယ်။ ပြောပါပကောလား။ မဆင့်က အိန္ဒိတလိန္ဒကွ။ နာမည်ကို သိတာနဲ့(၃၇)မင်း အောက်နတ်တွေ လွှတ်ပြီး မင်းတို့နှစ်ဦးကို အသေလုပ်ချင် လုပ်မှာ။ မင်းရှေ့မှာ သူ့ခွေးသား ဘသိန်းမိုကို အဆုံးစီရင်ခဲ့ပြီးပြီလေ။ ဒါကြောင့် ဒီအင်းကို ဘုရားရှေ့မှာ ရှိတဲ့ပညာစွန့်လှူပြီး သောက်နိုင်း … မူလသွင်းထားတဲ့ စက်ကြိုးတွေမရှိရင် သူ့သမီးကို လုပ်ချင်တိုင်း လုပ်လို့မရဘူး။ သဘောပေါက်လား"

"အဘစုန်"

"ပြော လူလေး ဘာသိချင်လဲ"

"အဘစုန် ဒီလိုပညာတွေလဲ ရတာပဲလားဟင်"

"ရတယ်။ ဒါပေမယ့် အောက်လမ်းပညာမဟုတ်ဘူး။ စုန်း၊ ကဝေ ပညာမဟုတ်ဘူး။ ဒါဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးရဲ့ ပညာစဉ် … တန်ဖိုးကြီးတယ်။ လေးလေးစားစား လုပ်နော် လူလေး"

"အဘစုန်ကို အရမ်းကျေးဇူးတင်ပါတယ်။ အဘရယ်။ အဘရဲ့ ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး အဘ။ နောက်ဆုံးတစ်ချက်ပဲ သိပါရစေ အဘ"

"ဘာသိချင်တာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



''ဟိုလေ . . . အဘစုန် ဒီလိုဝိဇ္ဇာမိုရ်ဂိုဏ်းတော်ကြီးရဲ့ ပညာတော်တွေ တတ်မြောက် နားလည်တာကို ဟို . . . ဟို ကြီးတော် ဒေါ်ဆင့် သိလားဟင်''

ငါ့မေးခွန်းကို ဘကြီးစုန် ပွင့်ပွင့်လင်းလင်းဖြေတယ်။

''သိတယ်''

''သိတယ် ဟုတ်လား''

''သိတာပေါ့။ သူ့အလုပ် သူလုပ်။ ကိုယ့်အလုပ်ကိုယ်လုပ်ကြတာပဲ။ စည်းတော့ရှိတာပေါ့။ သူလည်း တရားမဲ့တာ မလုပ်နဲ့။ လုပ်ခဲ့လို့ ငါနဲ့သက်ဆိုင်ရင်၊ ငါဝင်လိုက်တာပဲ။မိဆင့်ငါ့အကြောင်းကောင်းကောင်းသိပါတယ်။ လူကလေးရယ်။ တစ်နေ့ အဘပြောပြမယ်။ ကဲ . . . ရေချိုး ဘုရားရှိခိုး၊ ပုဂ္ဂိုလ်တွေကို မေတ္တာပို့။ မနက်ရောက်ရင် အဘမေတ္တာလည်း ပို့ပေးမယ်။ ရှင်းစရာရှိတာလဲ ရှင်းထားလိုက်မယ်။ အထူးသဖြင့် အေးမြရှင်လေး အမှားနဲ့အမှန်၊ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိ ခွဲခြားနားလည် အမြင်မှန်တာကြားရတော့ ဝမ်းသာလှသကွယ်''

ငါလည်း ရေချိုး အဝတ်အစားလဲ။

ညစာစားပြီးနောက် ဘုရားစင်ရှေ့မှာ စနစ်တကျထိုင်ပြီး . . ဘုရားရှိခိုး အဘပေးတဲ့ ပုတီးကိုစိတ်၊ ပုတီးကိုးပတ်ရတော့ ဂုဏ်တော်တွေရွတ် မေတ္တာပို့။

ပြီး . . . ရတနာသုံးပါးကို ဦးချ။

အဖေနဲ့အမေကို ရည်မှန်းပြီးဦးချ။

ပြီးတော့ . . . ကျေးဇူးရှင်ဘကြီးစုန်ကို ဦးချပြီး အိပ်ယာပေါ်မှာ လှဲချလိုက်တယ်။

နက်ဖြန် မိုးသောက်ရင် အေးမြရှင်ကို ငါခိုးခေါ်သွားတော့မယ်။ ချစ်သူနဲ့အတူ ပျော်ရွှင်စွာ နေရမှာတွေးပြီး ငါပျော်လိုက်တာ။

သို့သော် . . . ။

ချစ်သူအေးမြရှင်ရဲ့အမေ။

အိန္ဒိတလိန်္ဒ ဇော်ဂနီမိန်းမကြီး အရှက်၊ ဒေါသ၊ ပညာမာန၊ ရာဇဝင်က ရှိခဲ့ဖူးတယ်။

သူ့ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ထိပါးခဲ့ရင် . . . ။





ဆေးဆရာ အသက်မမှီအောင် ရက်စက်သတဲ့ . . . ။

တော်ပါသေးရဲ့ . . . ။

ဘကြီးစုန်ပေးထားတဲ့ ဆေးတော်တွေရှိနေလို့။

စိတ်ထဲမှာ သိပ်မကြောက်ဘူး။

ငါတို့နှစ်ဦး ပျောက်ခြင်းမလှ ပျောက်သွားရင် မရှင်အမေ ယမ်းပုံမီးကျ ဒေါသထွက်တော့မယ်။

ငါနဲ့ မရှင်တို့အပေါ် ရက်စက်နာကျည်းတော့မယ်။

မရှင်ရော ဒီည အိပ်လို့မှ ပျော်ပါ့မလား။

မရှင် သူ့အမေထံပါးက စွန့်ခွာပြီး သူချစ်ရတဲ့ တစ်နယ်သား ငါ့နောက်ကို လိုက်ရဲပါရဲ့လား။

မနက်အာရုဏ် မလင်းတလင်းရောက်ရင် သိရတော့မယ်။

ငါရင်တွေ တုန်လိုက်ပါဘိနှယ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"အဘ ... ကျွန်တော်သွားတော့မယ်။ အဘကို ကန်တော့ပါတယ်။ အဘ။ မေတ္တာစေတနာနဲ့ ကျေးဇူးတွေကို ကျွန်တော်မမေ့ပါဘူး အဘ။ ရည်မှန်းချက်တွေ အဆင်ပြေပြီး တည်ငြိမ်အေးချမ်းသွားရင် အဘထံကို ကျွန်တော် အရောက်ပြန်လာခဲ့ပါမယ် အဘ"

ငါကျေးဇူးရှင် အဘစုန်ကို ဦးသုံးကြိမ်ချကန်တော့လိုက်တယ်။ သူနဲ့ ငါသွေးသားမတော်စပ်ပါဘူး။ စာရေးဆရာ။

ဆရာနဲ့ တပည့်လည်း မဟုတ်ဘူး။

ငါက ကုမ္ပဏီရဲ့ စပါးအဝယ်တော်။

သူက ... စွဲမိရွှေဘဝင်က လူပေါင်းရှာသားကြီး။

ဇနီးမရှိ၊ တူသားမရှိ၊ အဖော်မရှိ တစ်ဦးတည်းနေတဲ့ အဘိုးအို။

ဗုဒ္ဓကို သက်ဝင်ယုံကြည် လေးစားသူ။

ငါ့ကို တူ၊ သား၊ မြေးလို သံယောဇဉ်ရှိနေတဲ့အဘိုး။





ငါ ... အဝယ်တော်အဖြစ်လာခဲ့ရင် သူ့အိမ်မှာပဲ တည်းစေတယ်။ ချက်ပြုတ်ကျွေးမွေးတယ်။ အားနာလိုက်တာ အဘရယ်ပြောရင် မကြိုက်ဘူးတဲ့။

ခင်ရာဆွေမျိုးပဲ စာရေးဆရာ။

မြိန်ရာ ဟင်းကောင်းပဲ။

အခု ... ငါလေးစားတဲ့ အဘစုန်၊ ဘယ်လိုပုဂ္ဂိုလ်လဲ ငါသိနေပြီ။ သူက ဒီရွာမှာ သိုသိုသိပ်သိပ်နေသူ အများက လေးစားသူ။

ငါစဉ်းစား တွေးယူနေတုန်းမှာပဲ ...။

အဘစုန်ရဲ့ ဆုပေးစကားတွေကို ကြားနေရတယ်။

သည့်နောက် ... ငါလွယ်အိတ်တစ်လုံး ကောက်လွယ်ပြီး အိမ်ငယ်လေးပေါ်က ဆင်းခဲ့လိုက်တယ်။

ငါ့လက်နှိုပ်မီး ဓာတ်ခဲနှစ်တောင့်ထိုးနဲ့ မြေပြင်ဝန်းကျင်ကို ထိုးပြီး ... မရှင်တို့ နှစ်ထပ်အိမ်ကြီးရှိရာ ရွာအလယ်ပိုင်းကို ရှေးရှုလာခဲ့လိုက်တယ်။

မနက်အာရုဏ်မတက်သေးဘူးကွ။

အမှောင်က အားကောင်းသေးတယ်။

ခွေးတစ်ကောင်၊ နှစ်ကောင် ဟောင်သံကြားရပြီး အသံတိတ်သွားတယ်ဟေ့။ အိမ်တွေက လှုပ်ရှားသံမကြားရဘူး။

မီးမထိုးပဲနဲ့ မရှင်တို့အိမ်ကြီး နောက်ဖက်ကို အသာလှမ်းလာလိုက်တယ်။ ခြင်တွေ ကိုက်သလား မမေးနဲ့။ မရိုက်ရဲဘူး ခြင်ရိုက်သံကြားရင် ...။

ငါစွယ်တော်ပင်တွေ အောက်မှာ ဝင်ခိုပြီး အိမ်မြှောင်စုတ်ထိုးသံလုပ်ပြီး အချက်ပြလိုက်တယ်။

မရှင်နဲ့ အချိန်းအချက်လုပ်ထားတဲ့ သင်္ကေတပေါ့။

ခဏနေတော့ အိမ်အောက်ထပ်တံခါးဟ,လာတယ်ကွ။

မိန်းမတစ်ယောက် ထွက်လာတယ်။ မရှင်နဲ့တူရဲ့၊ ငါအသံပြုမလို့ ဟန်ပြင်ပြီးမှ အမြန်ရပ်လိုက်ရတယ် စာရေးဆရာရေ၊

ငါ့ချစ်သူ မရှင်မဟုတ်ဘူးဟေ့။

အိမ်ဖော်မိန်းမကြီးဗျ။ တော်ပါသေးရဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အလို အိမ်ဖော်ထမင်းချက် မိန်းမကြီးက ငါရပ်ပုန်းနေတဲ့ စွယ်တော်ပင် သုံးလေးငါးပင်ရှိရာကို စိုက်ကြည့်နေတာပါလား။ ဘုရား ဘုရား မသင်္ကာလို့များ လူ လူလို့ သူခိုး၊ သူခိုးလို့ အော်လိုက်ရင် ငါတော့ ဒုက္ခရောက်ပြီ။

လူတစ်ကိုယ်လုံး ဖောချွေးတွေပျံနေပြီ။

ဒူးနှစ်ဖက်လည်း တုန်နေပြီ။

ငါ . . . တစ်သက်နဲ့တစ်ကိုယ် သူများ မိန်းမခိုးရာလည်း အဖော်မလိုက်ဖူးဘူး။ ကိုယ်တိုင် မိန်းမခိုးရတော့ ရင်တွေတုန်နေပြီ။

အကယ်၍များ . . . ။

အိမ်ဖော်မိန်းမကြီးလက်ထဲမှာ လက်နှိပ်ဓာတ်မီးပါလို့ ငါရှိရာ မီးနဲ့ထိုးလိုက်ရင် . . . ။

သွားပြီ၊ ငါ့ဘဝတော့ သွားပြီ။

အိမ်ဖော်မိန်းမကြီးက ငါပုန်းနေတဲ့ စွယ်တော်ပင်ကြားကို အတန်ကြာကြည့်ပြီးနောက် အိမ်သာရှိရာကို လှမ်းသွားတယ်။ ကိစ္စပြီးတော့ ငါရှိရာကိုလှမ်းကြည့်ပြီး အိမ်နောက်ဖေးပေါက်တံခါးကို တွန်းဖွင့် ပြန်ဝင်သွားတယ်။

ဟူး သမ္မာဒေဝနတ်အပေါင်းတို့ သားတော်ကြီးကို အန္တရာယ်ကင်းအောင် မှိုင်းမ ကူညီတော်မူပါ . . . ။

အရေးထဲ ခြင်တွေကလည်း အငြိုးနဲ့ ဝိုင်းကိုက်နေကြသကွ။

ခြင်တွေကို လက်ဝါးနဲ့ပွတ်သပ်ချ။

တစ်စက္ကန့်၊ တစ်မိနစ်၊ နှစ်မိနစ်၊ ငါးမိနစ် . . . ။

ဟော . . . နောက်ဖေး တံခါးနှစ်ချပ် ပွင့်လာပြီ။

အလို . . . လူတစ်ယောက်၊ တစ်စုံတစ်ခုကို ရင်မှာပိုက်လို့။

တံခါးနှစ်ချပ်ကို အသာပြန်စေ့ပြီး ငါရှိရာ စွယ်တော်ပင်အုပ်ဖက် လှမ်းကြည့်နေတယ်။

''ကျွတ် . . . ကျွတ် . . . ကျွတ်''

ငါ အိမ်မြှောင် စုပ်ထိုးသံ အချက်ပေးလိုက်တယ်။

သူ ငါရှိရာကို ခပ်သုတ်သုတ် လှမ်းလာနေတယ်။





လဆုတ်ညရဲ့ လင်းပိုင်းလရောင်နဲ့ ငါမြင်လိုက်တယ်။

''ညို . . . မ''

''အစ်ကို . . . ''

''လာ . . . လာ''

မရှင်ကွာ။ မရှင်အစစ်ပေါ့ မျက်နှာကို အဝါရောင်ပုဝါ အုပ်သိုင်းချည်ထားတယ်။ လက်ထဲမှာလည်း အဝတ်အစားထည့်ထားတဲ့ လွယ်အိတ်နဲ့။

ငါသူ့လက်ကိုဆွဲပြီး ရွာလမ်းငယ်တွေကနေ ရွာပြင်ရှိရာကို ခပ်သုတ်သုတ် မပြေးယုံ လှမ်းခဲ့ကြတယ်ကွ။

''ရွာပြင်မှာ အစ်ကို့မိတ်ဆွေ ဂျစ်ကား စောင့်နေတယ်''

''မြန်မြန် ရွာပြင်ဝေးဝေးကို ရောက်မှဖြစ်မယ် အစ်ကို။ အမေနိုးလို့ ကျွန်မကို မမြင်ရင် ပြဿနာတက်လိမ့်မယ်''

''လာ . . . မြန်မြန်လှမ်း''

အရုဏ်လင်းစပြုရော ငါတို့စွဲမိရွှေဘဝင် ရွာကြီးရဲ့ အပြင်ကိုရောက်နေပြီ။

ကွင်းထဲ၊ တလင်းထဲ သွားနေတဲ့လူ သုံးလေးယောက်ကို ခပ်လှမ်းလှမ်း မြင်လိုက်ရတယ်။

ငါတို့ စောင့်နေတဲ့ ဂျစ်ကားရှိရာကို ပြေးခဲ့ကြတာပေါ့။

''ကိုခင်မောင်မြင့် ကိုခင်မောင်မြင့်''

''ဟေ့ . . . အောင်ပါစေလား ဟေ့''

''ဟုတ်တယ် ကိုမြင့် ကားစက်နှိုးပြီး အမြန်မောင်းတော့ ကိုမြင့်''

ငါမရှင်ကို ကားနောက်ခန်းမှာထိုင်စေပြီး၊ သူ့နံဘေးမှာ ငါထိုင်လိုက်တယ်။ ဝီလီဂျစ်ကားရဲ့ စက်နှိုးသံကြောင့် ခပ်လှမ်းလှမ်းတလင်းထဲ အလုပ်လုပ်နေကြတဲ့ မိန်းမ၊ ယောကျာ်းအချို့က ကားရှိရာကို လှမ်းကြည့်နေကြတယ်။

မရှင်ရဲ့ ကိုယ်လုံးလေးဟာ ကြောက်ရွံ့စိုးရိမ်စိတ်နဲ့ တုန်နေတယ်ကွ။ ငါက သူ့ပခုံးကို လက်နဲ့ဆုပ်ညှစ်ပြီး မကြောက်ဖို့ပြောရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဂျစ်ကား ရွာပြင်ကစထွက်တော့ နေလုံးထွက်စပြုပြီး . . . ပတ်ဝန်းကျင်ကို လင်းလင်းချင်းချင်း မြင်နေရတယ်။

ဂျစ်ကားဟာ မြင်းရိုင်းတစ်ကောင်လို ကွင်းလမ်း၊ လှည်းလမ်းကြောင်းလမ်းမပေါ်မှာ ခုန်ပေါက် ပြေးနေတယ်။

မနက်စောစော ဖြစ်သော်လည်း . . .။

လှည်းလမ်း (ကားလမ်း)ဟာ ဖုန်တွေ လူးလွန့်လိပ်တက်စ ဖြစ်နေပြီ။ မရှင်ဟာ ငါ့ကိုအားကိုးကြီးစွာ ဖက်ထားလို့။

ငါကလည်း ချစ်သူရဲ့ ကိုယ်လုံးလေးကို ယုယကြင်နာစွာ ပွတ်သပ်ပြီး အားရှိအောင် နှစ်သိမ့်ပေးလိုက်တာပေါ့။

ငါ့လူ စာရေးဆရာ။

အချစ်ဟာ . . . စိုးရိမ်ပူပန်စရာကောင်းသလို။

အချစ်ကြောင့်လည်း မြူနေတဲ့သတ္တိတွေ ခေါင်းထောင် အင်အားကောင်း ရဲရင့်လာတာလည်း ရှိတာ၊ ဖြစ်တာပဲဟေ့''

ကဲ . . . စာရေးဆရာ။

အခု ပြောပြမယ့် ဇာတ်သိမ်းခန်းတွေက . . . ငါ့ကို ဘကြီးစုန် ပြန်ပြောပြလို့ သိရတဲ့အပိုင်းကွ။ နားထောင်နော် . . .။




ဘကြီးစုန်က ငါလည်းထွက်သွားရော၊ ဘုရားစင်ရှေ့မှာ ပုတီးစိပ်ပြီး မေတ္တာပို့နေသတဲ့။ ဘကြီးစုန်လည်း ငါနဲ့မရှင်တို့ရဲ့ ချစ်ခြင်းကို ကူညီခဲ့လို့ပြုသနာတက်နေပြီဟေ့။

မိုးစင်စင်လင်းနေပြီ။

အိမ်ရှေ့ခြံဝကနေ သူ့အမည်ကို အော်ခေါ်နေတာ။

''ကိုစုန် . . . ကိုစုန်''

ဘကြီးစုန် ပုတီးစိပ် မေတ္တာပို့တာကို ရပ်လိုက်တယ်။

''ကိုစုန် ခေါ်နေတာမကြားဘူးလား''

''ကြားတယ်ဟေ့ ဘယ်သူတုန်း ဝင်ခဲ့ ဝင်ခဲ့''

''ကျုပ်ဝင်လာစရာ အကြောင်းမရှိဘူး။ ရှင်သာ ခြံဝကိုလာခဲ့''

အလို . . . အသံက ကျောက်တုံး၊ ကျောက်ခဲ အတိုင်းပါလား။

မာကျောကြမ်းတမ်းလို့ ဘကြီးစုန် အိမ်ရှေ့ကို ထွက်လာကြည့်လိုက်တော့။

''မိဆင့်ပါလား။ ဘာကိစ္စတုန်း မိဆင့်''

နှစ်ပေါင်းလေးဆယ်ကျော် နီးပါးခန့် မျက်နှာချင်းဆိုင် စကားမပြောခဲ့တဲ့ မခင်ထားဆင့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်း . . . ။

နာမည်ကျော် အိန္ဒိတလိန္ဒ (စုန်း)ခေါ် ဇော်ဂနီမိန်းမ။

ဇော်ဂနီပဲခေါ်ခေါ်၊ စုန်းမကြီးပဲခေါ်ခေါ် . . . ။

ခေါ်ရမည့်အမည်နဲ့ မျက်စိရှေ့မြင်ရတဲ့ သူမနဲ့က တစ်ခြားစီ။ နာမည်ပေးမှားနေကြပြီတူရဲ့။ အသက်(၄၅)နှစ်လို့ပြောရင် ဘယ်သူယုံမှာတုန်း။

အေးမြရှင်ရဲ့အမေ . . . ဒေါ်ခင်ထားဆင့်။

အခု . . သူ့အိမ်ရှေ့ခြံဝမှာ ခါးထောက်၊ အံကြိတ် မျက်နှာထား သားရေတင်းလို့။ မသိရင် . . . အေးမြရှင်ကလေး အိမ်ရှေ့မှာရပ်နေသလို။

ဩော် . . . ခင်ထားဆင့်၊ ခင်ထားဆင့် ခုရွယ်တိုင်အောင် အလှရိပ်တွေ စုဝေးထည်ဝါနေတုန်းပါကလား။

ဇွဲမိရွှေဘဝင်ရွာသူ ပီသနေတုန်းပါကလား။

''မိဆင့် . . .''

''ငါ့နာမည်ကို မခေါ်နဲ့။ ငါမေးတာပဲဖြေ''

ကြည့်စမ်း . . . အလှရုပ်လေးရှိသလောက်။

မာနဒီရေ မောက်နေတဲ့မိန်းမ။

သူမမျက်လုံးထဲမှာ ဒေါသတွေ လှိုင်းထနေတယ်။

အမုန်းတွေက . . . မီးတောက်နေတယ်။

''အိမ်ပေါ်ကိုတက်ပါ မိဆင့်''

''နင့်အိမ်ပေါ်ကိုတက်ဖို့ လုံးဝမစဉ်းစားဘူး . . . ဒီမှာ . . . နင့်အိမ်မှာတည်းနေတဲ့ ဟိုစပါးအဝယ်တော်ကောင်နဲ့ ငါတွေ့ချင်တယ်။ ခေါ်ပေး . . .''

''မောင်အောင်ပါစေကို ပြောတာလား မဆင့်''

''ဟုတ်တယ်။ သူနဲ့ငါ စာရင်းရှင်းစရာရှိတယ်။ ခေါ်လိုက်''

''သူမရှိဘူး''

''နင် ငါ့ကိုညာနေတာလား စေုန်။ နင်ငါ့အကြောင်း သိတယ်နော် . . . သူမရှိရင် ဘယ်သွားလဲပြော''

''မဆင့် . . . ဘယ်လိုကြောင့် တွေ့ချင်တာတုန်း။ အောင်ပါစေကိုတွေ့ဖို့ နင်ကိုယ်တိုင် ငါ့အိမ်ရှေ့ကို အရောက်လာရတာလား . . . ဟုတ်လား''

''ငါ လွန်လွန်ကျူးကျူးမလုပ်ခင် ငါ့ကို သူနဲ့တွေ့ပေး''





''သူငါ့အိမ်ပေါ်မှာ မရှိဘူး။ သူ့မြို့ကို သူပြန်သွားပြီ . . . မယုံရင် နင်အိမ်ပေါ်တက်ကြည့်''

''ဒါဆို ငါ့သမီးမရှင်ရော စေုန်''

''နင့်သမီးကို ငါထိန်းကျောင်းနေလို့လား မိဆင့်ရယ် ဟင်''

''နင်ငါ့ကို ဒေါသထွက်အောင်မလုပ်နဲ့ စေုန်။ အခု ငါ့သမီးမရှိတော့ဘူး။ ငါ့သမီးနဲ့ နင့်အိမ်က အဝယ်တော်ကောင်နဲ့ . . . ဟို . . . ဟို''

''ချစ်ကြိုက်နေကြလို့လား''

ဘစုန်က မသိချင်ယောင်ဆောင် မေးလိုက်တယ်။

''အခု နှစ်ယောက်လုံး မရှိတော့ဘူး''

''လူငယ်တွေပဲဟာ။ လွတ်လပ်တဲ့ သူချင်းပဲဥစ္စာ''

''တော် . . .''

''ဘာလဲ မိဆင့် နင်ကြိုးဆွဲရာကို မက,လို့ နင်ပေါက်ကွဲနေတာလား။ ဟုတ်လား''

''သူတို့ အတူတူ ထွက်ပြေးကြတယ်လို့ ငါကြားတယ်''

''ပြေးပစေလေ။ သူတို့လင်မယားဖြစ်တော့ ဘာဖြစ်လဲ''

''နင် . . . ထည့်ပေးလိုက်တာ မဟုတ်လား''

''မဆင့် ငါ့ . . . ငါ့ . . . သမီး''

''ဘာ . . .''

''အဲ . . . အဲနင့်သမီးအယူမှန်သွားတာကို ခွင့်လွှတ်ပေးလိုက်ပါ မဆင့်။ သူတို့ချစ်သူခြင်း . . .''

''နင် နင့် . . . ပယောဂပဲ စေုန်။ နင် နင်ငါ့အကြောင်းကို သိတယ်။ သိရဲ့သားနဲ့ နင်ငါ့ကို အရွဲ့တိုက်တာ။ နင် . . . မကောင်းလို့ မိရှင်ရော ဟိုကောင်ကရော ငါ့ကိုအာခံတာ။ ပုန်ကန်တာ . . . ။ ငါ့စကား၊ ငါ့ဆန္ဒကို မလိုက်လျောပဲ ဒီလို အာခံပုန်ကန်ကြမှတော့ နင်တို့ငါ့အကြောင်း သိကြသေးတာပေါ့ စေုန်ရယ်။ မိဆင့်ဘာလဲဆိုတာ . . . တစ်နယ်လုံး၊ တစ်ရွာလုံး သိရစေ့မယ်ဟေ့ ဟား ဟား ဟား ဟား ဟား''

''မိရှင်ရဲ့အမေ ခင်ထားဆင့်ဟာ အဲဒီလိုကြိမ်းဝါးပြီး မြေကြီးကို ဖနောင့်နဲ့ပေါက်လို့ လှည့်ထွက်သွားရောတဲ့ကွ။



www.burmeseclassic.com

www.burmeseclassic.com



အဘစုန်က နောက်ကနေ ပြေးလိုက်ပြီ။

"မိဆင့် မိဆင့် ရပ်ပါဦး၊ ငါပြောတာကို နားထောင်ပါဦး မိဆင့် မဆင့်" ရွာထဲက လူတွေလဲ ခုတော့ သိကုန်ကြပြီပေါ့။

စပါးအဝယ်တော်ကိုအောင်ပါစေနဲ့ အေးမြရှင်တို့ခိုးရာလိုက်ပြေးကြပြီ။ လင်းစမှာ လူနှစ်ယောက်ကို ဂျစ်ကားပေါ်တင်မောင်းသွားကြတာ။ သေချာတယ်။ အဲဒါ အေးမြရှင်နဲ့အောင်ပါစေ ...။

ပြဿနာတော့ အကြီးကြီးပဲဟေ့။

ရွာထဲမှာချက်ချင်းအုတ်အော်သောင်းတင်းဖြစ်သွားကြတယ်။ ရွာထဲက လူတွေ ပိုအံ့သြသွားကြတာက ...။

ဒေါ်ခင်ထားဆင့်ဆိုတဲ့ ပညာသည်မိန်းမကြီးက ဘယ်သူ့အိမ်ရှေ့မှ ရပ်တာ မဟုတ်ဘူး။ တစ်ရွာလုံး ဘယ်သူမှ စကားပြောတာမဟုတ်ဘူး။ ရွာထဲကလည်း သူ့ကိုကြောက်လို့ စကားမပြောကြဘူး။

ဒေါ်ဆင့်သမီးချောနှစ်ဦးဖြစ်တဲ့။

အေးမြရှင်နဲ့ သူ့ညီမ ရွှန်းရွှန်းစိုတို့ကိုပဲ အခေါ်အပြောလုပ်ကြတာ။ သူတို့ညီအစ်မ စုန်းအတတ် တတ်ကြတာလည်း သိကြပေမယ့် သူတို့ညီအစ်မက ဘယ်သူ့မှ မပြုစားဘူးလေ ...။

ဒါကြောင့် ရွာထဲကလူတွေက ခေါ်ကြ၊ ပြောကြ၊ ခင်ကြတာ။

ချစ်တော့ မချစ်ရဲဘူး။

အခု ... ဘကြီးစုန်ရဲ့ အိမ်ရှေ့ကို ဒေါ်ဆင့်လာရန်တွေ့တာ။

ဒေါ်ဆင့်ဆိုတာ ပြားစွန်းမခံတဲ့ အိန္ဒတလိန္ဒကြီး။

သူ့သမီးကို ထိပါးလိမ်ညာတဲ့ ကိုဘသိန်းမို အသေဆိုးနဲ့ သေသွားတာ။ အားလုံး မျက်စိရှေ့မှောက်မှာ။

အခု ... ကိုအောင်ပါစေအလှည့်။

ကျော်မကောင်း၊ ကြားမကောင်းတွေ တွေ့ရ၊ ကြားရ၊ မြင်ရဦးတော့မယ်လို့ တစ်ရွာလုံး ထင်ကြေးပေးနေကြပေါ့။



## ၂၄

"ဝုန်း ..."

"ဟ ဟ ဘာဖြစ်တာလဲ ကိုခင်မောင်မြင့်"

"ကားထိုးရပ်သွားတာကွ"

"မြန်မြန်လုပ်ပါဗျ။ ရွာနဲ့ဝေးဝေးရောက်အောင် မောင်းပါ"

"အေးပါ အေးပါ"

"ဝရော ဝရူး ဝရူး ဝရူး ဝေါ ဂျုတ် ဂျုတ် ဂျုတ်"

"ရပြီဟေ့ မောင်စေရေ"

"မြန်မြန်သာမောင်းဗျာ"

"ဝရော ..."

"ဝရော ..."

"ရှရော ရှရော ... ရှရော ဒရော"

"ဟ ဟ ကိုမြင့် ကိုမြင့် ဘာဖြစ်တာတုန်းဗျ ခင်ဗျားကားက ရှေ့ကို မသွားပဲ နောက်ကိုပြန်သွားနေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စေရေ ထူး . . . ထူးဆန်းနေပြီဟေ့"

စာရေးဆရာရေရှေ့ကိုသွားရမယ့်ကားက ရှေ့မသွားပဲ နောက်ကိုအရှိန် ပါသွားတာ။ ဘရိတ်အုပ်လို့လည်း မရဘူး။ ကြိုးနဲ့ လူအင်အားနဲ့ ဆောင့်ဆွဲခေါ် သွားသလို ပါသွားတာ။

မရှင်ကတော့ မျက်စိမျက်နှာပျက်လို့ဟေ့။

"ဝူး . . ."

"ဟော ရပြီ။ ရှေ့ကိုမောင်းလို့ရပြီ။ မောင်း . . . မြန်မြန်မောင်းပါဗျ"

"ဝူး ဝေါ ဝေါ"

"ဟ ဟ အစ်ကို အစ်ကို လုပ် လုပ်ပါဦး အမလေး"

"ကိုမြင့် ကိုမြင့် ဘာတွေဖြစ်တာတုန်းဗျာ။ ဒရိုင်ဘာကိုခင်မောင်မြင့် ကလည်းကားကိုအမျိုးမျိုးထိန်းတာပဲကွ။ သို့သော် . . ဂျစ်ကားက ကွင်းလမ်းမှာ ချာလပတ်လည်နေတယ်။

အပတ်ပေါင်းများစွာ လည်နေတော့ ကားပေါ်မှာပါလာတဲ့ ငါတို့သုံးဦး စလုံး မူးဝေ အော့အန်ကုန်ရော။

နောက်ဆုံးဖြစ်ချင်ရာဖြစ် ကိုခင်မောင်မြင့်က အော်ပြောရော။

"ကိုစေ ခုန်ချမှရမယ်။ နို့မို့ ကားမှောက်သွားမယ်"

"ဖြစ်ပ့ါမလား ကို . . . မြင့် . . . ဟင်"

"မခုန်ချချင်ရင် ခင်ဗျားတို့ပဲ အသေခံ ကျုပ်တော့ ဘာမှန်းမသိပဲ အသေမခံနိုင်ဘူး။ ကဲ ခုန်ချပြီဗျို့။

"ဝုန်း"

"အစ်ကို အစ်ကို"

"ညီမလေး မရှင်"

"ကျွန်မကြောက်တယ်။ ကြောက်တယ်အစ်ကို"

"ညီမမကြောက်နဲ့မကြောက်နဲ့အစ်ကိုရှိတယ်။ ကားက ဂျင်လည်သလို ပတ်ချာလည်နေတုန်းပဲ။ ဒရိုင်ဘာ ကိုခင်မောင်မြင့်ကတော့ ကွင်းလမ်းမြေပြင် ပေါ်ကနေ လူးလဲထပြီး အော်နေတယ်။





"အောင်ပါစေ . . . ခုန်ချ ခုန်ချ"

ဂျစ်ကားက တံခါးနှစ်ဖက်လုံးပွင့်ပြီး ဘောင်ဘင်ရိုက်ခတ်နေပြီ ကားအင် ဂျင်က မီးခိုးတွေလည်း အူထွက်နေပြီ။

ကားလည်နေပုံက ဘယ်စောင်း၊ ညာစောင်းပြီး လည်နေတော့ ငါတို့ နှစ်ဦး ဖက်တွယ်ပြီး ခုန်ချဖို့အခွင့်ကို ချောင်းနေကြတယ်။

ညာဘက်အတိမ်းအစောင်းမှာပဲ ငါနဲ့မရှင်လွင့်စင်ကျသွားတာ တော် သေးရဲ့ မရှင်က ငါ့ကိုယ်ပေါ်မှာ။

"မရှင်"

"အစ် ကို အား ကျွတ် ကျွတ်"

"ဟာ"

"ကား ကားမီးလောင်သွားပြီ။ ဝေး ဝေးကို ရှောင်နေကြ"

စာရေးဆရာရေ . . . ငါနဲ့မရှင် ကံကောင်းလို့သာပေါ့။

ဂျစ်ကားကို မီးတောက်တွေက စွဲလောင်သွားတာဟေ့။

ဂျစ်ကားဟာ မီးလောင်ရင်းတန်းလန်းနဲ့ ရှေ့ကို ပုံမှန်အတိုင်း ပြေးသွား တာကို အံ့ဖွယ်မြင်လိုက်ရတယ်။

ငါတို့သုံးယောက်လုံး အံ့သြငေးကြည့်နေတုန်းမှာပဲ။

"ဝုန်း"

"ဟာ"

"ပေါက်ကွဲသွားပြီကွာ တောက်"

မီးတောက်မီးစတွေဟာ ကွင်းလမ်းမှာ မြောက်တက်လွင့်စင်သွားတယ်။ ခွာတ်ဆီတိုင်ကီ ပေါက်ကွဲ မီးလောင်သွားပြီကိုး။

မရှင်က ကြောက်လန့်ကြီးစွာ ရှိုက်ငိုရင်း . . . ။

မြေပြင်မှာ ဒူးတုပ်ထိုင် လက်အုပ်ချီပြီး တောင်းပန်လိုက်တယ်။

"အမေ သမီး အမိုက်မကို ခွင့်လွှတ်ပါအမေရယ်။ ဟီး ဟီး"

"ညီမလေး"

"အစ် ကို"



www.burmeseclassic.com

www.burmeseclassic.com



''ထ, ခြေလျင်သွားကြမယ်။ အရေးကြီးဆုံးက ... နီးရာ ဘုရားစေတီရှိရာ ရောက်ဖို့ပဲ ထ နေဦး နေဦး''

ငါသတိရလို့ အဘပေးလိုက်တဲ့ သိမ်(၉)သိမ်ဝင်ပုတီးကို စလွယ်သိုင်းထားတဲ့ လွယ်အိတ်ထဲက ထုတ်ပြီး မရှင်ရဲ့ လည်ပင်းမှာ ဆွဲပေးလိုက်ရော။

''အမလေး''

''ညီမ ဘာဖြစ်လို့လဲဟင် ဟင်''

''ကြက်သီးတွေ ထသွားတယ် အစ်ကို''

''ကိစ္စမရှိဘူး။ ဒါ အဘစုန်ပေးလိုက်တဲ့ သိမ်ဝင်ပုတီး။ မဖြုတ်နဲ့ ဆွဲထားကိုင်း ... ထ ... သွားကြစို့ ...''








ငါတို့သုံးဦးအနက် ဒရိုင်ဘာ ကိုခင်မောင်မြင့်က ရှေ့ကသွားလို့ ငါက မရှင်ကိုတွဲပြီး လယ်ကွင်းလမ်းအတိုင်း မြို့အထိပေါက်တဲ့ရှေ့ကလမ်းကို အားယူလှမ်းခဲ့ကြတယ်။

ငါတို့အားလုံး ချွေးသံရွှဲရွှဲ ဖုန်ပေပေဖြစ်လို့ကွ။

ဘုရားရေ။

ငါတို့ ခေါင်းပေါ်မှာ လင်းတတွေ ဝဲလို့ပါလားဟေ့။

မရှင်က ကောင်းကင်ကို မော့ကြည့်ပြီး လန့်လို့။

''အစ်ကို သူတို့ လိုက် လိုက်လာကြပြီ ...''

''ဘယ်သူတွေ လိုက်လာလို့တုန်း ညီမ''

''ဟိုမှာ ... ကောင်းကင်မှာ''

ကောင်းကင်မှာ လင်းတကြီးတွေ မည်းမည်းလှုပ်လို့။

တဂီးဂီး တဂပ်ဂပ် အသံတွေပေးပြီး ခေါင်းပေါ်မှာ ဝဲနေတာ။ လင်းတအရိပ်တွေ မြေပြင်မှာ ထပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မရှင်က လင်းတတွေရဲ့အရိပ်ကို ဖနောင့်နဲ့လိုက်ပေါက်တယ်။ ဖနောင့်နဲ့ပေါက်ရင် လင်းတတွေလန့်ပြီး အုပ်စုကွဲကုန်ရော ...။

အလို ...။

ငါ့နားထဲမှာ အသံတွေကြားနေရပါလားဟေ့။

ဘာသံတွေလဲဟ။

ငါတင်မဟုတ်ဘူး။ ဒရိုင်ဘာ ကိုခင်မောင်မြင့်ရော၊ မရှင်ရော ကြားနေတယ်။

''အောင်ပါစေ ဘာသံတွေလဲဟေ့''

''မိုးခြိမ်းသံလားဟင်''

''မဟုတ်ဘူး။ တစ်ခုခုလိမ့်လာတဲ့အသံ''

''မရှင် ... ညီမကြားလားဟင်''

''ကြား ... ကြားတယ်အစ်ကို''

''ဟော ... လူအုပ်ကြီး ပြေးလာတာလား''

''မဟုတ်ဘူး။ သားကောင်တွေ ပြေးလာတဲ့အသံ''

ငါတို့ဘေးဘီဝဲယာကို လှည့်ကြည့်ကြတယ်။ အသံတွေနီးလာတယ်။ အလို ငါတို့မျက်စိရှေ့မှာ ရိုးကနဲ၊ ရိပ်ကနဲ အရိပ်တွေ မြင်ရတယ်ဟေ့ ... ဒီမှာ မရှင်က ငါ့လက်ကိုကိုင်ပြီး တိုးတိုးပြောတယ်။

''အစ်ကို သတိထား အဲဒါရန်သူ''

''ဟေ ရန်သူ ဟုတ်လား''

''ဟုတ်တယ်။ အများကြီးပဲ ကျွန်မတို့ကို ဝိုင်းထားတယ်''

''ညီမ အစ်ကိုမမြင်ပါလား။ ဘယ်သူတွေတုန်း''

''ဟိုက လွှတ်လိုက်တာ။ ကျွန်မနောက်မှာနေ အစ်ကိုနဲ့ ဦးလေးခင်မောင်မြင့်''

''ဘယ်သူ လွှတ် လွှတ်တာလဲဟင်''

မရှင်က ပြန်မဖြေဘူးကွ။

ငါတို့ရှေ့ကနေ ရပ်ကာပြီး အော်ပြောလိုက်တယ်။





''ကျွန်မတို့ကို မနှောင့်ယှက်၊ မတားဆီးပါနဲ့ ... ဖယ်ပေးကြပါ။ လမ်းဖယ်ပေးကြပါရှင် ...''

''ဟာ ...''

''အမလေး''

စာရေးဆရာရေ။

ငါ့ဆံပင်ကို နောက်ကနေ ဆောင့်ဆွဲလိုက်တာဟေ့။

ငါ့ဆံပင်တွေ အတော်များများ ကျွတ်ပါသွားတယ်။

ခေါင်းဟာပူစပ်ပြီး အရေလန်သွားသလား ထင်ရရဲ့ ကိုခင်မောင်မြင့်များ ဆွဲလိုက်ရော့လား။

အမြန်လှည့်ကြည့်လိုက်တော့။

ဒရိုင်ဘာ ကိုခင်မောင်မြင့်ရဲ့ ဆံပင်ကို စုဆွဲပြီးခေါ်သွားတာ။ ဆွဲခေါ်တဲ့လူကို မမြင်ရဘူး။

ကိုခင်မောင်မြင့်ရဲ့ကြောက်လန့်တကြားအော်သံဟာလူမရှိတဲ့ကွင်းထဲမှာညံသွားတယ်ကွာ။

ငါနဲ့မရှင် ပြေးလိုက်ဆွဲတော့ ကိုခင်မောင်မြင့် ပြန်ပါလာတယ်။ သို့သော် သူ့ခေါင်းမှာ ဆံပင်ကွက်ပြီး ပြောင်နေပြီ။

ကိုခင်မောင်မြင့် ကြောက်လန့်အံ့သြပြီး တုန်နေပြီ။

''မလုပ်ပါနဲ့။ တောင်းပန်ပါတယ်။ လမ်းဖယ်ပေးကြပါ။ ကျွန်မတောင်းပန်ပါတယ်''

''အုန်း ...''

''အစ်ကို''

''အောင်ပါစေ ညီလေး ညီလေး''

မရှင်က မမြင်ရတဲ့သူတွေကို မျက်ရည်ရွဲနဲ့ တောင်းပန်နေတုန်းမှာပဲ။ ငါ့ကျောကုန်းကို တစ်ခုခုနဲ့ အုပ်ရိုက်လိုက်တာ။

'အင့်'ကနဲ အသံမြည်ပြီး ငါမှောက်လျက်လဲကျသွားတယ်။ ငါ့ကျောရိုးတွေ ကြေမွသွားပြီ ထင်ရရဲ့။ ငါစကား ပြန်မပြောနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မရှင်ဟာ မျက်ရည်စို့ရွှဲ ကြွေကွဲရှိုက်သံနဲ့ငါ့ကို ထူမပြီး စိတ်ထိခိုက်နေတယ်ကွာ။

ဩော် ... မရှင်ငါ့ကို အမှန်တကယ် ချစ်ရှာတာပါလား။

ငါ့နောက်ကို စွန့်စားပြီးလိုက်ခဲ့လို့ ဆိုးဝါးခါးသီးလှတဲ့ အဖြစ်ဆိုးတွေနဲ့ သူကြုံတွေ့ ရင်ဆိုင်နေရပါကလား။

''အစ် ကို ...''

''အင်း ...''

''သက် ... သာရဲ့လား ဟင်''

''အား ကျွတ် ကျွတ် သက်သာတယ် ညီမ''

''အစ်ကို''

''အေး ပြော''

''အစ်ကိုတို့နှစ်ယောက် ဒီကနေပြေးတော့ ညီမကိုထားခဲ့ ... သွားတော့ အင့် ဟီး''

''ဘာ ဘာပြောတယ်''

''တူမလေးညည်းဘယ်လိုပြောလိုက်တာလဲကွယ်။ တို့အတူ သွားရမှာပေ့ါ ကိုင်း ထကြ''

''အစ် ... ကို ကျွန်မပြောတာကို လက်ခံပါ အစ်ကို။ အစ်ကိုတို့ မပြေးရင်၊ ကျွန်မတို့ သုံးယောက်လုံး ဒီနေရာမှာပဲ သေကြလိမ့်မယ် အစ်ကို ဟီး''

''အစ်ကိုတို့ ဘာလို့သေရမှာလဲ ညီမ ဟင် ဟင်''

''သူ သူ ရက်စက်နေပြီ အစ်ကို''

''သူ ... ဟုတ်လား။ ငါတို့ကို ဘယ်သူရက်စက်နေလို့လဲ ဟင်''

''အ အ မေ''

''ဘာ ...''

''ဒါ ဒါ ကျွန်မအမေရဲ့ လက်ချက်။ ကျွန်မ ... သိနေတယ်။ သူ့ကို ဆန့်ကျင်ပြီး ထွက်ပြေးလို့ ပယောဂနဲ့ စီရင်တိုက်နေတာ''

''ဟေ ...''





''အခု မမြင်ရတဲ့ ရန်ပြုနေသူတွေဟာ ... အမေ စေခိုင်းတဲ့အတိုင်း ကျွန်မတို့ကို နှောင့်ယှက်နေတာ။ အစ်ကိုပြေးတော့။ အစ်ကို့ကို ကျွန်မချစ်တယ် အစ်ကို။ အစ်ကိုတို့ တစ်ခုခုဖြစ်မှာ ကျွန်မအရမ်းစိုးရိမ်တယ်။ ကျွန်မအမေအကြောင်း ကျွန်မသိတယ်။ ကျွန်မကိုထားခဲ့။ အစ်ကိုတို့ပြေးတော့ ... ပြေးပြေး ဟီး''

ငါ ... မရှင်ရဲ့ကိုယ်လုံးကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်တယ်။ သူ့မျက်ရည်ဟာ ငါ့ပါးပြင်ပေါ်မှာ စိုစွတ်ရွှဲပြန့်သွားခဲ့တယ်။

''အမေ့ရဲ့လက်ချက်လား''

သူကြေကွဲစွာ ခေါင်းငြိတ်လိုက်တယ်ကွာ။

''ညီမ ... အမေ့ထံကို ပြန်သွားချင်လား ဟင် ဟင်လို့''

''အင့် ဟီး''

''ပြန်ချင်တယ်ဆို ပြန်ပါ ညီမရယ်။ အစ်ကိုညီမကို ခွင့်လွှတ်ပေးပါ့မယ်။ ပြန်မယ်လားဟင်''

''ဟင့်အင်း''

''ဘာလို့ မပြန်ချင်တာတုန်း''

''ညီမကို အဆုံးစီရင်မှာ... ညီမတို့ပညာသည်ဆိုတာ သစ္စာဖောက်လို့မရဘူးအစ်... ကို အမေက သိပ်ပြတ်တယ်။ သစ္စာဖောက်ကို အရှင်ထားရိုး ထုံးစံမရှိ ...''

''ဒါဆို အစ်ကိုနဲ့သာ လိုက်ခဲ့တော့... အစ်ကိုမင်းကိုထားပြီး မပြန်ဘူး ညီမ ...''

''အစ်ကိုပါ အသက်ဆုံး ...''

''ငါမကြောက်ဘူး။ ထ ...။ ငါတို့ စုန်းရော၊ ကဝေရော၊ ပညာသည်ရော... ရဲရဲရင်ဆိုင်မယ်။ ဒီမှာညီမ အစ်ကို အဘစုန်ပေးလိုက်တဲ့ သိဒ္ဓိဝင်ပစ္စည်းတွေရှိတယ်။ ထ ... ငါတို့သွားကြမယ်''

ငါသူ့ကို ဆွဲထူလိုက်တယ်။

သူမျက်ရည်တွေကို လက်ခုံနဲ့သုတ်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



''လိုက်မယ်အစ်ကို ... သေခြင်းသေရင် အမေ့ရှေ့မှာ မသေဘူး။ အစ်ကို့ရင်ခွင်ထဲမှာ သေမယ်။ ညီမအမေရဲ့ ရက်စက်ကြမ်းကြုတ် မသန့်ရှင်းတဲ့ ပညာတွေကို စက်ဆုပ်ရွံ့မုန်းတာ ကြာပါပြီ အစ်ကို။ အမေ့ပညာကို မလွန်ဆန်ရဲလို့ မနှစ်သက်ပဲနဲ့၊ ထုံးစံအမွေဆိုပြီး ... စုန်းပညာကို ယူခဲ့ရတာ။ ဒီနေ့ ကျွန်မ ဒီယုတ်ညံ့ အောက်တန်းကျတဲ့ ပညာဆိုးတွေကို စွန့်ပြီး ရတနာသုံးပါးကို ကိုးကွယ်ယုံကြည်တော့မယ်လို့ ဆုံးဖြတ်ပြီး အစ်ကို့နောက်ကို လိုက်ခဲ့တာပါ။ ကျွန်မ သေရမှာ မကြောက်တော့ဘူး။ အမေ့ကိုချစ်ပေမယ့် အမေ့ရဲ့ မိစ္ဆာဒိဋ္ဌိ ပညာတွေကိုမုန်းတယ်။ ရွံတယ်။ ကိုင်း ... အစ်ကို ဟိုရှေ့က 'သောကြာကြယ်'ဆိုတဲ့ ရွာမှာ ကိုးတောင်ပြည့် စေတီတစ်ဆူရှိတယ်။ အဘဘိုးတော် အောင်မင်းခေါင် တည်ခဲ့တာတဲ့။ အဲဒီကို အရောက်သွားကြတာပေ့ါ။ ကိုင်းသွားစို့''

ငါတို့ အားတက်ဝမ်းသာ ဖြစ်သွားကြပြီကွာ။

ကိုခင်မောင်မြင့်လည်းအခုမှဇာတ်သဘောပေါက်သနဲ့တူရဲ့။လန့်သော်လည်း အတူရင်ဆိုင်ဖို့ သတ္တိရှိနေတယ်။

ငါတို့ မရှင်ညွှန်ပြတဲ့ သောကြာကြယ် ရွာရှိရာကို လှမ်းခဲ့ကြတယ်။




ခြေလှမ်းဆယ်လှမ်းလောက်ရောက်ရော ကတုံးနဲ့ အသားမည်းမည်း မိန်းမတစ်ဦးက ရှေ့ကနေ တားနေတာဟ့။

''ဘာကိစ္စလဲ အမေကြီး''

ကတုံးမအဖွားကြီးက မရှင်ကိုကြည့်ပြီး ...။

''မရှင်ဆိုတာညည်းလား''

''ဟုတ်ကဲ့ ဘာဖြစ်လို့လဲ ဟင်''

''မခင်ထားဆင့်ရဲ့ သမီးမဟုတ်လား''

''ဟုတ်ပါတယ်ရှင့် ဘာဖြစ်လို့ပါလဲ အဖွား''

အဖွားကတုံးကြီးက မရှင်အပါအဝင် ငါတို့ယောကျ်ားသားနှစ်ဦးရဲ့ မျက်နှာ၊ခန္ဓာကိုယ်တွေကို စေ့စေ့စပ်စပ်ကြည့်နေသကွ။

အလို ...။

ကတုံးအဖွားကြီးက ထမီအနက်ကို ဖောက်ထိုးဝတ်လို့ဟ။

မရှင်ကလည်း အဖွားကြီးကို ပြန်အကဲခတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



''မရှင် ညည်းရှေ့ဆက်မသွားနဲ့ ပြန်တော့''

''အဖွားနဲ့ ဘာဆိုင်လို့လဲ''

''ညည်းငါ့ကို မသိဘူးလား။ ငါ့နာမည်က ဒေါ်နန်းလုံးကြိုင်တဲ့ . . .''

''သြော် . . . အဖွားနန်းလုံးကြိုင်ကိုး။ ဒါကြောင့် . . .''

မရှင်က အဖွားကြီးထမီဖောက်ထိုးဝတ်ထားတာကို ကြည့်ပြီး စကားကို ရပ်လိုက်တယ်။

''အိမ်ပြန်ပါ''

''ဘယ်သူက ပြန်ခိုင်းတာလဲ''

''ညည်းအမေ မယ်ရှင်ဆင့်က ပြောတာ''

''ဒီလိုကိုး . . . ဟင်း ဟင်း ဟင်း ဟင်း''

''ငါပြောပြီးပြီနော် သမီး''

''ကျွန်မ မပြန်ဘူး ပြန်ရင်ဘယ်လိုဖြစ်မယ်ဆိုတာ အဖွားနန်းလုံးကြိုင် သိမဟုတ်လား။ ရှေ့ကဖယ်ပါ''

''သမီးက အရှည်ကို မကြည့်ဘူးကိုး''

''ဒါတွေဘာမှမလိုဘူး။ လာ အစ်ကိုတို့ . . .''

မရှင်က ငါ့လက်ကိုဆွဲပြီး အဖွားကတုံး ဒေါ်နန်းလုံးကြိုင်နံဘေးကနေ ရှေ့ဆက်လိုက်တယ်။

''မိရှင် . . . နောင်တမရနဲ့နော်''

အလို အဖွားကြီးက လှမ်းအော်ပြောတာဟေ့။

ဒါနဲ့ ငါလှည့်ကြည့်လိုက်ရော။

အမယ်လေး မြတ်စွာဘုရား။

စာရေးဆရာရေ . . . ငါမြင်လိုက်တာ ဘာလဲသိလား။

ဦးခေါင်းလုံးဝမရှိတော့တဲ့ ခေါင်းပြတ်မိန်းမကြီး ဖြစ်နေတာကွာ။ ငါ့ လူရာ ခေါင်းမပါတဲ့ မိန်းမကြီးက ငါ့ကို လက်ယပ်ခေါ်လို့ မောင်ရေ။

''ညီမ''

''ဘာလဲ အစ်ကို''





''ဟို ဟို အဖွားကြီးကို သိလားဟင်''

''လူကိုတော့ ခုမှ မြင်ဖူးတာပါ အစ်ကို။ နာမည်ကတော့ အမေတို့ ပြောနေတာ ကြားဖူးတယ်''

''အဲဒီအဖွားကြီးက ဘာတုန်းဟင်''

''ထမီဖောက်ထိုးဝတ်ထားတာ မြင်တယ်မဟုတ်လား''

''ဟုတ်တယ်ဟေ့ . . . ထမီဖောက်ထိုးနဲ့ဟ''

ကိုခင်မောင်မြင့်ကလည်း ဝင်ပြောတယ်။

''ငါလည်း သတိထားမိတယ်ကွ။ ထူးဆန်းနေတယ်ဟေ့''

''အစ်ကို''

''ပြောညီမ . . . ပြော''

''အဲဒါ အမေ့ သူငယ်ချင်း''

''ဟေ ဒါ ဒါဆို''

''ခပ်သုတ်သုတ်လှမ်း အစ်ကို . . .''

ဒီလိုနဲ့ငါတို့သောကြာကြယ်ဆိုတဲ့ရွာကိုရောက်လာခဲ့ကြတယ်။ ရွာထိပ်မှာ ထုံးဖြူဖြူဖွေးဖွေးနဲ့ ကိုးတောင်ပြည့်စေတီကို မြင်ရတယ်။

စေတီက ဆွဲလွဲသံလေးများ လေနဲ့ဝေ့လာရဲ့ကွ။

ရွာက စေတီနဲ့ ပေတစ်ရာခန့်ဝေးမယ်။

အုတ်တံတိုင်း ခတ်ထားတော့ အမြင်တင့်တယ်ဟေ့ . . .။

ဘုရားစေတီရဲ့ အဝင်ဝကိုလည်း ရောက်ရော။ မရှင်က လည်ပင်းမှာ ငါဆွဲပေးထားတဲ့ သိမ်ဝင်ပုတီးဖြုတ်ပြီး ငါ့ကို ပေးလိုက်တယ်။

''အစ်ကိုခဏယူထား''

''ဆွဲထားလေ . . . ညီမရဲ့ မြို့ရောက်မှဖြုတ်''

''ခြေလက် အရင်ဆေးချင်လို့ပါ အစ်ကို''

ဘုရားပေါ်တက်မှာ မဟုတ်လား။ ခန္ဓာကိုယ်က နံစော်ညစ်ပေလို့ ဥစ္စာ။

''ဟုတ်တာပဲ။ အစ်ကိုတို့လည်း ဆေးမယ်ဟေ့''

ငါတို့သုံးဦးစေတီအုတ်လှေကားထစ်ရှေ့မှာရှိတဲ့စဥ့်အိုးနှုတ်ခမ်းပွဲထဲက ရေနဲ့မျက်နှာသစ် ကိုယ်လက်သန့်စင်နေတုန်းမှာပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



''ဖောင်း ...''

''အမလေးတော့်''

''ဟာ ...''

''မရှင် မ ... ရှင် ... ညီမလေး ညီမလေး''

''အ ... အ ... အင့် ... ဝေါ့''

''ဟာ သွေးတွေ ... သွေးတွေ''

မရှင်ရဲ့ ကျောပြင်နေရာက ဖောင်းကနဲ ရိုက်သံကြားရပြီး မရှင်ရေစဉ်ဆို အိုးနံဘေးမှာ ကော့လန်ကျသွားတယ်။ မရှင်ရဲ့မျက်နှာဟာ နာကျင်လွန်းလို့ မျက်လုံးပြူးပြီး စကားသံမထွက်တော့ဘူး။

မွေ့ထူ လှုပ်ခေါ်နေစဉ်မှာပဲ ...။

မရှင်ရဲ့ပါးစပ်ထဲကနေ နီရဲမောင်းမောင်း သွေးတွေ ဖွက်ကနဲ ဖွက်ကနဲ ကျလာပါရောကွာ။

''မရှင် ညီမလေး ညီမလေး အို ... သွေး ... သွေးတွေ''

''တူမလေး မ ... ရှင်''

''အော့ ... ဝေါ့''

သွေးတွေဟာ မရှင်ရဲ့ ရင်ပတ် ပါးစပ်တစ်ပြင်လုံး ရဲပလောင်းခတ် ပေကျံနေပြီ။ မွေ့ထားတဲ့ ငါ့ရင်ပတ်နဲ့ လက်တွေမှာလဲ သွေးရဲရဲတွေ ပေကျံနေပြီ။

''မရှင် ဘာဖြစ်လို့လဲ ဟင်''

''စေတီရင်ပြင်ပေါ်ခေါ်သွား ကိုအောင်ပါစေ''

မရှင်ကို ငါစေတီရင်ပြင်ပေါ် မွေ့တင်မလို့ လုပ်တော့ မ,လို့မရဘူးကွာ။ အားစိုက် မ,တာ မကြွဘူး။ ဘာဖြစ်တာလဲ။

''ကိုအောင် မ,လေ၊ သယ်လေ''

''မ,တာမကြွဘူး။ ကိုမြင့်''

''ဘာ ...''

''နှစ်ယောက် ဝိုင်းမကြစို့ဗျာ လာ''

နှစ်ယောက်မတာတောင် မကြွပါလား။ ထူးဆန်းလိုက်တာ မရှင်က တော့ မျက်လုံးနှစ်လုံးပြူးပြီး ဆောင့်ကာ ဆောင့်ကာ အသက်ရှူနေရတယ်။





သူမရဲ့ အင်္ကျီ၊ ထမီတွေဟာ သွေးချင်းချင်းရဲလို့။

''ကိုအောင် ထူးတော့ ထူးနေပြီ''

''ဟုတ်တယ် ထူးနေပြီ''

''ဟား ဟား ဟား ဟား ဟား ဟီး ဟီး ဟီး ဟီး ဟီး''

'' ဟီး ဟီး ဟီး ဟား ဟား ဟေး ဟေး ဟေး ဟေး''

''ရယ်သံတွေကွ တို့အနားက ရယ်နေတာဟ''

ရယ်သံတွေနဲ့အတူ ငါတို့အနီးက ပြေးလွှားသံတွေ ကြားရတယ်။ ခြေသံ ပြင်းပြင်းနဲ့အသံတွေ အားရပါးရ ဟားတိုက်ရယ်နေတဲ့ အသံတွေ။

ထူးတာက အသံတွေကြားပြီး လူရိပ်၊ လူယောင် မမြင်ရတာပဲကွ။ ခြေသံတွေ၊ ခြေဆောင့်သံတွေ တောက်ခတ်သံတွေဟာ ငါတို့သုံးဦးအနားမှာ ရှိနေတာ။

''ကိုအောင်''

''ဗျာ ...''

''တစ္ဆေခြောက် ခြောက်''

''ဟား ဟား ဟား ဟီး ဟီး ဟီး ဟီး ဟား ဟား ဟား''

အဲဒီလိုလှောင်ရယ်သံတွေကြားလေ မရှင်ရဲ့ခန္ဓာကိုယ်ဟာ တီကိုဆားနဲ့ ပတ်သလို လူးလွန့်တုန်နေတယ်ကွာ။

ငါချစ်သူကိုမှ လာဖြစ်နေတာ။

ငါကျတော့ ဘာလို့ ဘာမှမဖြစ်တာလဲ။

ဒါဆို ... ကတုံးအဖွားကြီး ဒေါ်နန်းလုံးကြိုင် ပြုစားလိုက်တာလား။ မရှင်ကို သူ့ကြိမ်းဝါးသွားတယ်။

ငါဘယ်လို လုပ်ရမလဲ။

ခြေသံ၊ လူသံ၊ အော်သံ၊ ခြေဆောင့်သံတွေကြောင့် ငါတို့နားတွေ ကွဲ တော့မယ်။ ကြာတော့ နားတွေ အူနေပြီ ...။

ခေါင်းတွေမူးပြီး ... လူလည်း ယိမ်းထိုးနေပြီ။

ဒီအချိန်မှာ ငါ့နားထဲကို အသံတစ်ခု စိမ့်ဝင်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အသံက အဝေးကနေ စီးဝင်လာတဲ့အသံ။

''လူလေး အောင်ပါစေ ... အကြောင်းပေါ်လာရင် သိဒ္ဓိဝင် ဆေးကို သတိရ''

''ဟင် ...''

''သိဒ္ဓိဝင်ဆေးလုံး''

''ငါ့ကို အဘစုန်ပေးလိုက်တာပဲ။ ငါမေ့နေလိုက်တာ။ ငါသတိရပြီ။ ခန္ဓာကိုယ်မှာ လွယ်ထားတဲ့ လွယ်အိတ်ထဲကို နှိုက်လိုက်တယ်။ ယွန်းဗူးထဲမှာ ရွှေရောင်ဆေးလုံးတစ်လုံး။

ငါသိဒ္ဓိဝင်ဆေးလုံးကို ညာလက်နဲ့ ဆုပ်ကိုင်ပြီး ... အနန္တော အနန္တငါးပါးကို တိုင်တည်ကန်တော့လိုက်တယ်။

ကျေးဇူးရှင် အဘစုန်ကို ကန်တော့လိုက်တယ်။

''ရန်အပေါင်း အတိုက်အပေါင်းကိုဖယ်ရှားဖို့ ရန်ဖြုဆေးတော် ချီးမြှင့်တော်မူပါ ဆရာရှင် အပေါင်းတို့ခင်ဗျား ...''

မရှင်ကို ဘယ်လက်နဲ့ပွေ့ပြီး ညာလက်နဲ့ သိဒ္ဓိဝင်ဆေးတော်ကိုထုတ်ပြီး 'လောင်မီးကျပြီးပြာအတိဖြစ်ကြစမ်းဟာ' လို့ပြောလိုက်တယ်။ ဆေးလုံးကိုလည်း မြေပြင်မှာ ပစ်ပေါက်လိုက်ရော။

''အုန်း''

''ဟာ''

မီးလုံးကြီး အုန်းကနဲ ထ,ကွဲတာဟေ့။

''ဘုရား ဘုရား ဘုရား''

''အား ... ပူတယ်။ စပ်တယ် ... အား''

''အား ... အူး ... အမလေး တော့် ...''

''ဝေါ ... ဝေါ''

''ဝရုန်း ... ဝရုန်း''

''ဂျိမ်း ဂျိမ်း ဂျိမ်း''





ငါ့လူရေ ပြေးလွှားသံ အော်သံတွေကြားရတယ်ကွ။ မိုးခြိမ်းသံလိုလို မိုးကြိုးပစ်သံလိုလို၊ လေတိုက်သံလိုလိုတွေ ကြားရတာမှာ မြေကြီးသိမ့်သိမ့်တုန်နေတယ်။

မီးတောက်တွေ လွန့်တက်တာမျိုးလည်း မြင်ရသလို မီးညွန့်တွေက ပြေးလိုက်နေတာမျိုးတွေကို ထူးဆန်းစွာ မြင်ရရောဟေ့။

ပြိုးပြက်လင်းလက်တဲ့ ရောင်စဉ်တွေ ကောင်းကင်ကနေ တဖျတ်ဖျတ် မီးလောင်ပြုတ်ကျလာတာ မြင်ရတယ်ကွ။

ဘာတွေမှန်းမသိဘူး။

မြေပြင်ကို ပြုတ်ကျလာရင် မီးဖွားတွေ ပေါက်ကွဲလွင့်စင်ပြီး ရှိုးရှိုးရိပ်ရိပ် ကြောက်လန့်တကြား ပြေးသွားတာတွေ မြင်ရတယ်။ အလုံး အထည်ကိုတော့ မမြင်ရဘူး။

(နောင်အခါ သိရတာက ... သိဒ္ဓိဝင်ဆေးတော်ကြီးကြောင့် စုန်းစက်၊ ကဝေစက်တွေ လောင်မီးကျတာတဲ့)

ထူးဆန်းတာက မီးခိုးလုံးကြီးတွေဟာ မရှင်တို့နေတဲ့ ရွာရှိရာကို လုံးလုံးဝေ့ဝေ့ လူးလူးလိမ့်လိမ့် ပြေးလိမ့်ရွေ့လျား ပြေးသွားတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

စောစောတုန်းက ငါတို့ကို ခြောက်ခြားထိတ်လန့်အောင်လုပ်တဲ့ ထူးဆန်းတဲ့ လူသံ၊ ခွာသံ၊ ပေါက်သံ၊ အော်သံ၊ ရယ်သံတွေ လုံးဝ တိတ်ဆိတ်သွားခဲ့တယ်။

ဒီမှာပဲ သောကြာကြယ်ရွာထဲက ရွာသူ၊ ရွာသားတွေ ငါတို့ရှိရာကို ပြေးလာကြတာ မြင်ရတယ်ကွ။ သူတို့ကလည်း မီးခိုးလုံးတွေ မီးညွန့်တွေ မြင်လို့လာကြတာတဲ့။ မရှင်ရဲ့ သွေးသံတရဲရဲ အဖြစ်ကို မြင်တော့ မေးကြတယ်။ ငါတို့ကလည်း ခြောက်ခြားစရာ ဖြစ်ရပ်တွေနဲ့ မရှင်သွေးအန်တဲ့ အကြောင်းကို ပြောပြတယ်။

ခုတော့လည်း မရှင်ရဲ့ခန္ဓာကိုယ်က မလို့ရသွားပြီဟေ့။

ဘုရားပေါ်ရောက်တော့ မရှင်ကို လှုပ်နှိုးရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



''ညီမ မရှင် မရှင်''

'' ......''

''မရှင် ညီမလေး''

'' ......''

''အသက်မှ ရှိသေးရဲ့လား မောင်ရင်လေး''

''ဖယ်စမ်း ...''

လူကြီးတစ်ဦးက မရှင်ရဲ့ သွေးခုန်နှုန်းကို စမ်းကြည့်တယ်။

''သွေးခုန်တုန်းကွ မသေသေးဘူး''

''ဦးကြီး ...''

''မင်းနဲ့ ဘာတော်စပ်လို့တုန်း ငါ့တူ''

''ကျွန် ကျွန်တော့် ဇနီးလောင်းပါဗျာ ဇနီးလောင်းပါ''

''ဆေးဆရာ သွားပင့်ကြပါဟေ့''

''ဦးကြီး ကျွန်တော့်ကို သောက်ရေတစ်ခွက် ပေးပါလားဟင်''

''ဟေ့ သောက်ရေခပ်ခဲ့စမ်း''

အမျိုးသမီးတစ်ဦးက ယွန်းဖလားနဲ့ သောက်ရေတစ်ခွက်ပေးတယ်။ ငါယွန်းဗူးထဲက အဘစုန်ပေးလိုက်တဲ့ အာရောဂျံ သိဒ္ဓိ မဟာတန်ပြန် ဆေးလုံးကို မိန်းမောနေတဲ့ မရှင်ရဲ့ပါးစပ်ကို ဖြဲပြီးထည့်ဖို့လုပ်လိုက်တယ်။

ပါးစပ်ဖြဲလိုက်တော့ သွေးတွေ ထွက်ကျလာတယ်။

အနီးရှိတဲ့ ရွာသူ၊ ရွာသားတွေရဲ့ စုပ်သပ်ဂရုဏာသံတွေကိုကြားလိုက်ရတယ်။

''မောင်ရင်လေး''

''ခင်ဗျာ''

''သွေးက အများကြီးထွက်ထားတာပဲ။ ဆေးတိုက်မလို့လား''

''ဟုတ် ဟုတ်''

''မောင်ရင်လေးရေ တို့များလည်း မြင်ရတာ စိတ်မကောင်းဘူးကွယ်။ ဒါသွေးအန်နေတယ်လို့ ခေါ်တယ်။ ဒီမှာ သူငယ် ဟောဒီကိုးတောင်ပြည့်ဓာတ်





ပေါင်းစေတီဟာ အဘအောင်မင်းခေါင်တည်ခဲ့တဲ့ စေတီပဲ။ ပုဂ္ဂိုလ်တွေမကြာခဏ အောင်မြေဝင်ကြတယ်။ မင်းလည်း တိုင်တည်ပြီး ဆေးတိုက်ပါလား''

''ဟုတ်ကဲ့ပါခင်ဗျာ။ ကျေးဇူးပါ သူ့ သူ့ကို ကြည့်ထားပေးပါနော်''

''ငါ ရေဖလားကို ဘယ်လက်မှာကိုင်ပြီး ဆေးတော်ကို ညာလက်မှာ ဖြန့်ပြီး တိုင်တည် သစ္စာပြုလိုက်တယ်။

''ဘုရား၊ တရား၊ သံဃာ မိဘဆရာတို့အား ရှိသေစွာ ဦးတိုက်ကန်တော့ပါ၏။ ကျေးဇူးရှင်အဘစုန်နှင့်တကွ ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့အားလည်း ကန်တော့ပါ၏။ ကျွန်ုပ်၏ချစ်သူ တနင်္ဂနွေသမီး မအေးမြရှင်သည် ... ရတနာ မြတ်သုံးပါးကို ယုံကြည်ကိုးကွယ်မည်ဟု ဆုံးဖြတ်၍ ကျွန်ုပ်နောက်ကို အားကိုးကြီးစွာလိုက်ခဲ့သည်။ ယခုအခါ ထူးဆန်းသော အတိုက်အနိုက် အနှောင့်အယှက်တို့နဲ့ ကျွန်ုပ်တို့ ရင်ဆိုင်ခဲ့ရပြီး ချစ်သူအေးမြရှင်သည် ထူးဆန်းသည့်သွေးအန်ဝေဒနာကို ခံစားရင်း မိန်းမောနေပါသည်။ ကျွန်ုပ်တို့သည် ရတနာသုံးပါးကို ယုံကြည်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် အဘစုန် ချီးမြှင့်ပေးသနားခဲ့သော ဤအာရောဂျံ သိဒ္ဓိ မဟာတန်ပြန်ဆေးတော်သည် သွေးအန်သောဝေဒနာကို ပျောက်ကင်းချမ်းသာပါစေသတည်း။ ရန်အပေါင်း၊ ဘေးအပေါင်းတို့ ပြုမူခံရခြင်းမှ ကင်းဝေးပါစေသတည်း။

ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနှင့်တကွမြေပေါ်မြေအောက်မှာရှိသော သတ္တဝါတို့အား မေတ္တာပို့ပါ၏။ ကျမ်းမာချမ်းသာပါစေ။ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပါစေ။ လက်ထဲမှာရှိသော ဆေးတော်နှင့်ရေတို့သည် ဆေးဝိဇ္ဇာတို့စီရင်သော သိဒ္ဓိဆေးဖြစ်ပါစေသတည်း ...''

... အဘအောင်မင်းခေါင် ခင်ဗျား ...

သားတော်ကြီးတို့သည် မိစ္ဆာဒိဋ္ဌိတို့၏ညှင်းပန်းနှိပ်စက်ခြင်းကို ခံရသည်ဟု ယုံကြည်မိပါသည် ... ရန်အပေါင်း၊ ဘေးအပေါင်းကို ဖယ်ရှားပေးတော်မူပါ အဘခင်ဗျား။ နှမလေးအေးမြရှင်ကိုလည်း ရတနာသုံးပါး သက်ဝင်ယုံကြည်ဖြစ်စေဖို့ ... ကူညီမှိုင်းမစောင့်ရှောက်တော်မူပါ အဘခင်ဗျား ...။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ပြောတတ်လွန်းလို့မဟုတ်ဘူး စာရေးဆရာ။ ချစ်သူဇော်နဲ့ အဘစုန် သင်ပေး သတိပေးတာတွေ ပြန်သတိရပြီး ပြောဆိုရတာ။

မင်းစဉ်းစားကြည့်လေ ...။

ခြေလက်မျက်နှာ ဆေးကြောချင်လို့ ရေကုန်းခပ်တုန်းမှာ'ဖောင်း'ကနဲ ရိုက်သံကြားရပြီး မရှင်လဲကျ သွေးအန်တာ။

ကိုခင်မောင်မြင့် ရိုက်တာမဟုတ်ဘူး။

သူစိမ်း တစ်စုံတစ်ဦး ဝင်ရိုက်တာလည်းမဟုတ်ဘူး။

ဒါဆို ဘယ်လို မမြင်ရတဲ့သူက လုပ်တာလဲ။

ငါစဉ်းစားလို့ ရလာတယ်။ နောင်မှသတိရတာက မရှင်လည်ပင်းမှာဆွဲ ပေးထားတဲ့ ကိုးသိမ်ကြီးဝင်ပုတီး၊ တို့အဘစုန်ပေးလိုက်တဲ့ ပုတီး။ ဒီပုတီးကို ဖြုတ်ပြီး ငါ့ကိုခဏအပ်လိုက်ချိန်မှာ ... ပယောဂအတိုက် ခံလိုက်ရတာ။

အကယ်၍သာ မရှင်လည်ပင်းမှာ သိမ်ဝင်ပုတီး ဆွဲထားမယ်ဆိုရင် ဒီလို ပယောဂ ဝင်တိုက်လို့ ရမှာမဟုတ်ဘူး။

ဒီလောကရဲ့ အတွေ့အကြုံနည်းခဲ့တဲ့ ငါတို့လူငယ်တွေရဲ့ အားနည်းချက်ပေါ့။

ဒီတုန်းက ... ငါဘာမှ မဖြစ်ရတာလဲလို့မေးရင် ...။

နောင်ကိစ္စ၊ ဝိစ္စတွေပြီးငြိမ်းချမ်းသွားမှ အဘစုန်က ပြောပြတာ။ ငါဘာမှ မဖြစ်တာ ... ငါ့လည်ပင်းမှာဆွဲထားတဲ့ သိမ်ဝင်ပုတီးနဲ့ ... သိဒ္ဓိဝင် ဆေးစောင့်တွေရဲ့ အစွမ်းကြောင့်တဲ့ ...။

ငါ့မှာသာ သိဒ္ဓိဝင်အကာအကွယ် မရှိခဲ့ရင် ...။

ငါရော အေးမြရှင်ရော ကွင်းထဲတင် သေရမှာတဲ့။

ဒရိုင်ဘာ ခင်မောင်မြင့်လည်း အဆစ်ပါသွားနိုင်သတဲ့။




ထားတော့ ...။

ဇာတ်သိမ်းကိုနောက်မှ ပြောမယ်ဟေ့။

ငါဆေးတော်နဲ့ သောက်ရေခွက်ကို ယူလာခဲ့ပြီး... ချစ်သူမရှင်ရဲ့ ပါးစပ်ထဲက သွေးစေး၊ သွေးဖတ်စတွေကို လက်နဲ့ဖယ်ရှားလိုက်တယ်။

ပါးစပ်ထဲမှာ ရှင်းသွားတော့ ရေနှစ်စက်၊ သုံးစက်ချပေးလိုက်တော့ မရှင်လွန့်လာတယ်။ ရေကိုမျိုချတာ မြင်ရတယ်ဟေ့။

''မရှင် ... ညီမလေး ... ညီမလေး''

''အင် ... ဟင်''

''ပါးစပ်ဟ ဆေးသောက်ရမယ်''

မရှင် ခေါင်းကိုယမ်းတယ်။

မသောက်ဘူးတဲ့။

''နေကောင်းအောင် သောက်ရမှာ ပါးစပ်ဟနော်''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ငါက ပါးနှစ်ဖက်ကို ညှစ်ပြီး ပါးစပ်ဟအောင်လုပ်တော့ သူကငါ့ကို မီးဝင်းဝင်းတောက်တဲ့ မျက်လုံးနဲ့ စိုက်ကြည့်တာပေါ့ ငါတောင်လန့်သွားတယ်။

အမှန်က အပမှီနေပြီ။

''ပါးစပ်ဟ‚နော်''

သူခေါင်းကိုတအားရမ်းပြီး ဘယ်ညာလူးလိမ့် ရုန်းပြီး ငါ့ကိုကုပ်ဖဲ့ကိုက် ရန်ပြုပါရော စာရေးဆရာရေ …။

''မရှင် ညီမလေး အစ်ကိုလေ အစ်ကိုပါ သတိထား …''

သူ … ငါ့ကို ဆဲရေးတိုင်းထွာပါရောပေါ့။ ငါ့ကိုသတ်မယ်တဲ့။

စောစောက သေတော့မလို မိန်းမောနေတဲ့မရှင်။

အခု ခွန်အားတွေဝင်လာပြီး ငါ့ကို ကုပ်ဖဲ့ ရန်ပြုဖို့ လုပ်နေပြီ။ ငါသိလိုက်ပြီ။ ဒါ … မရှင်အစစ်မဟုတ်တော့ဘူး။

မရှင်ရဲ့ နဂိုအခံက စုန်းလေ။

ငါနားလည်လို့ ပြောတာမဟုတ်ဘူး စာရေးဆရာ။

ငါ့ အဘစုန်ပြောသလိုပေါ့ … မရှင်ရဲ့ဝမ်းထဲမှာ စုန်းစက်တွေရှိတယ်။ သူ့ကို သူ့အမေကနေ စက်လွှတ်၊ ဖမ်းစား ခိုင်းစေနိုင်တယ်လို့ ဆိုသကိုး။

အခု … မရှင် ငါ့ကို ဘုရားရင်ပြင်ပေါ်မှာ ဒေါသတကြီး ရန်လုပ်နေပြီ။

နောက်ဆုံး … ရုန်းကန်ပူးဝင်နေတဲ့ မရှင်ရဲ့ လည်ပင်းပေါ်ကို သိမ်ဝင် ပုတီးစွပ်ချလိုက်ရော …။

ရုန်းကန် အော်ဟစ် ဆဲရေးနေတဲ့ မရှင်ရယ် …။

အသံကုန်အော်လိုက်ပြီး အလေးနဲ့ထုခံရတဲ့ ငါးတစ်ကောင်လို ဆတ် ဆတ်တုန်နေပါရော။

''မရှင် မရှင်''

''အင် အင်''

''အစ်ကို့ကို သိရဲ့လား သိရဲ့လား''

''အင်း အင်း ကျ … မ … ကို ကယ်ပါ အစ် … ကို''

''အစ်ကို ညီမကို ကယ်မလို့ပါ။ ညီမလေး ပါးစပ်ဟလိုက်''





''မော မောတယ် အ … ကို''

''ပါးစပ်ဟ''

သူကြိုးစားပြီး ပါးစပ်ဟပေးတယ်။ ငါအဘပေးလိုက်တဲ့ အာရောဂျံသိဒ္ဓိ မဟာတန်ပြန်ဆေးလုံးကို ပါးစပ်ထဲဝင်အောင်ထည့်လိုက်တယ်။

''ဝါးစား ဝါးစား''

''အား ပူတယ် အား အား ရေ ရေ ပေး''

ငါသူ့ပါးစပ်ထဲကို သောက်ရေလောင်းချပေးလိုက်တော့ သူရေခွက်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး အကုန်မော့ချလိုက်တယ်။ သနားစရာပါ စာရေးဆရာရယ်။

သူ … ပူလွန်းလို့ ဘယ်ညာလူးနေတယ်။

ရေ ရေနဲ့တောင်းလို့ ရေခပ်တိုက်တာ ရေတစ်အိုးကုန်ပြီ သူ့တစ်ကိုယ် လုံးရေတွေရွှဲစိုနေပြီ …။

''ဝေါ့''

''ဟယ်''

''အော့ ဝေါ့ ဝေါ့''

''ဟာ''

''နောက်ဆုတ်ကြပေါ့ …''

စာရေးဆရာရေ …။

ကျုပ် … ပယောဂအကြောင်း နားမလည်ပါဘူးကွာ။

စုန်း ကဝေအကြောင်း ကြားဖူးတာ မကြာသေးဘူးကွ။

အင်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ ဆရာတိုက်၊ ပညာပြိုင် အဲဒီ အကြောင်းတွေ ငါမသိဘူး။

ငါက လူငယ် ခေတ်ပညာတတ်လေကွာ။

ရွာသူ၊ နဖားတပ်၊ ဆင်ကွပ်၊ စုန်း၊ ဇော်ဂနီ၊ ကဝေ … ဒီအကြောင်း တွေငါကြားဖူးတာ ရက်ပိုင်းပဲ ရှိသေးတယ် …။

အခု ငါ … ကြောက်လန့်စရာတွေ ကြုံနေရတယ်။

အံ့သြထူးဆန်းတာတွေ မြင်နေရတယ် …။



www.burmeseclassic.com

www.burmeseclassic.com



ဒီပညာတွေ တကယ်ရှိနေတာလား ... ဟုတ်ရဲ့လား။

ကြည့်စမ်း ... မယုံနိုင်စရာတွေ ...။

မရှင် ကုန်းထတယ်။ လဲကျတယ်။ ဟော လေးဘက်ထောက်ပြီး၊ ငါတို့ကိုမျက်လုံးပြူးကြီးနဲ့ လိုက်ကြည့်နေတယ်။

သူအန်ချလိုက်တာ။

ဘုရားရေ... သူ့ပါးစပ်ထဲက ပြိုးပြိုးပြက်ပြက်အရောင်တွေ ထွက်ကျလာတာ။ တစ်ယောက်က ဘုရားရင်ပြင် မညစ်ပေရအောင် သူ့ရှေ့မှာ မြေအင်တုံတစ်ခုချပေးလိုက်တယ်။

''ဝေါ့''

''ဟာ''

ဝါဝါ ဖြူဖြူ ညိုညို အရောင် အငွေ့တွေ အန်တာ။ နံဟောင်တဲ့ အစာတွေပါ ထွက်လာတယ်။ ကြည့်နေတဲ့လူတွေ နှာခေါင်းပိတ်ပြီး နောက်ကိုဆုတ်လိုက်တယ်။

''ဝေါ့ ... အော့''

''အန် အန် အကုန်အန်လိုက် ဒကာမလေး''

အသံကြားလို့ လှည့်မော့ကြည့်လိုက်တော့ ... ရဟန်းတစ်ပါးဖြစ်နေတယ်။ ငါတို့အားလုံး သက်တော်ငါးဆယ်ခန့်ရှိတဲ့ ရဟန်းကြီးကို ရိုရိုသေသေ ဦးကုန်းချကြတယ်။

''အန်ပါ ကုန်စင်အောင် အန်လိုက် ဒကာမလေး''

''ဝေါ့ အော့ ဝေါ့''

မြေအင်တုံထဲမှာ နံဟောင်တဲ့ အန်ဖတ်တွေနဲ့အတူ စိမ်း၊ ဝါ၊ နီ၊ ပြာ အရောင်တွေ ရောထွေးနေတာကို အံ့ဖွယ်မြင်ရတယ် ...။

ဆယ့်ငါးမိနစ်လောက်အန်ပြီး သူခေါင်းကိုယမ်းခါပြီး ထိုင်ချလိုက်တယ်။ ဒီအချိန်မှာပဲ ပြိုးပြက်ရောင်စဉ်တွေဟာ အင်တုံထဲကနေ ဘုရားတံတိုင်းအပြင်ကို ငှက်တွေပျံသလို ပျံသွားကြတာကို အားလုံးမြင်လိုက်ရတယ်။





ပိုထူးဆန်းတာက သွေးညှိနဲ့ နံနေတဲ့ မောဟိုက်ပန်းလျမရှင်ဟာ ရဟန်းကြီးကို မော့ကြည့်ပြီး ... မိန်းမထိုင် ထိုင်လို့ လက်အုပ်ချီ ကန်တော့နေတာကို ငါထူးခြားစွာ မြင်လိုက်ရတယ်ကွာ။

အဘစုန်ရဲ့ စကားတွေနဲ့ မရှင်ရဲ့အမေ ဇော်ဂနီဒေါ်ဆင့်ရဲ့ စကားတွေကို ငါပြန်ကြားလာတယ်။

''မရှင်ဟာ စုန်းမပဲ လူကလေး''

''စုန်းမှ မောက်လုံးစုန်း''

''ဒီစုန်းပညာကို သူမယူချင်ပဲနဲ့ သူ့အမေရဲ့အမိန့်နဲ့ ရိုးရာသမ္မစဉ်အရ ရယူထားရတာ''

''အမှန်က မရှင်က လူကောင်းကလေးပါ''

ပြီး ... ဒေါ်ဆင့်ရဲ့ စကားတွေ ...။

''ငါ့သမီးကိုယူရင် ... ဘုရားရှိမခိုးရဘူး၊ သံဃာရှိမခိုးရဘူး၊ ဘုရားကျောင်းကန် မသွားရဘူး''

''သံဃာကို မလှူရဘူး''

''သား ရှင်မပြုရဘူး''

''ဘုရားစာ မရွတ်ရဘူး''

''အမျှမဝေရ သာဓုမခေါ်ရဘူး''

''ငါတို့ ပညာဂိုဏ်းထဲကို ဝင်ရမယ်''

အလိုလေး ...။

အခု... မရှင် ရဟန်းကြီးကိုဦးသုံးကြိမ်ချကန်တော့နေတာ။ ငါဝမ်းသာလိုက်တာ။ စာရေးဆရာရာ။ အခု မရှင် သွေးမအန်တော့ဘူး။ ဆဲရေးတိုင်းထွာ မကြိမ်းကြုတ်တော့ဘူး။

''သာဓု သာဓု သာဓု ဒကာမလေး''

''ဘုရား''

''ဘုရားကို ယုံကြည်ကိုးစားပြီလား''

''ယုံကြည်ပါပြီ ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



''တရားရော ကိုးကွယ်လက်ခံနိုင်ပြီလား''

''လက်ခံပါပြီ ဘုရား''

''သံဃာကိုရော ကန်တော့နိုင်ပြီလား''

''ကန်တော့ပါပြီ ဘုရား''

''ယုံကြည်ရင်လိုက်ဆို ဒကာမလေး''

''မှန်ပါ့ ဘုရား''

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပါဘုရား''

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပါဘုရား''

''ဂေါတမ မြတ်စွာဘုရားရှင်အား အသက်ထက်ဆုံး ယုံကြည်ကိုးကွယ်ပါ၏''

''ဂေါတမ မြတ်စွာဘုရားရှင်အား အသက်ထက်ဆုံး ယုံကြည်ကိုးကွယ်ပါ၏''

''ဓမ္မံသရဏံ ဂစ္ဆာမိပါဘုရား''

''ဓမ္မံသရဏံ ဂစ္ဆာမိပါဘုရား''

''ဘုရားရှင် ဟောကြားတော်မူသော တရားဓမ္မတို့ကို ယုံကြည်သက်ဝင်ပါ၏ ဘုရား''

''ဘုရားရှင်ဟောကြားတော်မူသော တရားဓမ္မတို့ကို ယုံကြည်သက်ဝင်ပါ၏ ဘုရား''

''သံဃံသရဏံ ဂစ္ဆာမိပါဘုရား''

''သံဃံသရဏံ ဂစ္ဆာမိပါဘုရား''

''ဘုရားရှင်၏သား၊ တပည့်သံဃာတော်အရှင်သူမြတ်တို့အား ယုံကြည်လေးစားစွာ ရှိခိုးကန်တော့ပါ၏ ဘုရား''

''ဘုရားရှင်၏သား၊ တပည့်သံဃာတော်အရှင်သူမြတ်တို့အား ယုံကြည်လေးစားစွာ ရှိခိုးကန်တော့ပါ၏ ဘုရား''

''အပ္ပနာဒေန သမ္မာဒေထ အချိန်ရှိသမျှ မမေ့မလျော့ကြပဲ ဒါန၊ သီလ ဘာဝနာ ကုသိုလ်ကောင်းမှုများ နေ့စဉ်ပြု၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ''





''သာဓု သာဓု သာဓု''

''သာဓု သာဓု သာဓု''

''သာဓု သာဓု သာဓု''

မရှင်အပါအဝင် ငါတို့အားလုံး ရဟန်းကိုယ်တော်ကြီးရဲ့ ဟောကြားမှုအဆုံးမှာ သာဓု ပြိုင်တူခေါ်လိုက်ကြပြီး ရဟန်းကြီးကို ရိုသေစွာ ကန်တော့လိုက်ကြတယ်။

ကိုးတောင်ပြည့် ဓာတ်ပေါင်းစေတီ ရင်ပြင်တော်မှာ ... သာဓုခေါ်သံတွေဟာ ဆွဲလွဲသံနဲ့အတူ ကြည်နူးစွာ ပေါ်ထွက်နေတယ်။

''ဒကာလေး''

''ဘုရား ...''

''ဒကာမလေးနဲ့ ဘယ်လိုတော်စပ်တုန်း''

''တပည့်တော်လက်ထပ်မည့် အမျိုးသမီးပါ ဘုရား''

''အခု ... ဒကာမလေး သရဏံဂုဏ်တည်သွားပြီ။ ဘုရားလူဖြစ်သွားပြီ။ ကုသိုလ်ကို ပြုနေသမျှ ကံကောင်းမှုတွေ ရရှိလာလိမ့်မယ်။ သမ္မာဒိဋ္ဌိ ကောင်းသော၊ မြတ်သော၊ အကျိုးရှိသော ယုံကြည်ကိုးကွယ်မှု နှလုံးသားမှာ တည်ရှိနေသမျှ သရဏဂုံတည်နေမှာပဲ။ သရဏဂုံတည်နေသရွေ့ သေသော် အပါယ်မလားတော့ဘူး။ မိစ္ဆာဒိဋ္ဌိ အယူကိုပယ် ... သမ္မာဒိဋ္ဌိကို နိုင်မြဲအောင် စောင့်ရှောက်ကြ''

''သာဓု ... သာဓု ... သာဓု ပါဘုရား''

ငါတို့အားလုံး ရဟန်းကြီးအရှင်သူမြတ်ကို ရိုသေစွာ ရှိခိုးကန်တော့ကြတယ်။ ရွာထဲက လူတွေလည်း မရှင် အုံ့ဖွယ်နေကောင်းသွားတာကို မြင်ပြီးနောက် ဝမ်းသာနှုတ်ဆက် ပြန်သွားကြတယ်။

သူတို့ပြန်သွားမှ အရှင်သူမြတ်က ငါတို့ကိုမိန့်တယ်။

''ဒကာတို့''

''ဘုရား''

''ဘုန်းကြီး ဖြစ်စဉ်အားလုံးကို မြင်ခဲ့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



ငါတို့သုံးဦး အံ့ဩသွားခဲ့ကြတယ်ကွာ။ ငါတို့အဖြစ်ကို ငါတို့ပဲသိတယ် ထင်နေတာ။ အရှင်သူမြတ်ကြီး မြင်တယ်တဲ့။

''ပြီးတာတွေပြီးခဲ့ပါပြီ။ လိမ်လိမ်မာမာနေကြ။ လည်ပင်းပေါ်က ပုတီးက ဘယ်သူပေးတာတုန်းကွဲ့''

''တပည့်တော်ရဲ့အသိ ဘကြီးတစ်ဦး ပေးတာပါဘုရား''

''ဘကြီးနာမည် ဘယ်လိုခေါ်တုန်း''

''ဘကြီး ဦးကံစုန်လို့ ခေါ်ပါတယ် ဘုရား''

''ဩော် ... ဒကာကြီးကံစုန် ပေးတာကိုး။ အင်း အင်း ... ဒကာ တိုက်တဲ့ဆေးကရော''

''အဘကံစုန် ပေးခဲ့တာပါ ဘုရား''

''အင်း ... ဒကာကံစုန်၊ ဒကာကံစုန်။ သူကတော့ ဆေးစွမ်းတဲ့ပုဂ္ဂိုလ်ပဲ။ လူ့အသက်ကယ်တဲ့လူပဲ။ စေတနာကောင်း သီလကောင်းတဲ့လူပဲ။ ဒါကြောင့် မင်းတို့ အန္တရာယ်ဆိုးတွေက လွဲခဲ့ရတာ ...''

''မှန်ပါ့ဘုရား''

''ဒကာမလေး''

''ဘုရား ...''

''စွန့်လိုက်ပြီလား''

''စွန့်ပါပြီ ဘုရား''

''ဒကာမလေးဝမ်းထဲမှာရှိတဲ့ ... ပညာဆိုး စက်တွေ ဒကာကံစုန် ကြောင့် ကင်းစင်သွားပြီ''

''ဝမ်းသာရပါတယ်ဘုရား။ တပည့်တော်မ အမှန်တကယ် အလိုမရှိတဲ့ အရာတွေပါဘုရား''

''သာဓု သာဓု သာဓု ကိုင်း ... လိုရာခရီးကို ဆက်ကြပေရော့။ (၉၆)ဖြာ အနာရောဂါတို့ ကင်းဝေးပြီး ဘာသာ၊ သာသနာအကျိုး လူ့အကျိုး ဆောင်နိုင် သူများ ဖြစ်ပါစေ ...''





ငါတို့ ဆရာတော်အရှင်သူမြတ်ကို ဦးချကန်တော့ပြီး စေတီပေါ်က ဆင်းခဲ့ကြတယ်။ လမ်းခရီးမှာ ဘာအနှောင့်အယှက်မှ မတွေ့ရဘူး။

''အစ်ကို''

''ဘာလဲ ညီမ ဘာတွေ့လို့တုန်း''

''ဟိုလေ ... ဆရာတော်ကြီးက အကုန်သိနေသလိုပဲနော်''

''ဟုတ်တယ် ... ထူးတယ်''

''အဘစုန်ကိုလဲ သိပုံရတယ်''

''အစ်ကိုတို့ မသိတာတွေရှိမှာပေါ့ညီမရယ်။ ဘာပဲဖြစ်ဖြစ် ညီမလေး ရတနာသုံးပါး ယုံကြည်ကိုးကွယ်နိုင်သူ ဖြစ်သွားတာ အစ်ကိုဝမ်းသာလို့မဆုံး ဘူး''

''အစ်ကို့ ကျေးဇူးကြောင့်ပေါ့''

''အဘစုန်ရဲ့ ကျေးဇူးက ပိုများတယ် ညီမရဲ့''

''ဟုတ်တယ်နော်။ အဘစုန်ကလည်း အတော်ထူးတယ်။ အမေကလေ အဘစုန်အိမ် ကျွန်မသွားတာ မကြိုက်ဘူး အစ်ကိုရဲ့''

''သွားတာပဲလား''

''သူက ကျွန်မကို တူမလေးလို့ခေါ်ချင်လဲခေါ်တာပဲ။ တစ်ခါတစ်ရံကျ တော့ ... သမီးလို့ ခေါ်ချင် ခေါ်တာလေ။ အမေက ... အဘစုန်အိမ်ကိုသွား ရင် ကျွန်မကို ရစရာမရှိအောင် ပြောတာပဲ ...''

''အေးကွယ်။ ညီမတို့အမေလည်း အမြင်မှန်ရပြီး ဘုရားလူဖြစ်သွားရင် ကောင်းမှာပဲနော်''

''ဟူး ... အမေက မလွယ်ဘူး အစ်ကို''

''တစ်နေ့တော့ ပြောင်းလဲလာမှာပေါ့လေ''

www.burmeseclassic.com

www.burmeseclassic.com



# ၂၈

ငါတို့မြို့ပေါ်က မိဘများအိမ်ကို ရောက်ခဲ့ကြတယ်။ တို့မိဘများဟာ အလွန်ချောမောလှပတဲ့ အေးမြရှင်ကိုမြင်တော့ အံ့အားသင့်လို့ကွ။

တိုတိုပြောကြပါစို့ကွာ။

ငါနဲ့မရှင် တရားရုံးမှာ လက်ထပ်လိုက်ကြတယ်။

မရှင်ကို ငါ့မိဘတွေက သမီးလိုချစ်တာကွ။

မရှင်ကလည်း အချက်အပြုတ်တော်တော့ ... ပိုပြီး ချစ်ကြတာပေါ့။ ငါကတော့ လတ်တလော စပါးအဝယ်တော်ပဲပေါ့။ မရှင်က ရွာစုံနယ်အနှံ့သွားရတာ အန္တရာယ်များတယ်။ မြို့ပေါ်မှာပဲ အလုပ်ရှာလုပ်ပါလို့ တိုက်တွန်းရှာတယ်။

သူက ... ပိုသိတာကိုး။

ငါ့လူရေ မရှင်က ဘုရား တရား အရမ်းကြည်ညိုတယ်ဗျား။ အိမ်က ဘုရားစင်ဟာ မနက်တိုင်း ပန်း ရေချမ်း ဆွမ်းနဲ့ပေ့ါ။

ရဟန်း သံဃာတော်တွေလည်း အမြဲဆွမ်းလောင်းတာကွ။





ငါ့မိဘများ ချွေးမရ ကံကောင်းတယ်လို့ အရပ်ထဲက ချီးကျူးကြသကွ။ ငါ့မလဲ ဝမ်းသာလွန်းလို့ ...။

ငါက မရှင်ကို မေးကြည့်တယ်။

''မရှင်''

''ရှင် အစ်ကို''

''စွဲမိရွှေဘဝင်ရွာက အမေ့ကို သတိမရဘူးလား ဟင်''

''အမေပဲအစ်ကိုရယ် ရတော့ ရတာပေါ့။ ဒါပေမယ့်''

''ဒါပေမယ့် ဘာဖြစ်လို့လဲ ... သွားချင်ရင် အစ်ကိုလိုက်ပို့ပေးမယ်လေ''

''အစ်ကိုလဲမသွားနဲ့ ညီမလဲ မသွားဘူး''

''တို့လက်ထပ်ပြီးပြီလေ ... ဆွေပြ မျိုးပြ''

''မလုပ်နဲ့အစ်ကို။ အမေ့စိတ်ကို ကျွန်မအသိဆုံး။ အစ်ကိုနဲ့ကျွန်မက အမေ့ကို လှည့်ဖြားထွက်ပြေးခဲ့ကြတာ။ အမေ့ဆန္ဒကို အစ်ကိုရောကျွန်မရော လိုက်လျောခဲ့တာမဟုတ်ဘူး။ ကျွန်မအနေနဲ့ဆို အမေ့ကို သစ္စာဖောက်ခဲ့တာ။ အမေရဲ့ပညာမျိုးဆက် သမီးအကြီးမ ကျွန်မက သစ္စာဖောက်ခဲ့ရင်၊ မသေမချင်း စီရင်တယ်။ အမေနဲ့ပညာတူတွေလည်း အဲဒီလိုပဲ သစ္စာဖောက်ရင် သွေးသားအရင်းကို အဆုံးစီရင်လေ့ရှိတယ်။ အမေ့ကို ကျွန်မကြောက်တယ်။ အမေက အယူသီးလွန်းတယ်။ သူ့အမှားကို သူမသိဘူး။ အစ်ကို့ကို အမေပိုပြီး နာကျည်းနေမှာလေ။ အစ်ကို့ကို ပိုပြီး အညိုးထားမှာ အမေ့ကြောင့် အဖေလည်းမလှုပ်ရဲဘူး။ ညီမလေး ရွှန်းရွှန်းစိုကို စိုးရိမ်တာပါ အစ်ကိုရယ်။ ကျွန်မ မရှိတော့ ညီမလေးကို အဲဒီပညာတွေ သွင်းလိမ့်မယ်။ သင်လိမ့်မယ်။ ညီမလေးကလည်း ကျွန်မလိုပဲ အဲဒီယုတ်ညံ့တဲ့ပညာတွေကို မလိုချင် မသင်ချင်ဘူး။ အစ်ကိုစဉ်းစားလေ။ စုန်းအတတ်၊ ကဝေအတတ်၊ ရွာသူအတတ် တတ်တဲ့မိန်းမ ... ဘယ်လောက်ချောချော၊ ဘယ်ယောက်ျားကမှ မယူရဲဘူး အစ်ကို။ ဒီလောကက ရုန်းမထွက်နိုင်ရင် ကိုယ်ချစ်တဲ့သူနဲ့မညားပဲ ကိုယ်မချစ်တဲ့ ပညာမျိုးရိုးထဲက ယောက်ျားနဲ့ မိဘပေးစားလို့ ညားချင်ညားကြမှာ။ အခု ကျွန်မသိပြီအစ်ကို ကျွန်မရဲ့ကိုကြောင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အစ်ကို့ကို အားကိုးတယ်၊ ချစ်တယ်။ အစ်ကိုက ကျွန်မရဲ့ အိမ်ဦးနတ်ပဲ။ အစ်ကို့ကို ပညာသည်လက်ချက်နဲ့ အဆုံးမခံနိုင်ဘူး။ အစ်ကိုမရှိရင် ကျွန်မ ဘဝ ရေစုန်မျောပြီ အစ်ကို။ ဒါကြောင့် အစ်ကို အမေ့ကိုမတွေ့နဲ့။ အစ်ကို့ကို စကားကုန်ဖွင့်ပြောရရင် အမေ့ရဲ့ ပညာအဆင့်က လူတစ်ယောက်ရဲ့ အမည်နာမကိုသိတာနဲ့ ဇော်ဂနီအောက်နတ်ဆိုးတွေကို စေခိုင်းပြီး နှိပ်စက်၊ သတ်ဖြတ်လို့ရတယ်။ ဒါကြောင့် သွားလေရာရာ ဘုရား၊ တရား မမေ့နဲ့။ အဘစုန်ရဲ့ သိမ်ဝင်ပုတီးကို ခရီးသွားတိုင်း လည်ပင်းမှာဆွဲထား နော် အစ်ကို''

''အေးပါ ညီမရယ်။ အစ်ကို စွဲမိရွှေဘဝင် ရွာဘက်ကို မသွားပါဘူး။ စိတ်ချ ကတိပေးတယ် ဟုတ်လား''

သူ ... ဝမ်းသာသွားတယ်ကွာ။

ငါ မရှင်ကိုရင်နဲ့ အမျှချစ်တယ် စာရေးဆရာ။

ဟို ... သီချင်းလိုပေါ့ကွာ ...။

တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ချစ်တာ ချစ်တာ မခွာနလို့ ဆိုချင်တယ် ... အဲ အဲ အဲလိုပေါ့ကွာ။ နော ...''

ငါ့လူ စာရေးဆရာရေ။

ကျေးဇူးရှင် ဘကြီးစုန် ငါတို့အိမ် ရောက်ချလာရောပေ့ါ။

အို ဝမ်းသာလိုက်တာ။

''လူကလေး နေကောင်းလား။ သမီးရော''

''ကောင်းပါတယ် အဘ။ ကြွပါရှင်''

ငါတို့ စားကောင်းသောက်ဖွယ်တွေနဲ့ အဘစုန်ကို ဧည့်ခံတာပေါ့။ အဘစုန်က ဘုရားစင်ကိုကြည့်ပြီး သာဓုခေါ်လို့ပေ့ါ။

ငါတို့က အဘစုန်ကို ကန်တော့ကြတာပေါ့။

ဖနီးမောင်နှံဘဝရဲ့ ... ဂါဝရပေါ့။

အဘစုန်က... မရှင်ရဲ့ မျက်နှာလေးကိုကြည့်ပြီး ကြည်နူးနေတာကွာ။ အဖေလုပ်သူက ချစ်သမီးကို ရွှန်းရွှန်းစားစား ကျေကျေနပ်နပ်ကြည့်တဲ့ မေတ္တာအကြည့်၊ သဒ္ဓါအကြည့်ကွ သိလား။





ငါတို့လည်း အဘရဲ့ ကျေးဇူးကြောင့် စွဲမိရွှေဘဝင်ရွာက အထွက် ကြုံရသမျှတွေကို အကုန်ပြောပြတယ်။

''ငါကြားတယ်''

''ဟုတ်လား''

''မင်းတို့ စီးသွားတဲ့တဲ့ဂျစ်ကား ချာချာလည်တာ။ နောက်ပြန်သွားတာ။ ကားမီးလောင်သွားတာရော။ ကတုံးမ နန်းလုံးကြိုင်နဲ့ စကားများတာ။ မရှင်သွေးအန်တာ အဘကြားတယ်။ ငါ့တပည့်တစ်ယောက် လာပြောတာ။ သမီးမရှင် ဘယ်လိုမှမပြောနဲ့ အဲဒါ ညည်းအမေလုပ်တာ''

''အို ...''

''မင်းတို့ထွက်သွားတော့ သူလာပြီး ငါ့ကို ရန်လုပ်ကြိမ်းဝါးတာပေါ့။ သူ အဲ့ဒီလောက် လုပ်မယ်လို့ ငါမထင်ဘူး။ မရှင် သွေးမအန်ခင်မှာ၊ အဘ မဆင့်ကို သွားတားခဲ့၊ မေတ္တာရပ်ခံခဲ့တယ်။ သမီးသိတဲ့ အတိုင်းပဲ ... မဆင့်ရော နန်းလုံးကြိုင်ရော၊ ပေါက်ကွဲနေကြတာ။ ငါ့ကိုပါ ကြိမ်းဝါးခဲ့တယ်ကွယ်။ ငါ့ကို သွေးပွက်ပွက်အန်ပြီး မသေချင်ရင် သူ့သမီးကိုခေါ်လာပေးရမယ်တဲ့။ ငါက သူတို့နှစ်ဦးရဲ့ ချစ်ခြင်းကို မခွဲပါနဲ့။ နင့်ပညာတွေနဲ့ မနှိပ်စက်ပါနဲ့။ ပြန်ရုပ်သိမ်းပါလို့ တားပေ၊ ပြောပေမယ့် မိဆင့်က လက်မခံဘူး။ ဘသိန်းမိုပြီးရင် အောင်ပါစေနဲ့ အေးမြရှင် အလှည့်ပဲ ကြုံးဝါးပြီး ... ငါ့ကို ရိုင်းရိုင်းပျပျပြောပြီး နှင်လွှတ်တယ်ကွယ်။

အဲဒီနေ့မှာ မရှင်သွေးပွက်ပွက်အန်တယ်လို့ ကြားတာပဲ။ ကြားလို့ ငါ လိုက်လာတော့ ဆရာတော် ဦးဝေပုလ္လနဲ့ ငါ ... ကိုးတောင်ပြည့်စေတီမှာ တွေ့ခဲ့ရောကွယ်။

ဆရာတော်ရှင်းပြလို့ ... လူကလေးက အဘပေးခဲ့တဲ့ အာရောဂျသိဒ္ဓိ တန်ပြန်ဆေး တိုက်လို့ သွေးအန်တာပျောက်ပြီး ရတနာသုံးပါး ကိုးကွယ်သူဖြစ်လို့ မြို့ရှိရာ ပြန်သွားကြပြီကြားတော့ အဘစိတ်အေးသွားခဲ့ရတယ်။

အဘစိတ်က စိုးရိမ်တာက ...။

တန်ပြန်ဆေးကိစ္စပဲ။



www.burmeseclassic.com

www.burmeseclassic.com



သွေးအန်အောင်တိုက်တာ မိဆင့်မဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်း ရွာကို အမြန်ပြန်လာခဲ့လိုက်တယ်။

ဒီတန်ပြန်ဆေးက ... အားကြီးတယ် လူလေးရဲ့။

တူသောအကျိုးကို ပြန်ပေးတယ်လေကွယ်။

ဒီဆေးတော်ကြီးက စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ ဆရာတိုက် မှန်ရင် တန်ပြန်တူသောအကျိုးကို ဖြစ်စေလို့ပဲ။ သွေးဆိပ်၊ မြွေဆိပ်၊ အဆိပ်တွေ ကိုလည်း ဒဏ်ကြေတဲ့ဆေးကွယ့်။

ငါအရမ်းစိုးရိမ်သွားပြီး ... မိဆင့်အိမ်ကိုသွားတော့ အိမ်မှာမရှိဘူး။ ရွာစွန်က သင်္ချိုင်းမှာတွေ့တယ်လို့ ရွာထဲက လူအချို့ပြောတာနဲ့ ရွာစွန်သင်္ချိုင်း ကို ငါတိတ်တဆိတ် သွားကြည့်လိုက်တော့ ...။




လတ်လတ်ဆတ်ဆတ်သေလို့ စတိမ်းရှို့မြေမြှုပ်ထားတဲ့ သင်္ချိုင်းမြေပုံ ပေါ်မှာ မိဆင့်နဲ့နန်းလုံးကြိုင် သွေးတွေအန်နေတာ ငါမြင်လိုက်ရပါရောကွာ။

''အို ဒါ ဒါဆို ကျွန်မကို သွေးအန်အောင်လုပ်တာ''

''ဘုရားရေ''

''မိဆင့်တို့ ကိုယ့်သမီး၊ သားမက်အပေါ် ဒီလောက် ရက်စက်လိမ့်မယ် လို့ ထင်မထားခဲ့ဘူး''

ခုတော့ ... တန်ပြန်ဆေးထိပြီး သူတို့နှစ်ဦး သွေးအန်နေတယ်။ မြေပုံ ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး သွေးအန်နေတာ။

''ဝေါ့ ... အော့ ... ဝေါ့''

''ဗွက် ...''

''အော့ ... ဝေါ့ ... အမလေးနော်''

''မိဆင့် ငါ ငါတို့ ထိ ထိပြီ အား ... ဝေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါ မတတ်နိုင်တော့ဘူး မိ မိနန်း ..."

"မယ် ... မယ်တော်ကြီးတွေကို ပင့် ... ပင့်"

"ငါ ... အေ့ ဝေ့ါ ပင့် ... ပင့်တယ် မ မကြွတော့ဘူး"

"ဟင် ..."

"ဒါ ... ဒါ တန်ပြန်ထိတာ ... ပြင်းထန်တယ် ...။ ငါ့ ငါ့သမီးကို ငါ ... ငါ လုပ်လိုက်တာ အခု ငါ ... ငါ ဝေ့ါ"

"ဘုန်း"

"မိ ဆင့် ပူတယ်။ ပူတယ် အား အား ..."

မိဆင့်နဲ့ နန်းလုံးကြိုင် သွေးတဖွက်ဖွက်အန်ပြီး မြေပုံတွေကြားမှာ လူး လွန့်အော်ဟစ်နေတယ်ကွာ။

ငါမကြည့်ရက်တော့ဘူး လူကလေးရေ။

ဒီအတိုင်းဆို သူတို့အကုသိုလ်နဲ့ သူတို့ သေရတော့မယ်။

ငါ ... မိဆင့်ကို သနားတယ်။

မရှင်လေးရဲ့ မျက်နှာနဲ့ အငယ်မရွှန်းရွှန်းစိုရဲ့ မျက်နှာကို ငါပြေးမြင်လိုက် ရော။ သူတို့ရှိရာကို ပြေးသွားပြီး ...။

"မိဆင့် ..."

"ဟင် အင် ဝေ့ါ အား"

"မိဆင့် ငါပါ ကံစုန်ပါ နင် နင်"

"ကံ ... စုန်"

သွေးတွေလူးပေနေတဲ့ မျက်နှာနဲ့ ငါ့ကိုကြည့်နေတယ်။

"နင့် နင့် ... လက်ချက် မဟုတ်လား။ အင့် ဝေ့ါ"

"နင့်ကို ငါကယ်မယ် မိဆင့်"

သူ သူ ယိမ်းထိုးနေတယ်။ ထမီ၊ အင်္ကျီတွေကတော့ သွေးတွေစိုရွှဲနေ ပြီ။ နန်းလုံးကြိုင်ကတော့ လူးလိမ့်ရင်း တဆတ်ဆတ် အသက်ငင်နေပြီ။

"ကို ... စုန်"

"စိတ်ကိုတင်းထား မိဆင့် ငါရှိတယ် ငါရှိတယ်"





"ငါ ငါ မ မနေရတော့ဘူး။ ငါ့ ငါ့သမီးရော သူ ... သူ အသက်ရှိ သေးရဲ့လား"

"မရှင် ... နင့်သမီး ဘာမှမဖြစ်တော့ဘူး"

နင့်သမီး အသက်ရှင်နေတယ်။ စောစောကတော့ သွေးတွေတဖွက်ဖွက် အန်နေတာတဲ့။ ဒါ ဒါ နင် နဲ့ ... နန်းလုံးကြိုင်လက်ချက် မဟုတ်လား ဟင် အမိုက်မ ဟင်"

"ကောင်လေး ... ဟိုကောင်လေးရော"

"ရှိတယ်။ မရှင်နဲ့ အတူရှိနေတယ်"

"ဟုတ်... လား ဟူး မောလိုက်တာ ကိုစုန်ရယ်။ ဒီတစ်ခါ တန်ပြန်ချက် က ငါ့အသက်ကိုနှုတ်တော့မယ် ... ငါ ... မှားပါတယ်။ ငါ ... အရမ်းမှားသွား တယ်။ ငါ ... ငါ ... ငါ့သမီးမရှင်နဲ့ ... ကောင်လေးကို တွေ့ချင်တယ်။ ငါ တောင်းပန်ချင်တယ် ...။ ငါ ... ငါ ... မ ... နေ ရတော့ဘူး ဝေ့ါ"

"မိဆင့် ..."

"ဟူး ..."

"နင် နင် တကယ်နောင်တရတာလား ဟင် ဟင်"

"အင်း အင်း"

"နင် ... သူတို့ကို တကယ်တောင်းပန်ချင်လား။ အဟုတ်လား"

"အင်း အင်း"

"ငါ ... ငါ နင့်ကို ကယ်မယ် မိဆင့်"

သူငါ့ကို အံ့သြတဲ့မျက်လုံး ရီဝေအစုံနဲ့ ငေးကြည့်ရင်း ရှေ့ကို ထိုးလဲကျ သွားတယ်။

"မိဆင့်"

ငါရှေ့ကိုခုန်ဝင်ပြီး သူ့ကိုထိုးပွေ့လိုက်တယ်။ ငါ့ရဲ့ခေါ်သံဟာ ... သချိုင်းကုန်းမှာပဲ ပဲ့တင်နေတယ်။ ကျီးကန်းအုပ်ရဲ့ လန့်ပျံသံတွေ၊ သချိုင်းခွေး တွေရဲ့ အူသံတွေကို ခြောက်ခြားဖွယ် ကြားနေရတယ်ကွာ ...။

စာရေးဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com



အဘစုန်ရဲ့ ရင်နင့်သံကြီးနဲ့ ပြောပြသံဟာ ရပ်သွားတယ်။ ငါ့ဇနီးမရှင်ရဲ့ ရှိုက်သံက အိမ်ထဲမှာ လွှမ်းလို့။

''အဘစုန်''

''မရှင် ... သမီး''

''ရှင် ...''

''အမေ့ကို ချစ်နိုင်သေးရဲ့လား သမီး''

''အင့် ဟီး''

''သမီး အမေ့ကို ချစ်နိုင်သေးရဲ့လား''

''ချစ် ... ချစ်ပါတယ်။ အဘရယ် ဟီး''

မရှင် ရှိုက်ရှိုက်ပြီး ငိုနေတယ်။

''သမီး အမေကို ခွင့်လွှတ်နိုင်ရဲ့လား သမီး ဟင်လို့''

''ဟုတ် ဟုတ် ဟီး''

''သူ့ကို တွေ့ချင်လား သမီး''

''အ ... မေ ... သေ သေသွားပြီ မဟုတ်လား အဘ''

မရှင် ... အဘစုန်ကို မျက်ရည်စို့ရွှဲနဲ့ ကြည့်ပြီး ... ရှိုက်ရှိုက်ငင်ငင် မေးလိုက်တယ်။

''သမီး''

''ရှင် ရှင်''

''သမီးအမေမသေဘူး အသက်ရှင်လျှက်ရှိတယ်''

''ရှင်''

''ဗျာ''




မရှင်ရော ငါရော ယောက္ခမ အမေကြီးကို အရမ်းတွေ့ချင်နေပြီကွာ။ ငါတို့ ဂျစ်ကားတစ်စီးငှားပြီး ... စွဲမိရွှေဘဝင်ရွာ ရှိရာကို အပြင်းလာခဲ့ကြတယ်။

ဒရိုင်ဘာ ... ဦးခင်မောင်မြင့်ကြီးပဲပေါ့။

ကားရှေ့ခန်းမှာ အဘစုန်။

ကားနောက်ခန်းမှာ ငါနဲ့ မရှင်။

''ဦးမြင့် မြန်မြန်မောင်းပါ ဦးမြင့်ရဲ့''

''တူမရဲ့ ဒီနေရာကို ပြန်သွားရတာ ငါအရမ်းကြောက်တယ်ဟ''

''မကြောက်ပါနဲ့ ကားဆရာ''

မရှင်က သူ့အမေကို အရမ်းတွေ့ချင်နေတယ်ကွ။

ဒီရွာ ဒီအရပ်ကို မသွားနဲ့လို့ပြောတာ သူပဲ။

သူ့အမေနဲ့ မျက်နှာချင်းမဆိုင်နဲ့ အစ်ကို သေလိမ့်မယ်လို့ ပြောတာလဲ မရှင်ပဲကွ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေက ဇော်ဂနီကြီး စုန်းကြီး။

အမည်နာမကိုသိတာနဲ့ ဇော်ဂနီ နတ်စိမ်းနဲ့ မင်းညီနောင် နတ်ကိုပါ စေခိုင်းနိုင်စက် သတ်ဖြတ်လို့ရတယ်။ မတွေ့နဲ့လို့ပြောတာ ငါ့ဖနီး မအေးမြရှင်ပဲ။

အခု သူ့အမေကို သူအလွန်တွေ့ချင်နေပြီ။

ဆန္ဒတွေ စောနေပြီ။

ငါကိုယ်ချင်းစာပါတယ်။ စာရေးဆရာ။

အမေလေကွာ။ မွေးသမိခင် ကျေးဇူးရှင် အမေလေ။

စုန်းမဖြစ်ချင် ဖြစ်မယ်။

ပြည့်တန်ဆာ ဖြစ်ချင်ဖြစ်မယ်။

သူခိုးမကြီး ဖြစ်ချင်ဖြစ်မယ်။

အနူမကြီးလဲ ဖြစ်ချင်ဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် အမေက အမေပဲ။ အနန္တဂိုဏ်းဝင်ပဲ။ မကောင်းတာ၊ ကောင်းတာ သူ့ဘဝ။ အခု သူ့အမေက နောင်တရနေတဲ့ အမေလေ။

တွေ့ချင်ရှာမှာပေါ့။

သို့သော် ...။

သူ့အမေ အိပ်ယာထဲမှာ သေငယ်ဇောနဲ့မျောနေသလား။

ဒါမှမဟုတ် ဆွံ့အ,ရုပ်ပျက်သွားပြီလား။

ဒါကို အဘစုန်က ဖွင့်မပြောဘူး။

မရှင်နဲ့ငါ့မျက်နှာကိုမြင်တာနဲ့ ကျားရိုင်းမကြီးလို ပေါက်ကွဲလာမှာလား။ တွေ့ရတာ စိုးရွံ့မှုတော့ရှိရဲ့။ အဘစုန်ပါ ပါလာတော့ ကြောက်ချင်စိတ်လျော့သလိုဖြစ်သွားတယ်။

ဒီလိုနဲ့ငါတို့ ကိုးတောင်ပြည့် ဓာတ်ပေါင်းစုစေတီရှေ့မှာ ကားရပ်လို့ ရောက်ခဲ့ကြတယ်။

''အဘ''

''ဘာလဲသမီး ဆင်းလေ''

''အမေက အိမ်မှာ မဟုတ်ဘူးလား ဟင်''





''သမီး အမေကို တွေ့ချင်တာမဟုတ်လား''

''တွေ့ချင် ...''

''ကဲ အားလုံး ဆင်းကြပေ့''

ငါတို့အားလုံးကားပေါ်ကဆင်းပြီးစေတီအုတ်လှေကားအတိုင်းတက်ခဲ့ကြတယ်။ ဦးစွာတွေ့ရတာက ... မရှင်ကို သရဏဂုဏ်တည်ပေးတဲ့ ဆရာတော်ဘုရား။

''ဒကာစုန် ရောက်လာပလား''

''ရောက်ပါပြီ ဘုရား''

''အားလုံး ပါလာကြတာကိုး''

ငါတို့အားလုံး ကျေးဇူးရှင် ဆရာတော်ကို ကန်တော့ကြတယ်။

''အဘ ... အမေက''

''နေပါဦး တွေ့ရမှာပေါ့''

''ဒကာမလေးက အမေ့ကို တွေ့ချင်ပြီလား''

''မှန်ပါ့ဘုရား။ တွေ့ချင်ပါပြီ ဘုရား''

''ကိုင်း ... လိုက်ခဲ့ကြ''

ငါတို့အားလုံး ဆရာတော်ရှေ့ဆောင်ရာ နောက်ကလိုက်ခဲ့ကြတယ်။

ဘုရားစေတီ တစ်ပတ်ပြည့်ကာနီး စနေထောင့်ကိုရောက်တော့ ဆရာတော်က ရပ်လိုက်တယ်။

စနေထောင့် ရုပ်ပွားတော်တစ်ဆူရှေ့မှာ ယောဂီဝတ်အမျိုးသမီးတစ်ဦး ထိုင်ပြီး ပုတီးစိပ်နေတယ်။

ယောဂီ အမျိုးသမီးက ကတုံးကြီးနဲ့။

ဆရာတော်က မလှမ်းမကမ်းကနေ ပြောလိုက်တယ်။

''ယောဂီကြီး ခဏနားလိုက်ပါဦး''

ယောဂီကြီးက စိပ်လက်စ ပုတီးကိုရပ်ပြီး အသက်မှန်မှန်ရှူနေတယ်။

''ယောဂီကြီး ဘုန်းကြီးတို့ဘက်လှည့်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ယောဂီဝတ်အမျိုးသမီးကြီးက ပုတီးကိုလက်မှာစွပ်၊ လက်အုပ်ချီရင်း အသာဖြေညင်း လှည့်လိုက်တယ်။

''ဟင်''

''အ . . . မေ''

''အမေ . . . အမေ''

မရှင် အမေလို့ခေါ်ရင်း ယောဂီကြီးရှေ့ကို အလိုလိုရောက်သွားတယ်ကွာ။ ငါ့လူရေ . . . ယောဂီကြီးက မရှင်ရဲ့အမေပဲဟေ့။

''အမေ''

ဆို့နင့်စွာခေါ်လိုက်တဲ့ အသံ။

ငါလဲ . . . ယောဂီကြီးရှေ့မှာ ရိုသေစွာလက်အုပ်ချီပြီး ထိုင်လိုက်ရဲ့။

''မရှင်လား''

'သမီးပါအမေ သမီးလို့ခေါ်လေ''

''သံယောဇဉ်တွေဖြတ်ဖို့ကြိုးစားနေပါပြီလေ။ စောင့်နေတာပါ။ ယောဂီကြီး စောင့်နေတာပါ။ ဒီလိုကောင်းမွန်တဲ့ဘဝကိုရောက်ဖို့ ကူညီသွန်သင်ဖေးမကြတဲ့ ဆရာတော်ဘုရားနှင့်တကွ ကိုစုန်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။ မိစ္ဆာဒိဋ္ဌိ အညစ်အကြေးတွေကို ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့ ယောဂီကြီး သုတ်သင်ခဝါချနေပါပြီ။ မရှင်နဲ့မောင်အောင်ပါစေတို့ကို ယောဂီကြီးတောင်းပန်ပါတယ်။ ယောဂီကြီး တစ်ချိန်က အယူမှားပြီး မာန်မာနတွေ ခေါင်ခိုက်ခဲ့တယ်။ ခန္တီတရား လုံးဝမရှိခဲ့ဘူး။ တစ်ချိန်က အစွန်းတစ်ဖက်ရောက် မှားယွင်းရိုင်းစိုင်း ရက်စက်မှုတွေရဲ့ ခါးသီးမှု တန်ပြန်ဆိုးမွေတွေလည်း ခံစားရရှိပြီး၊ ကိုယ်ချင်းစာနာနိုင်ခဲ့ပါပြီ။ ဝမ်းသာရဆုံးက . . . မိမိရော၊ သားသမီးတွေရော၊ မိသားစုတွေပါ . . . ရတနာသုံးပါး ယုံကြည်ကိုးကွယ်သူအဖြစ် ဘဝအသစ်ရရှိခဲ့ကြတာ ကျေနပ်ဝမ်းသာလို့ မဆုံးပါဘူး။ အခုမှ . . . ယောဂီကြီးဘဝက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ လျှော့ပါးပြီး စိတ်ချမ်းသာလာခဲ့ရတယ်။ မရှင် . . .''

''ရှင် ရှင် အမေ''

''မောင်အောင်ပါစေ''





''ခင်ဗျာ ဒေါ် ဒေါ်''

''ငါ့ကို ခွင့်လွှတ်ပေးနိုင်ကြရဲ့လား''

''ခွင့်လွှတ်ပြီးသားပါ အမေ . . . အမေ့ကို မမုန်းနိုင်ပါဘူး အမေရဲ့ ဟီး''

''မရှင် . . .''

''ရှင် . . .''

''ရတနာသုံးပါး မမေ့နဲ့''

''ဟုတ် ဟုတ်ကဲ့''

''ဘုန်းကြီးကျောင်းမှာ ဥပုသ်ယူ''

''ဟုတ် ဟုတ် . . .''

''သားယောက်ျားလေးများမွေးရင် ရှင်ပြုပေး ရှင်သာမဏေပြုပေး . . . မင်းက ရဟန်းခံပေါ့''

''ဟုတ် ဟုတ်ပါခင်ဗျ''

''တစ်မူးရလာရင် တစ်ပဲလှူ''

''ဟုတ် . . .''

''ကောင်းမှုကုသိုလ်ပြုပြီးတိုင်း အမျှဝေပါ . . . သူတစ်ပါးအမျှဝေတာကို သာဓုခေါ်ပါ . . .''

''ဟုတ်ကဲ့ပါ အမေ . . .''

''သားသမီးကို ရတနာသုံးပါး အမွေပေး မိစ္ဆာဒိဋ္ဌိ အမွေမပေးနဲ့။ မိဘဆိုတာ သားသမီးကို ကောင်းကောင်းမွေးမြူပေးတတ်မှ မိဘခေါ်တယ်။ ငါမှားသလိုမမှားနဲ့။ နောင်ကိုလဲ ငါ့ဆီကို ခဏ ခဏ မလာနဲ့ . . .''

'' . . . . . .''

''ကိုစုန်''

အမေဒေါ်ဆင့်က အဘစုန်ကို အသံပေးလိုက်တယ်။

''မရှင် ဘာပြောချင်လို့လဲ ဟင်''

မရှင်ရဲ့အမေ ယောဂီကြီး ဒေါ်ဆင့်က အဘစုန်ကို ရီဝေတဲ့မျက်လုံးနဲ့ ကြည့်ရင်းက . . .။



www.burmeseclassic.com

www.burmeseclassic.com



''ကိုစုန် ... မရှင်တို့ကို စောင့်ရှောက်ပါ။ မိရွှန်းတို့သားအဖကိုလည်း စောင့်ရှောက်ပါ။ အားကိုးယုံကြည်စွာအပ်ခဲ့ပါတယ် ... နော်''

ယောဂီကြီးအသံဟာ တုန်ခါလာတယ်ကွ။

အဘစုန်ဆိုလဲ ... မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်လို့။

''က ... ကတိ ပေးပါ ... ကိုစုန်''

''ကျုပ် ကျုပ် ကတိပေးပါတယ် မဆင့် အားလုံးကို စောင့်ရှောက်ပါ့မယ်။ မဆင့်သာ တရားဓမ္မကို ကောင်းစွာဆောက်တည်ပြီး ဝိမုတ္တိလမ်းကို ရှေးရှုပါ ...။ ကျုပ် ကျုပ်လည်း တစ် ... တစ်နေ့ ဒီလမ်းကို ရောက်ဦးမှာပါ မဆင့်''

အဘစုန်ရဲ့ လည်ချောင်းထဲက စကားလုံးတွေကို ညှစ်ထုတ်ရင်း ဆို့နင့်နေတယ်ကွာ။

''အားလုံးကို ကျေးဇူးတင်ပါတယ်။ ကောင်းမွန်စွာပဲ ပြန်ကြပါ ... တော့ ...''

မရှင်အမေယောဂီကြီးက အဘစုန်အပါအဝင် ငါတို့အားလုံးမျက်နှာတွေကို မျက်ရည်စွန်းစ လွမ်းရည်ဝေ့ဝေ့ မျက်လုံးနဲ့လိုက်ကြည့်ပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှိရာဘက်ကို အသာလှည့်လိုက်တယ်။ သည့်နောက် မျက်လွှာချပြီး ပုတီးကို လက်နှစ်ဖက်နဲ့ စိပ်နေလိုက်တော့တယ်။

မရှင်ရဲ့ ... တိုးကြိတ်ရှိုက်သံက စီးမှန်ဝါးမှန် ပေါ်လို့။

တို့များ ယောဂီအမေကြီးကို လက်အုပ်ချီကန်တော့ပြီး အပါးကနေ တရွေ့ရွေ့ ထွက်လာခဲ့လိုက်ကြတယ်။



၃၁

အဘစုန်က ငါ့ကိုဖြေးဖြေးချင်း ပြောခဲ့တယ် စာရေးဆရာ။

''မဆင့်က သမီးနဲ့ သမက်ကို နာကျည်းလို့ ပညာသည် ဒေါ်နန်းလုံးကြိုင်ကို နိုင်းခဲ့တာ။ စီရင်အမိန့်ပေးနေတာက သချိုင်းကုန်းအစိမ်းသေ မြေပုံပေါ်ကနေပေါ့။

သူက ပရသားတွေကို နိုင်းနိုင်သူကြီးကိုး။

ဒါကြောင့်မရှင် သွေးအန်ခဲ့တာ။ မင်းကတော့ ငါပေးလိုက်တဲ့ သိမ်ဝင်ပုတီးအရှိန်ကြောင့် ပြုစားလို့ မရခဲ့တာ။

အကယ်၍သာမရှင်လည်း လည်ပင်းမှာဆွဲထားတဲ့ ကိုးသိမ်ဝင်ပုတီးကို မဖြုတ်ခဲ့ရင်၊ သွေးအန်စရာ မဖြစ်ဘူး။

ငါကလည်း မဆင့်အဲဒီလောက်ကြီး နာကျည်းပြီး ... ကိုယ့်သားသမီးကို အဆုံးစီရင်ဖို့လုပ်မယ် မထင်ခဲ့ဘူး။

မရှင်ကို မင်းတိုက်ခဲ့တဲ့ မဟာသိဒ္ဓိတန်ပြန်ဆေးက အရမ်းစွမ်းတယ်။ ဒီဆေးကိုတိုက်ရင် ပယောဂမှန်က ဒဏ်ပြန်တယ်။ ဒီဒဏ်ကို သူရော၊ ဒေါ်နန်းလုံးကြိုင်ရော ပြန်ထိသွားတာ။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းလုံးကြိုင်ကတော့ သူ့ပညာနဲ့ ပြန်အဖတ်ဆယ် ပြန်မကုနိုင်လို့ ပညာကျိုးပြီး ဒုက္ခိတဖြစ်သွားခဲ့ရတယ်။

မဆင့်လည်း အလူးအလဲခံနေရတာ မြင်ရတော့ ငါစိတ်မကောင်း ဖြစ်ခဲ့ရတယ်။

ဒီတော့မှ ... သူတို့လက်ချက်မှန်း အတိအကျသိရတာပေါ့။

မရှင်ရဲ့ မျက်နှာရှိသေးတယ်လေ ...။

မရှင်ကို ငါသံယောဇဉ်ဖြစ်ခဲ့သလို မဆင့်ရဲ့မရှုမလှဖြစ်နေတဲ့ အဖြစ်ကိုလည်း ငါမကြည့်ရက်ခဲ့ဘူး။

မဆင့် ... သေရမှာ ကြောက်နေပြီ ...။

ငါ့ကိုတွေ့လိုက်ရတော့ ... သူ့မျက်လုံးမှာ ... ကြောက်ရွံ့ခြင်းတွေနဲ့ နောင်တကို မြင်လိုက်ရတယ်။

သူတောင်းဆိုခဲ့တာပေါ့။

သူ့သမီးကို တောင်းပန်ချင်သတဲ့။

သူသေရတော့မယ် ခံစားချက်ဝေဒနာကို သိနေပြီ။ သူ့သမီးမရှင်မသေဘူးလို့ ပြောပြလိုက်တော့ ... သူမျက်ရည်တွေကျပြီး သတိလစ်သွားခဲ့တယ်။

ဒါကြောင့် ... မိဆင့်ကို သူ့အိမ်ထမ်းခေါ်ခဲ့ပြီး ငါအိမ်ကိုပြန်လို့ ... ဒဏ်ပယ်အင်းကို ယူပြီး ငါရေစိမ်တိုက်ခဲ့လိုက်တယ်။

သူ့အိမ်သားတွေလဲ ထိတ်လန့်နေကြတာပေါ့။

ငါ့အကြောင်းကို သူတို့သိကြတာကိုး။

ဘာပဲဖြစ်ဖြစ် နောင်တရ၊ အမှားသိလာတဲ့သူကို ကယ်တင်ရမှာ ငါတို့ပညာတော်ကြီးရဲ့ သစ္စာပဲလေ။

ပြီး ... မိဆင့်ကို ငါမမုန်းရက်ဘူး၊ လူကလေး။

မိဆင့် ... ဒဏ်တွေပြေပြီး နေကောင်းလာတော့ ငါကမေးတယ်။

''မိဆင့် ... နင့်သမီးကို မုန်းနိုင်သေးလား''

''......''

''ပြောလေ''

''မ မုန်းပါဘူး ကံစုန်''





''နင့်သမီးက ဗုဒ္ဓသမီးဖြစ်သွားပြီ။ နင်ရော ဘယ်သူ့တပည့် သားသမီးဖြစ်ချင်သေးတုန်း မိဆင့်''

''ကံစုန် ငါ့ကို ကယ်ပေးတာ၊ ကျေးဇူးတင် တင်ပါတယ်။ငါ့ ငါ့သမီးနဲ့ သားမက်ကို တွေ့ချင်တယ် ကံစုန်''

''နင်က ဘုရားလူမဟုတ်ဘူး။ ဇော်ဂနီကြီးလေ...။ နင့်သမီးက နင့်ကို ယုံမှာတဲ့လား။ တစ်သက်လုံး နင်ပုံသွင်းလာတဲ့ သမီးက နင့်လို အိန္ဒတလိန္ဒ စုန်းကြီးကို တွေ့ရဲမတဲ့လား...။ အကြောက်တရားနဲ့ နေလာခဲ့ရတဲ့ သမီး။ အခု ဘုရားရှင်ရဲ့ တပည့်သားသမီး ဖြစ်သွားပြီ။ နင်နဲ့ ဘဝချင်းမတူတော့ဘူး။ ဒီတစ်ခါ မရှင်နဲ့ အောင်ပါစေကို ထိပါးခဲ့ရင် နင့်ကို ငါမကယ်တော့ဘူး''

''ကံ ... စုန်''

''ဘာလဲ မိဆင့်''

''ငါ ငါ ... ငါ့သမီးကို ချစ်တယ်''

''ငါကရော မရှင်ကို မချစ်လို့လား မချစ်လို့လား''

ငါ ... ကြုံးအော်ပြောလိုက်လို့ သူမျက်နှာပျက်သွားခဲ့တယ်။ သူ့ယောကျ်ားလည်း ခေါင်းကြီးငုံ့လို့ ဘာမှ ဝင်မပြောရဲဘူး။

''တော်ပါတော့ ကံစုန်ရယ်။ ဒီအကြောင်းတွေ ထပ်မပြောပါနဲ့။ ငါ ငါ တောင်းပန်ပါတယ်။ ငါ ငါ ငါ့ရဲ့ မကောင်းတဲ့ အယူဝါဒတွေကို စွန့် ... စွန့်ပါတော့မယ် ကံစုန် ... ဟီး''

မောင်အောင်ပါစေရေ ...။

မိဆင့် ... မျက်ရည်ကျပြီး ငိုတယ်။

အိန္ဒတလိန္ဒစုန်းမကြီးရဲ့ အလွမ်းကွာ။

ဇော်ဂနီမိန်းမရဲ့ ရှိုက်သံပါကွ ...။

သူ့ပါးစပ်က ဒီလိုပြောလိုက်တော့ ငါအရမ်းဝမ်းသာသွားတယ်။

''မိ မိဆင့်။ နင်တကယ်ပြောတာလား ဟင် ဟင်''

''အင်း ... အင့် ဟီး''

''ဝမ်းသာလိုက်တာ မိဆင့်ရယ်။ နင့်စကားတွေများ မရှင်ကြားရင် ထခုန်ဝမ်းသာလိုက်မယ့် ဖြစ်ချင်းဟာ မပူနဲ့ မိဆင့်။ နင့်ကို ဘုရားလူဖြစ်အောင် လုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မယ်။ နင်ကြားဖူးမှာပေါ့။ အဖသတ်သား အဇာတသတ်မင်းသားက ဘုရားရှင်ရှေ့မှောက်မှာ သူ့အမှားကြောင့် ခမည်းတော် နတ်ရွာစံရတာပါ ဘုရား။ တပည့်တော်မှားပါပြီ ဘုရားလို့ သူ့အမှားကို ဝန်ခံတော့၊ မြတ်စွာဘုရားရှင်က မိန့်တော်မူတယ်။ အဇာတသတ်မင်းတဲ့ . . . 'အမှားကို အမှားလို့ သိတာကိုက မမှားသေးဘူး'' ပဲတဲ့။ ကြည့်စမ်း အဓိပ္ပာယ်ရှိလိုက်တဲ့စကားကွယ်။ ဒီအချိန်ကစပြီး . . . အဇာတသတ်မင်းကြီးသည် ဘုရားအစစ်၊တရား အစစ်၊ သံဃာအစစ်ကိုတွေ့ရှိယုံကြည် ကိုးကွယ်ပြီး၊ သရဏဂုံတည်ခဲ့တယ်။ မြတ်စွာဘုရားရှင်ကို ရိုသေစွာလုပ်ကျွေးပူဇော်တယ်။ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတွေကို ပြုခဲ့တယ်။ ဘုရားရှင်ရဲ့တရားတော်များပြန့်ပွားစည်ပင်အောင် လုပ်ခဲ့တယ်။ ရတနာသုံးပါးကို ယုံကြည်ပူဇော် ရိုကျိုးခြင်းကြောင့် အဖသတ်ခဲ့သော အဇာတသတ်မင်းသည် မဟာအဝီစိငရဲကို ကျဆင်းရမယ့်အစား လောဟကုမ္ဘီငရဲမှာ အနှစ်(၆၀းသောင်း) မျှသာ ငရဲခံစားရပြီး၊ နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားပွင့်တဲ့အခါ ဘုရားငယ် ပစ္စေကဗုဒ္ဓအဖြစ် အကျိုးရရှိခံစားရမယ်လို့ ဗျာဒိတ်တော်ရှိတယ်။ ညည်းလည်း အမှားကိုအမှားလို့သိတာ၊ မမှားသေးတာပဲ မဆင့်။ အချိန်တွေရှိသေးတယ်။ ရတနာမြတ်သုံးပါးအရိပ်မှာ ခိုလှုံပါ။ မြတ်သော မိခင်ကောင်းဘဝကို ခံယူပါ ငါ့နှမ . . .''

ငါ့စကားဆုံးတော့ သူရှိုက်ကြီးတငင် ငိုခဲ့တယ်။

ဒီမျက်ရည်က အပါယ်တံခါးပိတ်ဖို့ နောက်ဆုံးသွန်းလောင်းခဲ့တဲ့ လက်ကျန်မျက်ရည်ပဲ . . . ။

ငါ . . . မဆင့်ကိုရော၊ သူ့ခင်ပွန်းနဲ့ သမီးငယ် ရွှန်းရွှန်းစိုတို့ကိုပါ . . . သောကြာကြယ်ရွာကို လှည်းယာဉ်နဲ့ခေါ်သွားလိုက်တယ်။

သောကြာကြယ်ရွာမှာ လူကလေးသိတဲ့အတိုင်း ဝိဇ္ဇာမိုရ်အောင်မင်းခေါင် တည်ခဲ့တဲ့ ကိုးတောင်ပြည့်ဓာတ်ပေါင်းစု စေတီရှိတယ်။

''အဲဒီက ဘုန်းကြီးကျောင်းမှာ ဆရာတော်ရှင်ဝေပုလ္လဆိုတဲ့ ရဟန်းကြီးရှိတယ်။ သူ့ထံခေါ်သွားတာ''





''အဘစုန်''

''ဘာလဲ လူကလေး''

''ဆရာတော် အရှင်ဝေပုလ္လကလည်း အံ့သြစရာကောင်းတဲ့ ရဟန်းကြီးပဲအဘ။ အဘကို သူသိတယ်တဲ့။ အဘနဲ့ရင်းနှီးတယ်လား''

''ရင်းနှီးတယ်''

''ဆွေမျိုးလား''

''အစ်ကို ဘုန်းကြီးပဲ''

''ဪ . . . ဒါကြောင့်ကိုး''

''အစ်ကိုဘုန်းကြီးက ဘိုးတော်အောင်မင်းခေါင်ကြီး တပည့်ရင်းပဲ . . . မဆင့်တို့မိသားစုကို အစ်ကိုဘုန်းကြီးထံအပ်နှံပြီး . . . ကဝေစက်တွေ၊ စုန်းစက်တွေကို ထုတ်ပယ်စေပြီး သရဏဂုဏ်တည်စေခဲ့တယ်။ ဒီမှာမင်းယောက္ခမ မယ်ဆင့်က ချက်ချင်းဆုံးဖြတ်ချက်ချတယ်။ ယောဂီဝတ်ဘဝနဲ့ အပြစ်တွေကို ခဝါချပြီး . . . ဘာဝနာအလုပ်နဲ့ ဘဝအဆုံးသတ်ပါရစေတဲ့ ကွာ . . .''

အဘစုန်က အဆုံးသတ်စကားကို ရင်နင့်သံနဲ့ ပြောတာကွာ။

သူ့ရင်ထဲမှာ တစ်ခုခု ခံစားနေရသလိုပဲကွ။

ငါ . . . သိချင်တာ မေးရင် သင့်ပါ့မလားလို့ စဉ်းစားတယ်။ သို့သော် သိချင်စိတ်က မထိန်းနိုင်ဘူးကွ။

''အဘ''

''ကျွန်တော်သိချင်တာလေး မေးခွင့်ပြုပါလား ဟင်''

''လူကလေးက ဘာသိချင်လို့တုန်း''

''အမေဆင့်က မရှင်ကို စောင့်ရှောက်ပေးပါလို့ အဘကိုအပ်ခဲ့တယ်နော်''

''ဟုတ်တယ်''

''ဒီတုန်းက အမေဆင့်မျက်လုံးထဲမှာ အဘစုန်ရဲ့မျက်လုံးမှာပါ။ လွမ်းရိပ်ဝေသီနေတာ ကျွန်တော်သတိပြုမိတယ်''

''အင်း . . . အင်း''

''အဘစုန်နဲ့ မရှင်အမေနဲ့က အရမ်းရင်းနှီးကြတာလား ဟင်''

အဘစုန်က ငါ့ကိုစိုက်ကြည့်နေတာကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါလန့်သွားတယ်။ မေးတာလွန်သွားပြီနဲ့ တူရဲ့ ...။

''အဘ တောင်းပန်ပါတယ်နော် နော်''

''ဟူး အေးလေ ပြောသင့်သလောက်တော့ ပြောပြရမှာပေါ့။ သူနဲ့ငါက လူငယ်ဘဝကတည်းက ခင်မင်ရင်းနှီးကြသူတွေပေါ့ ... ပြောရရင်တော့ ငယ်ရည်းစားပေါ့လေ။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြပုံက မင်းနဲ့မရှင်လိုပဲပေါ့''

'' ...... ''

''သို့သော် ... မဆင့်တို့က ပညာသည်မျိုးရိုး။ မင်းကိုခေါ် ပြောသလိုပဲ ငါ့ကိုလဲသူတို့ စုန်းကဝေ ပညာဂိုဏ်းထဲဝင်မှ မဆင့်နဲ့ပေးစားမယ်တဲ့။ မဆင့်ကို ငါစည်းရုံးလို့မရဘူး။ မဆင့်က သူ့အမေကို မင်းမိန်းမ မရှင်ကြောက်ရွံ့သလိုပေါ့ ကြောက်ရတယ်။ အပျိုဘဝကတည်းက မဆင့်က စုန်းမလေးပဲ။ နောက်ဆုံးတော့ အယူဝါဒမတူတာနဲ့ ချစ်လျက်နဲ့ပဲ လမ်းခွဲခဲ့ရတယ်။ မဆင့်က သူ့ကိုမချစ်လို့သာ အမေ့အလို မလိုက်တာဆိုပြီး အထင်လွဲခဲ့တယ်။ မဆင့်က ပိုက်ဆံရှိတဲ့သူကို ....... နဲ့ အိမ်ထောင်ကျပြီး၊ သူ့အမေရဲ့ပညာအမွေကို ထိန်းသိမ်းပြန့်ပွားအောင် လုပ်ရတဲ့ သမီးကြီး ဖြစ်သွားတာပေါ့။ မဆင့်စုန်းပညာ အမွေခံတော့၊ ငါလည်း သူကအမေကို ရွံရှာစိတ်နာလို့ ... ဝိဇ္ဇာလိုင်းကို လိုက်စားရင်း၊ ပယောဂနိုင်တဲ့ ပညာတွေကို ရရှိခဲ့တယ်။ ဒါကို အထင်လွဲတယ်။ သူ့ကို လက်မထပ်ရလို့ ငါက အထက်လိုင်းပညာ ဝိဇ္ဇာမယ မဟိဒ္ဓိတွေ ပညာတွေကိုသင်ယူပြီး၊ ကလဲ့စားချေဖို့လုပ်တာလို့စွပ်စွဲအထင်လွဲခဲ့တယ်။ မူလ ရည်ရွယ်ချက်ကတော့၊ သူ့အမေကို မကျေနပ်လို့လိုက်စားတာ။ ခု... အနေအထားက ဒုက္ခရောက်တဲ့လူကို ကူညီဖို့ဆိုတဲ့ ယုံကြည်ချက် ဖြစ်သွားခဲ့တယ်။ ဒါပေမယ့် ငါတတ်တဲ့ပညာတွေကို ထုတ်မသုံးဖြစ်ခဲ့ပါဘူး လူကလေးရယ်။ ငါက သိုသိုသိပ်သိပ်ပဲ နေခဲ့တာပါ။ မဆင့်ကတော့ သူတို့မိသားစုကို ရှင်းပစ်ဖို့ သင်တာလို့ စွပ်စွဲပြီး ... ရန်သူလို ဆက်ဆံခဲ့တာပေါ့။

သူ့သမီးမရှင် အရွယ်ရောက်လာတော့ ... သူငယ်ချင်းမိန်းမဖော်တွေနဲ့ကစားရင်း၊ ငါ့အိမ်ကို ဝင်လာပါရောဟေ့။





ငါကလေးတွေချစ်တတ်တော့၊ ငါ့ခြံထဲကထွက်တဲ့ မာလကာသီး၊ ငှက်ပျောသီးမှည့်၊ ဇွေးချိုသီးတွေကို ပေးကျွေးတာကိုး ခင်ကြတာပေါ့။ မရှင်ချောပုံက သူ့အမေရဲ့ချောပုံနဲ့ ထပ်တူပဲ။

မရှင်ဟာ သူ့အမေနဲ့ တစ်ထေရာထဲပဲ။

မရှင်လေးကို မြင်ရတိုင်း ငါ့ရင်လှိုင်းထခဲ့ရတယ်။

မရှင်ကလည်း ငါ့ကိုခင်လိုက်တာနယ်၊ ဘဘကြီးတဲ့ ဘ,တဲ့။ အဖေကြီးတဲ့ အဲဒီလိုခေါ်လိုက်တိုင်း ငါ့ရင်ထဲမှာ ပီတိတွေ လှိုင်းထ,ခဲ့ရတယ်။

မရှင်ကလေးမလာရင် သူ့ကိုမျှော်နေမိတယ်။

မရှင် နောင်တော့ အလာကျဲသွားတယ်ကွယ်။

သူ့အမေ မဆင့်ဟာ ငါ့အိမ်ကိုလုံးဝမသွားရဘူး၊ စကားမပြောရဘူး၊ မခေါ်ရဘူး၊ ကျွေးရင်မစားရဘူး ဆိုတာကိုး။

ဒီလိုနဲ့ မရှင်ကလေးအပျို ဖြစ်လာခဲ့တယ်။

လှလိုက်တာ။ မအေတူ သမီးလေး ...။

ထူးခြားတာက သူလေးက မိဆင့်ထက်စိတ်ထား ပိုလှတယ်။

သူ့အမေ ဘယ်လိုပြောပြော ဆူဆူ၊ ငါ့အိမ်ကိုလာတာပဲ။ ငါကျွေးတာစားတာပဲ။

နောင်တော့ မိဆင့်က ငါ့ကိုလာပြီး ကြိမ်းဝါးပါရော။

သူ့သမီးကို မစည်းရုံးပါနဲ့တဲ့။

သူ့သမီးနဲ့ ကင်းကင်းရှင်းရှင်းနေပါတဲ့။

ဒီထက်ကဲလာရင် သူ့အဆိုးမဆိုနဲ့တဲ့ကွာ။ ငါမရှင်လေးကို ပြောရတာပေါ့။ သမီးအပျိုဖြစ်နေပြီ။ ဘဘအိမ်ကို မလာနဲ့တော့လို့ အမေက မလာစေနဲ့ ပြောလို့ ဟုတ်လားတဲ့။

သူငိုရှာတယ်။ ချော့ရတာပေါ့။

သမီးမငိုနဲ့ ဘဘ သမီးကို ချစ်ပါတယ်လို့ ...။

နောက်ပိုင်းအဖြစ်အပျက်တွေကတော့ လူကလေးပါ မရှင်နဲ့အတူပါဝင်သရုပ်ဆောင်ရင်း၊ ကြမ်းတမ်းတဲ့ဘဝတွေကို ဖြတ်ခဲ့ရတာပေါ့။

အဘ ဝမ်းသာတယ် လူလေး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ မရှင်လေးရော သူ့အမေ၊ မဆင့်ရော၊ ဗုဒ္ဓဘုရားရှင်ရဲ့ အေးမြရိပ်မှာ ခိုလှုံကြပြီး ရတနာသုံးပါးဆည်းကပ် ကိုးကွယ်ယုံကြည်ကြတာကို ကူညီခွင့်ရတော့ အဘဝမ်းသာတယ်။ ကျေနပ်တယ်။ သူတို့ဘဝ စိန်တွေ၊ မြတွေ စီတန်းရံခြယ်ထားလို့ တန်ဖိုးမြင့် တောက်ပလင်းလက်ခဲ့ပြီလေကွယ်။ အဘသေမယ်ဆိုရင် သေပျော်ပါပြီ လူလေး''

အဘစုန်က … ငါမသိသေးတဲ့ သူ့ရဲ့ငယ်ဘဝ အချစ်ဇာတ်လမ်းကို ရင်နင့်နင့်နဲ့ ပြောပြခဲ့တယ်။

ဩော် … အဘကံစုန်နဲ့ ဒေါ်ခင်ထားဆင့်တို့ဟာ ငယ်ချစ်တွေပါလား။

ဒါကြောင့် ယောဂီရှင်ယောက္ခမကြီးရဲ့ အဘစုန်ပေါ်ကြည့်တဲ့ အကြည့်တွေမှာ လွမ်းရိပ်လွမ်းခိုးတွေ ဝေနေတာပါလားလို့ …။

''အဘစုန်''

''လူလေး''

''အဘစုန်ကို ကျွန်တော်ကိုယ့်အဖေလို၊ အဘိုးလို၊ ဦးကြီး ဘကြီးလို ချစ်တယ်''

''ဘစုန်လဲ မင်းကို သားမြေးလို ချစ်တာပေါ့''

''နောက်ဆုံးတစ်ခုပဲ မေးခွင့်ပြုပါ အဘစုန်''

''ဖြေလို့ရမယ့် မေးခွန်းပဲမေးပါ သားရယ်''

''ဟိုလေ … မ ရှင် … မရှင်''

''မရှင် ဘာဖြစ်လို့တုန်း''

''ဟို လေ မရှင်က အဘစုန်ရဲ့ သမီးအရင်းလား ဟင်''

အဘစုန် ငါ့မေးခွန်းကြောင့် ငါ့ကိုအံ့အားသင့်ကြီးနဲ့ စိုက်ကြည့်နေပါရောကွာ။ ငါ့များ ထ,ရိုက်လေမလား …။

ငါ့ကိုကြည့်နေရင်းမှာပဲ သူ့မျက်လုံးအစုံဟာ ရီဝေလေးငွဲဖြစ်လာတယ်။ သူ့နှုတ်ခမ်းတွေ တုန်ခါနေတာ မြင်ရတယ်။ သူ့မျက်လုံးစွန်းမှာ မျက်ရည်ဥလေးတွေ စို့စုလာနေတာ မြင်ရတယ်။

အဘစုန်ရဲ့ မျက်လုံးအစုံဟာ မျက်ရည်ကြည်တွေနဲ့ ဝေဝါးနေရဲ့။ သူမဖြေပဲ အဝေးတစ်နေရာကို ငေးကြည့်နေတယ်။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com



သူ့ငယ်ချစ် … မဆင့်ထံကိုပဲလား။

ကြေကွဲခြင်းတွေနဲ့ အချစ်ကိုစွန့်ခွာခဲ့ရတဲ့ … အလွမ်းနာရီတွေ ရှိရာကိုလား …။

အပြင်မှာ ဇော်ရွက်ဝါတွေ လေနဲ့လွင့်လို့ …။

ဝါးကိုင်းဖျားပေါ်မှာ ချိုးငှက်တစ်ကောင် လေးလေးနွဲ့နွဲ့ ဖွဲ့ဖွဲ့ သီသီကူနေတယ်။

အဖော်မဲ့ ချိုးတစ်ကောင်ရဲ့ ရင်ဖွင့်လင်္ကာလေလား။

စာရေးဆရာ။

အချစ်ဆိုတဲ့ ရာသီဟာ ဘယ်အရွယ်မှာ ကုန်ဆုံးဆွေးမြေ့လေ့ရှိလဲကွာ။ ဟင် …။

အခု … ငါ့အပါးမှာ …။

ဇော်ဝါကြွေရွက်တွေ မြေသို့ သက်နေပါပြီ။

ငါချစ်ခဲ့ရတဲ့ စွယ်တော်တစ်ရွက်လည်း …။

တစ်ဝက် ကြွေခဲ့ပြီပေါ့။

ငါလေးစားခဲ့ရတဲ့အဘကံစုန်လည်း သခၤါရပင်လယ်ထဲ စီးမျောသွားခဲ့ပြီ။

ချစ်ရတဲ့ သမီးရဲ့ နုညက်ပါးပြင်ကို အနမ်းတစ်ပွင့် နောက်ဆုံးစိုက်ပျိုးခွင့်မရရှာပဲ … ငါတို့ရဲ့ ယောဂီမယ်တော်ကြီးကို အနိစ္စတရားက ပွေ့ခေါ်သွားခဲ့ပြီ။ ဒါပေမယ့် ချစ်ခြင်းကို ငါဉပက္ခာမပြုပါဘူး။ စာရေးဆရာ။

အိုမင်းရင့်ရော်နေတဲ့ ငါ့နှလုံးသားထဲမှာ အေးမြရှင်ဆိုတဲ့ အချစ်ငြိမ်းချမ်းစွာ အိပ်ပျော်နေတယ်။

ကျုပ် အလွမ်းကို အထုပ်ဖြေပြတာပါ စာရေးဆရာ။

မရိုက်ရက်ပါဘူးလေ။

ကျုပ်ချစ်သူလေး လန့်နိုးမှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com




နိဂုံးချုပ်။

ဆရာခါး(ခေါ်)ဦးအောင်ပါစေ ရင်သရုပ်ခွဲပြတဲ့ . . . မေတ္တာဇာတ်လမ်းတစ်ပုဒ်ကတော့ ရွှေဘောင်မကွပ်သော်လည်း ငွေရောင်ဖြင့် နုထွတ်စိမ်းလန်းနေတုန်းပါ။ ကျွန်တော့်အမြင်တော့ အချစ်ကို စိန်မြရံခြယ်ထားတုန်းပါ။

ဆံဖြူ၊ သွားကြွေ၊ ပါးရေ နားရေ တွန့်နေသည့်တိုင် သူ့ငယ်ချစ်အကြောင်းကို ပြန်ပြောင်းဖွင့်လှစ် ဆေးသားသစ်ရရင် . . . သူ့ရင်ဘတ်ထဲမှာ ရွက်ညွန့်စိမ်းစို အချစ်တွေ နုပျိုတုန်းပါပဲလားလေ။



မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com